# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဥ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်းကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။ ပကိဏ္ဏကဝဂ်(ဓမ္မပဒ-၂၉၆)


၁၃၈၃ ခုနှစ်၊ နယုန်လကွယ်နေ့ | ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၈ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၀)၊ အမှတ် (၂၇၈)


## မြို့အဝင်/ အထွက် စစ်ဆေးရေးဂိတ်များတွင် ခရီးသွားပြည်သူများနှင့် ယာဉ်မောင်းများအား ကိုဗစ်-၁၉ ရောဂါ စစ်ဆေးဆောင်ရွက်လျက်ရှိ

သရက် ဇူလိုင် ၇

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးနှင့် ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေး မြို့နယ်အဆင့်ကော်မတီဝင်များဦးဆောင်၍ မြို့အဝင်/အထွက် စစ်ဆေးရေးဂိတ်များတွင် ခရီးသွားပြည်သူများနှင့် ယာဉ်မောင်းများအား ကြပ်မတ်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


*စာမျက်နှာ ၄ ကော်လံ ၅* ❑




သရက်မြို့ဝင် စစ်ဆေးရေးဂိတ်တွင် ခရီးသွားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ စစ်ဆေးစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များအား One Stop Services စီမံချက်ဖြင့် တရားဝင်မှတ်ပုံတင်ပေးခြင်းများ ယနေ့စတင်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၇

မြန်မာနိုင်ငံအတွင်း တရားမဝင် ရောက်ရှိသုံးစွဲနေသော မော်တော်ဆိုင်ကယ်များအား One Stop Services (OSS) စီမံချက်ဖြင့် တရားဝင်မှတ်ပုံတင်ပေးခြင်းလုပ်ငန်းအား သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အလိုက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ယနေ့စတင်ဆောင်ရွက်ပေးကြောင်း သိရှိရသည်။

ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်ပေးခြင်းဖြင့် တရားမဝင် မော်တော်ဆိုင်ကယ်များ လျော့နည်းပပျောက်စေရန်၊ မော်တော်ဆိုင်ကယ်အသုံးပြု၍ ပြစ်မှုကျူးလွန်မှုများအား ထိရောက်စွာဖော်ထုတ်အရေးယူနိုင်ရန်၊ ပြည်သူအများ သွားလာပို့ဆောင်မှုအဆင်ပြေစေရန်၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းစေရန် ဟူသော ရည်ရွယ်ချက်များဖြင့် မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များအား OSS စီမံချက်ဖြင့် တရားဝင်မှတ်ပုံတင်ပေးခြင်းဖြစ်ပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရုံးစိုက်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ရုံး(၄၉)ရုံး၌ ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့များဖြင့် လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

OSS စီမံချက်ဆိုင်ရာ အခွန်/အခ နှုန်းထားများအပါအဝင် အသေးစိတ်အချက်အလက်များအား သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ကြိုတင်အသိပေး ကြေညာထားမည်ဖြစ်ကြောင်း၊ စီမံချက်ကာလအား


*စာမျက်နှာ ၄ ကော်လံ ၁* ❖



**ယနေ့ ဖတ်စရာ**

လေလှိုင်းပေါ်က အချောင်သမားများ

*ဆောင်းပါး* စာ ၆

ဒယ်လ်တာအသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ်ကို နိုင်ငံနှင့် ဒေသပေါင်း ၁၀၀ ကျော်တွင် တွေ့ရှိ

*နိုင်ငံတကာသတင်း* စာ ၁၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏သတင်းထုတ်ပြန်ချက် ကရင်ပြည်နယ် မြို့နယ် ၇ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲပေးခဲ့မှု အခြေအနေများကို စစ်ဆေး

*သတင်းထုတ်ပြန်ချက်* စာ ၁၅

# ပုံဖျက်လှည့်စားထားသည့် အကြမ်းဖက်မှုလုပ်ရပ်များ

အမျိုးသားညီညွတ်ရေးအစိုးရ(NUG) အမည်ခံ အကြမ်းဖက်အဖွဲ့ကို ကိုယ်စားပြုသည့် ဦးဇော်ဝေစိုးနှင့် ပြင်သစ်အစိုးရပိုင် ရုပ်မြင်သံကြားသတင်းဌာန France 24 တို့ ဇူလိုင် ၁ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းခန်းက မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် အကြမ်းဖက်လုပ်ရပ်များအတွက် ဆင်ခြေပေးဖုံးကွယ်မှုသက်သက်မျှသာဖြစ်သည်။ "အကူအညီမဲ့နေသည့် မြန်မာပြည်သူများ" "မိမိကိုယ်ကို ခုခံသည့်နည်းလမ်း" စသည့် စကားလုံးအသုံးအနှုန်းများကို အပေါ်ယံမှ ဖုံးကာ လက်နက်ကိုင်ဆောင် မထားသည့် အပြစ်မဲ့ပြည်သူများ၊ ကျောင်းဆရာ ဆရာမများ၊ အစိုးရဝန်ထမ်းများကို လုပ်ကြံသတ်ဖြတ်ခြင်း၊ ရုံးဌာနများ ကျောင်းများအပါအဝင် အရပ်ဘက်နေရာ အဆောက်အအုံများကို မိုင်းထောင်၊ ဖောက်ခွဲ၊ မီးရှို့ခြင်းတို့အပါအဝင် မည်သည့်နိုင်ငံ၊ မည်သည့်လူ့အဖွဲ့အစည်းကမျှ လက်မခံသည့် အကြမ်းဖက်မှုများကို ကမ္ဘာက မရိပ်စားမိအောင် ပုံဖျက်လှည့်စားလိုက်ခြင်းလည်း ဖြစ်သည်။

"အကူအညီမဲ့နေသည့် မြန်မာပြည်သူများ" ဟု ဦးဇော်ဝေစိုးက ရည်ညွှန်းသုံးစွဲခဲ့သူများမှာ အကြမ်းဖက်အဖွဲ့များအဖြစ် ကြေညာခံထားရသည့် NUG, PDF နှင့် ယင်းအဖွဲ့အစည်းများကို ထောက်ခံသူ အစွန်းရောက်သမားများသာ ဖြစ်သည်။ ဖေ့စ်ဘုတ်ပေါ်တွင် တွေ့မြင်နေရသည့် အချက်အလက်များအရ ၎င်းတို့မှာ ပြည်ပမှငွေကြေးအကူအညီ၊ လက်နက်အကူအညီနှင့် ဖြစ်နိုင်လျှင် စစ်ရေးအရ ဝင်ရောက်ကျူးကျော်တိုက်ခိုက်ပေးရန်ကိုပါ မျှော်လင့်နေကြသူများ ဖြစ်ကြသည်။ "မိမိကိုယ်ကို ခုခံသည့်နည်းလမ်း" ဆိုသည်မှာလည်း CDM မလုပ်သည့် ကျန်းမာရေးဝန်ထမ်း၊ ပညာရေးဝန်ထမ်း၊ ဆရာဆရာမများ၊ ရပ်/ ကျေး အုပ်ချုပ်ရေးမှူးများ၊ သတင်းပေးဒလန်စသည်ဖြင့် စွပ်စွဲခံရသူများနှင့် ယုတ်စွအဆုံး လျှပ်စစ်ဝန်ထမ်းများကိုပါ လုပ်ကြံသတ်ဖြတ်မှု၊ အပြင်းအထန်ထိခိုက်စေမှု၊ ခြိမ်းခြောက်မှုတို့ကို အကြမ်းဖက်ကျူးလွန်ခဲ့သမျှအပေါ် နိုင်ငံတကာမှ ပြည်သူများ မသိမမြင်ရစေရန် ဖုံးဖိလိုက်ခြင်းဖြစ်ပြီး စာနာသနားမှုကိုပါ လှည့်ဖြားရယူရန် ကြိုးပမ်းလိုက်ခြင်းလည်း ဖြစ်သည်။

ဦးဇော်ဝေစိုးသည် မြန်မာပြည်သူများ အများစုသုံးစွဲနေကြသည့် ဖေ့စ်ဘုတ် လူမှုကွန်ရက်ပေါ်မှတစ်ဆင့် အကြမ်းဖက်တိုက်ခိုက်မှုများ ကျူးလွန်စေရေးအတွက် မကြာခဏဆိုသလို လှုံ့ဆော်လေ့ရှိသည်။ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရေးအတွက် ခြိမ်းခြောက်မှုကိုလည်း မကြာမကြာ ပြုလုပ်လေ့ရှိသူဖြစ်သည်။ မြို့ပြဒေသများတွင် လုပ်ကြံသတ်ဖြတ်မှုများ၊ ဖောက်ခွဲမှု၊ မီးရှို့မှုများနှင့် လက်နက်စွဲကိုင်၍ ပုန်ကန်တိုက်ခိုက်မှုများ စသည်တို့မှာ မည်သည့်နိုင်ငံ၊ မည်သည့်အစိုးရမဆို လက်ခံမည်မဟုတ်ဘဲ ဥပဒေနှင့်အညီ အရေးယူမှု၊ နှိမ်နင်းမှုတို့ ပြုကြမည်သာဖြစ်သည်။ အထူးသဖြင့် အရပ်ဘက်ပစ်မှတ်များကို နိုင်ငံရေးရည်ရွယ်ချက်ဖြင့် အကြမ်းဖက်တိုက်ခိုက်မှု ဟူသမျှမှာ မည်သည့်ပုံစံဖြင့် ကျူးလွန်ပြုလုပ်သည်ဖြစ်စေ အပြစ်မှ ဖုံးကွယ်စရာ၊ ဆင်ခြေပေးစရာမရှိသည်ကို ပြင်သစ်နိုင်ငံကဲ့သို့သော ဒီမိုကရေစီသက်တမ်းရင့် နိုင်ငံကြီးအနေဖြင့် သိရှိနားလည်မည်သာဖြစ်သကဲ့သို့ အကြမ်းဖက်မှုများနှင့် စပ်လျဉ်း၍လည်း မကြာမကြာ ရင်ဆိုင်ခံစားနေရသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် စာနာနားလည်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

# (၇၄)နှစ်မြောက် အာဇာနည်နေ့တွင် အာဇာနည်ဗိမာန်သို့ လာရောက်ကြမည့် အများပြည်သူများလိုက်နာရန်

(၇၄)နှစ်မြောက် အာဇာနည်နေ့တွင် အာဇာနည်ဗိမာန်သို့ လာရောက်ကြမည့် အများပြည်သူများအနေဖြင့် လတ်တလောကူးစက်မှုနှုန်း မြင့်မားနေသည့် Coronavirus Disease COVID–19 ရောဂါပိုး ကူးစက်ခံရခြင်း မရှိစေရေးအတွက် အောက်ဖော်ပြပါအချက်များကို အတိအကျ လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်–

(က) နေအိမ်မှ စတင်ထွက်ခွာချိန်မှစ၍ နေအိမ်သို့ ပြန်မရောက်ခင်ကြား အချိန်တိုင်းတွင် နှာခေါင်းစည်း (Mask) ကို မိမိပါးစပ်နှင့် နှာခေါင်းကို လုံခြုံအောင် စနစ်တကျတပ်ဆင်ထားရန်၊ ဖြစ်နိုင်ပါက မျက်နှာအကာ (Face Shield) တပ်ဆင်ရန်။

( ခ ) လူတစ်ဦးနှင့်တစ်ဦး သတ်မှတ်ထားသည့် အကွာအဝေးအတိုင်း ၆ ပေခြား၍ နေရန်။

( ဂ ) လက်ကို ဆပ်ပြာဖြင့် အနည်းဆုံး စက္ကန့် (၂၀)ကြာအောင် စနစ်တကျဆေးကြောရန် (သို့မဟုတ်) လက်သန့်ဆေးရည် (Hand Gel) ကိုသုံး၍ သန့်စင်ရန်၊ လက်ကိုသန့်စင်ခြင်း မပြုဘဲ မျက်စိ၊ နှာခေါင်း၊ မျက်နှာကို ပွတ်သပ်ခြင်းမပြုလုပ်ရန်။

(ဃ) နှာချေ၊ ချောင်းဆိုးလိုပါက လူအများနှင့်ဝေးရာသို့ အရင်ရှောင်ပြီးမှ လက်ကိုင်ပဝါ၊ တစ်သျှူး အသုံးပြု၍ (သို့မဟုတ်) တံတောင်ဆစ်ကွေး ကာ၍ ပြုလုပ်ရန်။

( င ) မလိုအပ်ဘဲ အချိန်ကြာမြင့်စွာ လှည့်လည်ကြည့်ရှုခြင်း မပြုရန်။

( စ ) COVID–19 ရောဂါ လက္ခဏာများဖြစ်သည့် ဖျားခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ချောင်းဆိုးခြင်း၊ ဝမ်းသွားခြင်း၊ လည်ပင်းနာခြင်း၊ ခေါင်းကိုက်ခြင်း၊ အသက်ရှူကျပ်၍ မောပန်းခြင်း စသည့်လက္ခဏာများရှိပါက (သို့မဟုတ်) အတည်ပြုလူနာတစ်ဦးဦးနှင့် လတ်တလော ထိတွေ့မှုရှိထားပါက အပြင်မထွက်ဘဲ မိမိနေအိမ်တွင်သာ နေထိုင်ရန်နှင့် သက်ဆိုင်ရာမြို့နယ်ကျန်းမာရေးဌာနသို့ သတင်းပို့ရန်။

ကျန်းမာရေးဆပ်ကော်မတီ

(၇၄)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဖြူဖြူဝင်း ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၇

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက် မိုးကြီးနိုင်သည်။ မိုး/ဇလ

# "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဟိုပန်မြို့ဝင်စစ်ဆေးရေးဂိတ် တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

ဟိုပန် ဇူလိုင် ၇

"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့တွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမှ ကာကွယ်ထိန်းချုပ်နိုင်ရန်၊ လူဝင်/လူထွက်ခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြင့် စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် အသစ်ဆောက်လုပ်လျက်ရှိသော မြို့ဝင်စစ်ဆေးရေးဂိတ် တည်ဆောက်နေမှုကို "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ယနေ့နံနက် ၁၁ နာရီက သွားရောက်စစ်ဆေးရာ ခရိုင်လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းအောင်က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီနပ်က လိုအပ်သည်များကို မှာကြားသည်။



ဆက်လက်၍ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဟိုပန်မြို့ဝင် စစ်ဆေးရေးဂိတ်တွင် တာဝန်ကျဌာနဆိုင်ရာများအား ဟိုပန်မြို့သို့ လာရောက်သူများ၏ ခရီးသွားရာဇဝင်ကို သေချာစွာ စစ်ဆေးမေးမြန်းရန်၊ ရောဂါဖြစ်ပွားရာ ဒေသမှ ပြန်လာသူများဖြစ်ပါက Quarantine Centre သို့ စနစ်တကျဆက်သွယ် ပို့ဆောင်သွားရန် မှာကြားခဲ့ကြောင်း သိရှိရသည်။

ခရိုင်(ပြန်/ဆက်)



## အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးထား

တိုင်းပြည်တစ်ပြည် ထူထောင်တာဟာ ဘယ်လောက်ခက်ခဲတယ်၊ အတက်အကျ လောကဓံအမျိုးမျိုးကို တွေ့ရတယ်ဆိုတာ ကမ္ဘာ့ရာဇဝင်သိတဲ့ လူတိုင်းတော့ ဆင်ခြင်နိုင်ကြမှာပဲ။ ဒါကြောင့် အမြင်ကျယ်ကျယ် အမြော်အမြင်ကြီးကြီးနဲ့ စိတ်မပျက်လက်မပျက်ဘဲ ရသမျှအခွင့်အရေးကိုရတုန်း မိမိရရ ယူကြရလိမ့်မယ်။ ဒါမှသာ ကျုပ်တို့မြန်မာပြည်ကြီး ကျုပ်တို့ချစ်ရာရောက်မယ်။ ကျုပ်တို့မြန်မာပြည် ထူထောင်နိုင်မယ်။

**(ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၄ ခုနှစ် နိုဝင်ဘာလအတွင်း တိုင်းပြည်သို့ အသံလွှင့်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ရုံးအမှတ် (၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ညှိနှိုင်းကာဆောင်ရွက်လျက်ရှိ**

အစည်းအဝေးတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက လတ်တလောတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုသည် နေ့စဉ်အရေအတွက် မြင့်တက်လျက်ရှိရာ မျိုးရိုးဗီဇပြောင်းရောဂါပိုးများကြောင့် ရောဂါကူးစက်မှုနှုန်းနှင့် ရောဂါပိုးတွေ့ရှိသည့်ရာခိုင်နှုန်း မြင့်မားနေခြင်းကိုလည်း တွေ့ရှိနေရပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှု၍ ပြည်နယ်/တိုင်းဒေသကြီး ဖြတ်ကျော်ကူးသန်းသွားလာမှုများတွင် ရောဂါစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း၊ သံသယလူနာများ၊ အတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူများအား ဓာတ်ခွဲနမူနာများ ရယူစစ်ဆေးခြင်း၊ အသွားအလာကန့်သတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မိမိအိမ်တွင်သာနေထိုင်ခြင်း အစီအစဉ်တွင်ပါဝင်သည့် မြို့နယ်များအား အချိန်နှင့်တစ်ပြေးညီ တိုးချဲ့သတ်မှတ်ပေးလျက်ရှိခြင်း၊ (Stay at Home) အစီအစဉ်တွင် မပါဝင်သည့် မြို့နယ်များတွင်လည်း တိတိကျကျလိုက်နာရမည့် ရောဂါကာကွယ် ထိန်းချုပ်ရေး စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်၍ နေပြည်တော်ကောင်စီနယ်မြေနှင့် သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီးရှိ စီမံအုပ်ချုပ်ရေးအဖွဲ့အစည်းများဖြင့် ညှိနှိုင်းကာ ဆောင်ရွက်လျက်ရှိပါကြောင်း။

**ကာကွယ်ဆေး ၂ သန်းခန့် ထပ်မံရောက်ရှိမည်**

ကာကွယ်ဆေးထိုးလုပ်ငန်းများကိုလည်း ဆေးရရှိမှုပေါ်မူတည်၍ ဦးတည်အုပ်စုများကို အချိန်နှင့်တစ်ပြေးညီ ထိုးနှံပေးလျက်ရှိရာ ကာကွယ် ဆေး အပြည့်အဝရရှိပြီးသူ ၁ ဒသမ ၇၅ သန်းခန့်ရှိပြီဖြစ်ပါကြောင်း၊ မကြာမီအချိန်ကာလအတွင်း ကာကွယ်ဆေး ၂ သန်းခန့် ထပ်မံရောက်ရှိမည်ဖြစ်ပြီး ယခုနှစ်အတွင်း ကာကွယ်ဆေးများ နောက်ထပ် ထပ်မံရရှိမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့အစည်းများကိုလည်း မိမိတို့အစီအစဉ်ဖြင့် ကာကွယ်ဆေးများ တင်သွင်းရောင်းချထိုးနှံခွင့်ကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်ရေး အတွက် လမ်းဖွင့်ပေးထားပါကြောင်း။

**အခမဲ့ဖြန့်ဝေပေးခြင်းများဆောင်ရွက်**

ပြည်သူများအတွင်း ရောဂါကာကွယ်ရေးအပြုအမူများ ပိုမိုသတိပြုဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ပါးစပ်နှင့် နှာခေါင်းစည်း (Surgical Mask)များ ဖြန့်ဝေခြင်းကို ဇွန်လအတွင်း အရေအတွက် ၁၂ သန်း ဖြန့်ဝေပေးခဲ့ပြီး ဆက်လက်၍ နောက်ထပ်အရေအတွက် ၅ သန်းကို ဖြန့်ဝေပေးရန် စီစဉ်လျက်ရှိပါကြောင်း၊ အဆိုပါ ပါးစပ်နှင့် နှာခေါင်းစည်း (Surgical Mask) များကို မြို့နယ်၊ ရပ်ကွက်၊ကျေးရွာများရှိ လူစည်ကားရာ ဈေး၊ ကားဂိတ် စသည့်နေရာများတွင် အခမဲ့ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရောဂါထိန်းချုပ်ရေး ဆောင်ရွက်ရာတွင် စည်းမျဉ်းစည်းကမ်းများ တင်းတင်းကျပ်ကျပ်ချမှတ်ရသည်နှင့်အတူ တစ်ဖက်တွင်လည်း ပညာရေး၊ လူမှုရေး၊ စီးပွားရေးထိခိုက်မှုများရှိလာနိုင်သည့်အတွက် စနစ်တကျ ချင့်ချိန်၍ ဆောင်ရွက်ပါကြောင်း၊ သို့သော် ရောဂါကူးစက်ဖြစ်ပွားမှုများပြေးလာသည်နှင့်အမျှ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကို တိတိကျကျလိုက်နာစေရေးသည် အလွန်အဓိကကျသည့် အချက်ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**စိစစ်ခွင့်ပြုပေးလျက်ရှိ**

ရောဂါပိုးရှိသူနှင့် ထိတွေ့သူများကို ရှာဖွေဖော်ထုတ်၍ အသွားအလာကန့်သတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ဓာတ်ခွဲစစ်ဆေး၍ ပိုးတွေ့ရှိခြင်းမရှိသူများကို ပြည်သူလူထုအခြေပြု (Facility Quarantine Center) များတွင် နေထိုင်နိုင်ရေးတတ်နိုင်သရွေ့ စီစဉ်ပေးလျက်ရှိပါကြောင်း၊ အဆိုပါ နေရာများတွင် နေရာအခက်အခဲရှိပါက သတ်မှတ်ချက်နှင့် ပြည့်စုံသူများကို မိမိအိမ်တွင်သာ အသွားအလာကန့်သတ်၍ နေထိုင်စေခြင်း (Home quarantine) ကို စိစစ်ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ရောဂါပိုးတွေ့ရှိထားသည့် အတည်ပြုလူနာများကို လူနာ၏ ရောဂါအခြေအနေနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် လိုအပ်ချက်များအပေါ်မူတည်၍ ကုသရေးစင်တာများတွင် ဦးစွာထားရှိ၍ လိုအပ်ပါက ဗဟိုအဆင့်ဆေးရုံကြီးများသို့ လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာများကိုလည်း တိုးချဲ့ဖွင့်လှစ်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာနှင့် သံသယလူနာ (PUI) လက်ခံကုသခြင်းကို မြို့နယ်ပြည်သူ့ဆေးရုံအများစုတွင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**အထူးဦးစားပေးလုပ်ငန်းတစ်ခုအဖြစ်ဆောင်ရွက်**

ကုသရေးလုပ်ငန်းများနှင့်ပတ်သက်၍ အဓိကအရေးပါသည့် အောက်ဆီဂျင်ပြတ်လပ်မှု မရှိစေရေးကိုလည်း အထူးဦးစားပေး လုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရရှိထားသည့် ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ လူသားအရင်းအမြစ်များကိုလည်း စနစ်တကျ စီမံခန့်ခွဲ၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် လူသားအရင်းအမြစ်များ တိုးတက်ရရှိစေရေးကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို စနစ်တကျ ထိထိရောက်ရောက်ဆောင်ရွက်နိုင်မှသာ ဆေးရုံများနှင့် ကုသရေးစင်တာများတွင် လူနာများ ပြည့်လျှံလာခြင်းကို ရှောင်လွှဲနိုင်မည်ဖြစ်ပြီး ရောဂါကြောင့် သေဆုံးမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက နေ့စဉ်များပြားလျက်ရှိသည့် လူနာဦးရေကို လက်ခံကုသပေးနိုင်ရန်အတွက် (Bed Management Committee) ဖွဲ့စည်းဆောင်ရွက်နေမှု၊ လူနာလက်ခံကုသနိုင်မည့် ခုတင်အရေအတွက် တိုးမြှင့်နိုင်မည့်အခြေအနေ၊ လူ့စွမ်းအား အရင်းအမြစ်အခြေအနေများကို တင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် တပ်မတော်ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်က တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ကုသရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ရှေ့ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းများကို ဆွေးနွေးသည်။

အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် (ဝန်ကြီးရုံး) ဦးစိန်ဝင်း၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တပ်မတော်ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပ

**နေပြည်တော်  ဇူလိုင်  ၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၅၂) ၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းနှင့် ညွှန်ကြားရေးမှူးချုပ်များက ရတနာတန်းဝင်ကျွန်းပင်များကို စိုက်ပျိုးကြပြီး(**အပေါ်ပုံ**) ဝန်ထမ်းများက သတ်မှတ်နေရာများတွင် ဝါးပိုးဝါးပင်များကို စိုက်ပျိုးကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ယနေ့သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင်၊ ဝါးပိုးဝါး၊ မန်ကျည်းရှားပင်၊ ငှက်ပျောပင် စုစုပေါင်း ၂၂၀၀ စိုက်ပျိုးခဲ့ကြပြီး ရုံးအမှတ် (၃) နှင့် ရုံးအမှတ် (၅၂) တို့၌ ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ သစ်ပင်စိုက်ပျိုးပွဲတော်များတွင် စိုက်ပျိုးခဲ့သည့် စိန်တလုံးသရက် ၉၀ ရာခိုင်နှုန်း၊ ရတနာတန်းဝင် ကျွန်းပင် ၈၉ ရာခိုင်နှုန်း၊ ပျဉ်းကတိုး ၈၇ ရာခိုင်နှုန်းနှင့် နှစ်ရှည်သီးနှံပင် စုစုပေါင်း ၉၄ ရာခိုင်နှုန်းမှာ အောင်မြင်ဖြစ်ထွန်းခဲ့ကာ လျော့နည်းရာခိုင်နှုန်း နေရာများတွင် စိန်တလုံးသရက်နှင့် ရတနာတန်းဝင်ကျွန်း၊ ပျဉ်းကတိုးနှင့် နှစ်ရှည်သီးနှံပင်များကို အစားထိုး စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သတင်းထုတ်ပြန်ချက်

အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာထားသော အမျိုးသားညီညွတ်ရေးအစိုးရ (NUG)မှ ဆိုသည့် ဇော်ဝေစိုးသည် ပြင်သစ်အစိုးရပိုင် ရုပ်မြင်သံကြားသတင်းဌာန France 24 နှင့် ၁-၇-၂၀၂၁ ရက်တွင် တွေ့ဆုံမေးမြန်းမှုပြုလုပ်ခဲ့ပြီး ဇော်ဝေစိုးက အကူအညီမဲ့နေသည့် မြန်မာပြည်သူများသည် မိမိကိုယ်ကို ခုခံသည့် နည်းလမ်းမှလွဲ၍ အခြားနည်းလမ်းများကို အသုံးမပြုနိုင်တော့ကြောင်း၊ နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် မြန်မာပြည်သူများအား ကူညီရန် ပြောကြားခဲ့ကြောင်း သိရှိရသည်။ ဇော်ဝေစိုး၏ ပြောကြားချက်များသည် အကြမ်းဖက်တိုက်ခိုက်မှုများကို ကျူးလွန်နေသူများအား ခုခံကာကွယ်ပြောဆိုခဲ့ပြီး အားပေးအားမြှောက်ပြုလုပ်နေကြောင်း တွေ့ရှိရသည်။

အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာထားသော NUG သည် ၂၄-၆-၂၀၂၁ ရက်တွင် ပြင်သစ်အောက်လွှတ်တော်အမတ်အချို့နှင့်လည်းကောင်း၊ ၃၀-၆-၂၀၂၁ ရက်တွင် အထက်လွှတ်တော်အမတ်အချို့နှင့်လည်းကောင်း Online မှတစ်ဆင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည့်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သံတမန်လမ်းကြောင်းမှတစ်ဆင့် ပြင်သစ်ဘက်သို့ ကန့်ကွက်မှုများ ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံသည် မည်သည့်အကြောင်းပြချက်၊ မည်သည့်ပုံစံဖြင့်မဆို အကြမ်းဖက်မှုနှင့် အစွန်းရောက်မှုမှန်သမျှကို ကျူးလွန်ခြင်းများအား ရှုတ်ချသည့်ရပ်တည်ချက်ကို အစဉ်ကျင့်သုံးလျက်ရှိပြီး အကြမ်းဖက်မှုများကို လက်ခံလိမ့်မည်မဟုတ်ကြောင်းနှင့် ဥပဒေနှင့်အညီ ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုသည်။

ထို့ကြောင့် ယခုကဲ့သို့ ဇော်ဝေစိုးက ပြင်သစ်အစိုးရပိုင်မီဒီယာမှတစ်ဆင့် တွေ့ဆုံမေးမြန်းသည့် အစီအစဉ်ကိုအသုံးပြု၍ ပြည်တွင်း၌ဖြစ်ပေါ်နေသည့် အကြမ်းဖက်မှုများကို အားပေးအားမြှောက်ပြုလုပ်နေမှုနှင့် မဟုတ်မမှန်ပြောဆိုနေမှုများကိုလည်း မြန်မာနိုင်ငံက ကန့်ကွက်ပါကြောင်း အသိပေးဖော်ပြအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**နေပြည်တော်**

**၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၇ ရက်**

# နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (A.D) လိုင်စင်ရဘဏ်များ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့နှင့် အစည်းအဝေးကျင်းပ

**နေပြည်တော်  ဇူလိုင်  ၇**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်နှင့် ဒေါ်သန်းသန်းဆွေတို့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (A.D) လိုင်စင်ရဘဏ်များ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ညီနောင်အသင်းများမှ တာဝန်ရှိသူများနှင့် ဗီဒီယိုကွန်ဖရင့်ဖြင့် အစည်းအဝေးကျင်းပသည်။ (ယာပုံ)






**ဆွေးနွေးညှိနှိုင်းခဲ့**

အစည်းအဝေးတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာကိစ္စ၊ နိုင်ငံခြားငွေလိုအပ်ချက်အား ဖြည့်တင်းပေးနိုင်ရန် Auction ခေါ်ယူ၍ A.D ဘဏ်များသို့ ရောင်းချပေးခဲ့သည့်ကိစ္စ၊ နိုင်ငံခြား ငွေရောင်းဝယ်ခြင်း၊ လွှဲပြောင်းခြင်းဆိုင်ရာကိစ္စ၊ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းဆိုင်ရာကိစ္စ၊ ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရေးဆောင်ရွက်ချက်များနှင့် နိုင်ငံခြားငွေများ မလိုအပ်ဘဲ ဝယ်ယူစုဆောင်းခြင်းမပြုရေး၊ နိုင်ငံခြားငွေလဲလှယ်နှုန်း မတန်တဆ မြင့်မားလာခြင်းသည် အခြေခံစားကုန်များ ဈေးတက်လာနိုင်မည်ဖြစ်သည့်အတွက် ဝိုင်းဝန်းထိန်းသိမ်းရေး၊ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးအကျပ်အတည်း ကြုံတွေ့နေချိန်တွင် နိုင်ငံခြားငွေလဲလှယ်နှုန်း မတည်မငြိမ်ဖြစ်ပေါ်နေမှုကို ထိန်းသိမ်း၍ စည်းကမ်းနှင့်အညီ ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

OSS ရုံးအလိုက် စတင်လက်ခံဆောင်ရွက်ပေးသည့်ရက်မှ ရုံးဖွင့်ရက်ပေါင်း(၃၀) သတ်မှတ်ထားကြောင်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော COVID-19 ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ Standard Operating Procedures များနှင့်အညီ စနစ်တကျ စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ပြည်သူများအနေဖြင့် တရားမဝင် မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များ လက်ဝယ်ရှိပါက သတ်မှတ်ကာလအတွင်း တရားဝင်မှတ်ပုံတင်ခြင်းကို မပျက်မကွက် ဆောင်ရွက်ကြပါရန်၊ နောင်တွင် တရားမဝင် မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များကို ဝယ်ယူအသုံးပြုခြင်း မပြုကြပါရန်နှင့် တရားဝင် အခွန်ပေးဆောင်ပြီး တင်သွင်းရောင်းချသော မော်တော်ဆိုင်ကယ်များကိုသာ ဝယ်ယူ၍ တရားဝင်မှတ်ပုံတင်ပြီးမှ စီးနင်းအသုံးပြုကြပါရန် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

အဆိုပါ စစ်ဆေးရေးဂိတ်များတွင် ခရီးသွားပြည်သူများအား ကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်း၊ လက်ချောင်းထိပ်တွင် Pulse Oximeters ဖြင့် သွေးတွင်းအောက်ဆီဂျင် (SpO2) တိုင်းတာခြင်း၊ ခရီးစတင်သည့်ဒေသနှင့် သွားရောက်မည့်ဒေသများကို မှတ်တမ်းရယူခြင်းတို့အပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ အသိပညာပေးခြင်း၊ မော်တော်ဆိုင်ကယ်ဖြင့်ခရီးသွားသည့် ပြည်သူများအား ဆိုင်ကယ်ဦးထုပ်ဆောင်းရန်၊ နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်ပြီး သွားလာကြရန် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**

## တရားဥပဒေစိုးမိုးရေး

“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက” ဆိုသည့်အတိုင်း စာသင်ကျောင်းမှ အမျိုးသားစည်းကမ်းများကို ဆောင်ရွက်ပေးနိုင်ရန်နှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစည်းကမ်းများကို လိုက်နာရန်လိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာသင်ကြားရေးကိုသာ အလေးထားစေလိုကြောင်း၊ သူ့နေရာနှင့်သူသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးအတွက် အဓိကအားဖြင့် ပြည်သူများအနေဖြင့် ဥပဒေကိုနားလည်ရန် အရေးကြီးကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တက္ကသိုလ်၊ ကောလိပ်များတွင် ဥပဒေပညာရပ်များ သင်ကြားရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ဥပဒေအားလေးစားလိုက်နာခြင်းမရှိပါက တရားဥပဒေစိုးမိုးရေး မဖြစ်နိုင်သကဲ့သို့ လွတ်လပ်ပြီးတရားမျှတသည့် သန့်ရှင်းသည့် ဒီမိုကရေစီစနစ် မဖြစ်နိုင်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၄-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## ဒုတိယဝန်ကြီး ဦးမျိုးလှိုင် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၁ နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲများ ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၇

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၂၁ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၁ နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်းများ၌ ယနေ့ ဆက်လက်ကျင်းပသည်။**

ဘောလုံးပြိုင်ပွဲများသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ညွှန်ကြားရေးမှူးများနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ယာပုံ)**

**အသီးသီး အနိုင်ရရှိ**

ယနေ့ ဆီမီးဖိုင်နယ် ပွဲစဉ်များအဖြစ် နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ မွန်းလွဲ ၃ နာရီတွင် ကရင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ





ကရင်ပြည်နယ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

**လာရောက်ကြည့်ရှုနိုင်**

ဇူလိုင် ၈ ရက်တွင် ပြိုင်ပွဲများ ရပ်နားပြီး ဇူလိုင် ၉ ရက်၌ တတိယလုပွဲအဖြစ် နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ မကွေးတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ မွန်းလွဲ ၃ နာရီတွင် ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ပြီး ပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှုများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV Channel၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့် ပြသသွားမည်ဖြစ်ပြီး ဘောလုံး အားကစားနည်းကို စိတ်ပါဝင်စားသော မိဘပြည်သူများအနေဖြင့် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်းအတွင်းသို့ အခမဲ့ လာရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အရှေ့ဖျား အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ ဘူမိသိပ္ပံဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (၇၆) ကြိမ်မြောက် ဦးဆောင်ကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၇

အရှေ့ဖျားအာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ ဘူမိသိပ္ပံဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ (Coordinating Committee for Geoscience Programmes in East and Southeast Asia–CCOP)၏ (၇၆) ကြိမ်မြောက် ဦးဆောင်ကော်မတီ အစည်းအဝေး (The 76th CCOP Steering Committee Meeting) ကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ (CCOP) ရုံးချုပ်မှ Virtual Meeting ဖြင့် ကျင်းပရာ CCOP အဖွဲ့ဝင် မြန်မာနိုင်ငံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း




ရေးဝန်ကြီးဌာန ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သက်တင်ညွှန့် ပါဝင်တက်ရောက် ဆွေးနွေးသည်။ **(အပေါ်ပုံ)**

**ပါဝင်တက်ရောက်ဆွေးနွေး**

CCOP သည် ဘူမိသိပ္ပံဆိုင်ရာနယ်ပယ်တွင် အကြံပေးအဖွဲ့ဝင်နိုင်ငံများနှင့် အဖွဲ့ဝင်နိုင်ငံများအတွင်း ဓာတ်သတ္တုကဏ္ဍ၊ ဘူမိဘေးအန္တရာယ် လျှော့ချရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် မြေအောက်ရေကဏ္ဍတို့ကိုစဉ်ဆက်မပြတ် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် ပါဝင်တက်ရောက် ဆွေးနွေးခြင်းအားဖြင့် သုတေသနလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ စသော ဘူမိသိပ္ပံဆိုင်ရာများကို သိရှိနိုင်ခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများဖြင့် အကျိုးကျေးဇူးများရရှိနိုင်ပြီး ယခုကျင်းပသည့် အစည်းအဝေးတွင် အစီအစဉ်ခုနစ်ခုပါဝင်၍ နိုင်ငံတကာမှ ဘူမိသိပ္ပံဆိုင်ရာ ကျွမ်းကျင်ပညာရှင် (CCOP Technical Secretariat) ကိုယ်စားလှယ် စုစုပေါင်း ၆၆ ဦး ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေ

**နေပြည်တော် ဇူလိုင် ၇**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# လေလှိုင်းပေါ်က အချောင်သမားများ

**ဘမောင်တိုး**

**မြန်မာနိုင်ငံအတွင်း လက်ရှိအခြေအနေမှာ နိုင်ငံရေးကိုအကြောင်းပြုပြီး အသိအမြင်နည်းပါးမှု၊ အမှောင့်ပယောဂပူးကပ်မှု၊ အတွေးမှား၊ အမြင်မှားမှု၊ သွေးထိုးလှုံ့ဆော်ပေးမှု၊ ထောက်ပံ့မြှောက်ပင့်ပေးမှုတွေကြောင့် တည်ဆဲအစိုးရကို ဆန့်ကျင်ပုန်ကန်သူတွေ ပေါ်ပေါက်လာပါတယ်။ ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့ဝင်တွေ၊ မတူကွဲပြားတဲ့သူတွေကို ဒလန်လို့ သတ်မှတ်ပြီး ညှဉ်းဆဲသတ်ဖြတ်ကြပါတယ်။ မြို့ပေါ်တွေမှာ ဗုံးထောင်ဖောက်ခွဲမှုတွေ ပြုလုပ်ပြီး ကျေးလက်ဒေသအချို့မှာ လက်နက်ကိုင်သောင်းကျန်းမှုတွေပြုလုပ်ကြပါတယ်။**

> ❑ **အွန်လိုင်းပေါ်မှာ အစည်းအဝေးလုပ်တော့ NLD ကိုယ်စားလှယ်တွေ တစ်ထောင်ကျော်ရှိတဲ့အနက် ဘယ်သူတွေဟာ ဘယ်အဖွဲ့အစည်းမှာ ပါဝင်လှုပ်ရှားနေကြတယ်ဆိုတာကို လွယ်လွယ်ကူကူ ရှာဖွေတွေ့ရှိနိုင်ပါတယ်။ အကြမ်းဖက်လုပ်ငန်းတွေမှာ ထဲထဲဝင်ဝင်လုပ်နေတဲ့သူတွေ၊ အားပေးနေတဲ့သူတွေ၊ အွန်လိုင်းပေါ်က CRPH ကလူတွေ၊ NUG က လူတွေကို ကွဲကွဲပြားပြား သိလာရပါတယ်။ အချို့ NLD တွေက ထောက်ခံတာလဲမပြ၊ ကန့်ကွက်တာလဲမလုပ်တဲ့ ကိုယ်ပျောက် NLD တွေလဲ တွေ့ရပါတယ်။ အားလုံးလူစုံတဲ့အခါမှာ NLD ပါတီက လူတွေဟာ ဘယ်လမ်းစဉ်ကို ရွေးရှုသွားနေတာကို သိနိုင်မှာဖြစ်ပြီး NLD ပါတီကို ဘယ်လိုအဖွဲ့အစည်းအဖြစ်သတ်မှတ်နိုင်တယ်ဆိုတာ ပေါ်လွင်ထင်ရှားလာမှာဖြစ်ပါတယ်။ လက်ရှိမှာ နွေဦးတော်လှန်ရေးလို့ ကြွေးကြော်ထားတဲ့ NLD, CRPH, NUG ဟာ လေလှိုင်းပေါ်က အစိုးရ၊ လေလှိုင်းပေါ်က လွှတ်တော်၊ လေလှိုင်းပေါ်က တော်လှန်ရေးသာ ဖြစ်နေပြီး လက်တွေ့မဆန်တဲ့၊ မြေပြင်အခြေအနေနဲ့ ကွာဟနေတဲ့ စိတ်ကူးယဉ်သမားတွေလို့ ဆိုလိုရမှာဖြစ်ပါတယ်။ ဒါကို ပြည်သူတွေအနေနဲ့ အချိန်ကြာလာတာနဲ့အမျှ ကွဲကွဲပြားပြား မြင်သိလာကြပါပြီ**

ဒီလုပ်ငန်းတွေကို လူမိုက်တွေကို ငွေပေးခိုင်းတာ၊ ဒေသခံ PDF နဲ့ GZ လေးတွေ ပြုလုပ်ကြတာရှိပါတယ်။ ဒီလိုပြုလုပ်ကြဖို့အတွက် အစောပိုင်းကတည်းက NLD လွှတ်တော်ကိုယ်စားလှယ်တွေက မြှောက်ပင့်ပေးခဲ့ကြပါတယ်။ ဒေသခံ PDF လေးတွေ၊ GZ လေးတွေကို EAOs တွေနဲ့ ချိတ်ဆက်ပေးပြီး ဗုံးခွဲနည်း၊ လက်နက်ကိုင်နည်း၊ စစ်သင်တန်းတွေ တက်ဖို့ လမ်းခင်းပေးခဲ့ပါတယ်။ သင်တန်းတွေတက်ပြီး မြို့ပေါ်နဲ့ ကျေးလက်တွေမှာ အကြမ်းဖက်အဖျက်လုပ်ရပ်နဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေ ပြုလုပ်ကြတော့ PDF နဲ့ GZ လေးတွေ အဖြစ်ဆိုးနဲ့ ကြုံကြရပါတယ်။ လက်တွေ့မြေပြင်မှာ PDF နဲ့ GZ လေးတွေရဲ့ ဘဝတွေ၊ အသက်တွေ ရင်းနှီးပေးဆပ်လိုက်ရတော့ CRPH က နိုင်ငံရေး အချောင်သမားတွေက လွှတ်ရာလွှတ်ကြောင်း လေလှိုင်းပေါ်ကနေ ဝမ်းနည်းစကားဆိုကြပါတယ်။

## အွန်လိုင်းပေါ်က လူတွေ

တစ်ဖက်က တိုင်းပြည်ဖျက်ဆီးရေးအတွက် အသိမကြွယ်သေးတဲ့ PDF နဲ့ GZ လေးတွေကို ဖျက်ဆီးရေးလမ်းကြောင်းပေါ်ကို တွန်းတင်၊ ဘဝတွေပျက်အောင်ဖန်တီးပြီး တစ်ဖက်မှာ မိမိတို့ဟာ တရားဝင်အစိုးရလိုလို၊ တရားဝင်လွှတ်တော်ယောင်ယောင် ဟန်ရေးပြတဲ့ လေလှိုင်းပေါ်က အစည်းအဝေးတွေကို မကြာမကြာပြုလုပ်ပြကြပါတယ်။ ဇူလိုင်လ ၅ ရက်နေ့က တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးဆိုပြီး ကျင်းပခဲ့တာကို တွေ့ရပါတယ်။ အစည်းအဝေးကို ယခင်ပြုလုပ်နေကျ ပုံမှန်လုပ်ရိုးလုပ်စဉ်တွေအတိုင်း ပြုလုပ်ခဲ့ပါတယ်။ အစည်းအဝေးမှာ ရွေးကောက်ခံဆိုပြီး လွှတ်တော်မတက်လိုက်ရတဲ့ ကိုယ်စားလှယ်တွေက ထူးမခြားနား အစီရင်ခံစာတွေ ဖတ်ကြပါတယ်။ ဘယ်သူမဆို ဝင်ရောက်ကြည့်ရှုနိုင်တဲ့ အွန်လိုင်းပေါ်ကို သံတမန်တွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ လူမှုရေးအဖွဲ့အစည်းတွေ၊ ကျောင်းသားသမဂ္ဂတွေ၊ မီဒီယာတွေ တက်ရောက်တယ်လို့ အသိပေးထားပါတယ်။

အွန်လိုင်းပေါ်မှာ အစည်းအဝေးလုပ်တော့ NLD ကိုယ်စားလှယ်တွေ တစ်ထောင်ကျော်ရှိတဲ့အနက် ဘယ်သူတွေဟာ ဘယ်အဖွဲ့အစည်းမှာ ပါဝင်လှုပ်ရှားနေကြတယ်ဆိုတာကို လွယ်လွယ်ကူကူ ရှာဖွေတွေ့ရှိနိုင်ပါတယ်။ အကြမ်းဖက်လုပ်ငန်းတွေမှာ ထဲထဲဝင်ဝင် လုပ်နေတဲ့သူတွေ၊ အားပေးနေတဲ့သူတွေ၊ အွန်လိုင်းပေါ်က CRPH ကလူတွေ၊ NUG က လူတွေကို ကွဲကွဲပြားပြား သိလာရပါတယ်။

**အချို့ NLD တွေက ထောက်ခံတာလည်းမပြ၊ ကန့်ကွက်တာလည်းမလုပ်တဲ့ ကိုယ်ပျောက် NLD တွေလည်း တွေ့ရပါတယ်။ အားလုံးလူစုံတဲ့အခါမှာ NLD ပါတီက လူတွေဟာ ဘယ်လမ်းစဉ်ကို ရွေးရှုသွားနေတာကို သိနိုင်မှာဖြစ်ပြီး NLD ပါတီကို ဘယ်လိုအဖွဲ့အစည်းအဖြစ် သတ်မှတ်နိုင်တယ်ဆိုတာ ပေါ်လွင်ထင်ရှားလာမှာဖြစ်ပါတယ်။ လက်ရှိမှာ နွေဦးတော်လှန်ရေးလို့ ကြွေးကြော်ထားတဲ့ NLD, CRPH, NUG ဟာ လေလှိုင်းပေါ်က အစိုးရ၊ လေလှိုင်းပေါ်က လွှတ်တော်၊ လေလှိုင်းပေါ်က တော်လှန်ရေးသာဖြစ်နေပြီး လက်တွေ့မဆန်တဲ့၊ မြေပြင်အခြေအနေနဲ့ ကွာဟနေတဲ့ စိတ်ကူးယဉ်သမားတွေလို့ ဆိုလိုရမှာဖြစ်ပါတယ်။** ဒါကို ပြည်သူတွေအနေနဲ့ အချိန်ကြာလာတာနဲ့အမျှ ကွဲကွဲပြားပြား မြင်သိလာကြပါပြီ။

## သေတွင်းထဲကိုပို့

CRPH နဲ့ NUG ဟာ လေလှိုင်းပေါ်ကနေ အမိန့်တွေ၊ ညွှန်ကြားချက်တွေ၊ အစည်းအဝေးတွေကို မရိုးနိုင်အောင် အမျိုးမျိုးအဖုံဖုံ ပြုလုပ်ခဲ့ကြတာကတော့ အကွက်စေ့လှပါတယ်။ ဒါပေမယ့် လက်တွေ့မပါတဲ့ သဘောတရားတွေဟာ ဘာမှဖြစ်လာမှာမဟုတ်ပါဘူး။ သူတို့လုပ်နိုင်တာတွေကတော့ တစ်ဖက်သတ်ဘက်လိုက် လုပ်ပေးနေတဲ့ ကုလသမဂ္ဂ စင်မြင့်နဲ့ အားပေးအားမြှောက်လုပ်ပေးနေတဲ့ ဆရာကြီးတွေနဲ့ လေလှိုင်းပေါ်မှာပဲ စည်းဝါးကိုက် လုပ်နိုင်ကြပါတယ်။ သူတို့လုပ်တဲ့ အစည်းအဝေးတွေကို ကြည့်မယ်ဆိုရင် ဘယ်သူတွေဟာ လေလှိုင်းပေါ်ကလုပ်တယ်။ ဘယ်သူတွေဟာ ပြည်တွင်းကလုပ်နေတယ်ဆိုတာကို ရှင်းရှင်းလင်းလင်း မြင်တွေ့နိုင်ပါတယ်။ လက်တွေ့လုပ်နိုင်တာကတော့ ပြည်တွင်းက ကိုယ်ပျောက် NLD တွေက PDF နဲ့ GZ လေးတွေကို သေတွင်းထဲကို ပို့နေတာကိုတော့ မြင်ရမှာဖြစ်ပါတယ်။

မိမိတို့ အာဏာပြန်လည်ရရှိရေးအတွက် လူငယ်လူရွယ်တွေ၊ အသိအမြင်အားနည်းတဲ့ ပြည်သူတွေကို ချနင်းနေတာ မြင်တွေ့ရတော့ အလွန်ပဲစိတ်မကောင်းဖြစ်မိပါတယ်။ NLD, CRPH, NUG တို့ရဲ့ လက်တွေ့မပါတဲ့ လုပ်ရပ်တွေ၊ ပြည်သူတွေကိုစတေးပြီး တိုင်းပြည်အလုံးစုံ ပျက်စီးရေး လုပ်ရပ်တွေ တစိုက်မတ်မတ်လုပ်နေတာတွေကို တစ်စတစ်စနဲ့ ပြည်သူတွေ သဘောပေါက်နားလည်လာကြပြီဖြစ်ပါတယ်။ မူလက NLD, CRPH, NUG တို့ကို ထောက်ခံကြတဲ့ ပြည်သူတွေကိုယ်တိုင် ၎င်းတို့ကို အားမလိုအားမရဖြစ်လာတာ၊ ဝေဖန် ပြစ်တင်ရှုတ်ချတာတွေ ပြုလုပ်လာကြပါပြီ။ လေလှိုင်းပေါ်ကနေ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးပေါ်ပေါက်ရေးလို့ ကြွေးကြော်ပြီး လက်တွေ့မှာ တိုင်းရင်းသားတွေရဲ့အရေးနဲ့ ဝေလာဝေးနေတာဟာ အခုမှမဟုတ်ပါဘူး။ NLD အာဏာရတုန်းကတည်းက ဖြစ်နေတာကို တိုင်းရင်းသားအားလုံး သိကြပါတယ်။

## အမြီးအမောက် မတည့်

မြေပြင်မှာ PDF နဲ့ GZ လေးတွေ ဘဝတွေ၊ အသက်တွေ ပေးဆပ်နေရတဲ့အချိန်မှာ လွှတ်ရာလွှတ်ကြောင်း လေလှိုင်းပေါ်ကနေ အစည်းအဝေးတွေလုပ်လိုက်၊ ကြေညာချက်တွေ ထုတ်လိုက်၊ သွေးထိုးမြှောက်ပင့်ပေးလိုက်နဲ့ လက်တွေ့မပါတဲ့ အလုပ်တွေလုပ်နေကြတာဟာ ရှက်ပေမယ့် အသက်အသေမခံနိုင်တဲ့ နိုင်ငံရေးအချောင်သမားတွေလို့ ဆိုရမှာဖြစ်ပါတယ်။ “အသက်တွေ၊ ဘဝတွေ စတေးနေရတဲ့ PDF နဲ့ GZ လေးတွေကို ငဲ့ညှာပါဦး၊ သနားပါဦး၊ ရှေ့ကနေ မားမားမတ်မတ် ရပ်ကြပါဦး”လို့ ပြည်သူတွေပြောနေကြတဲ့ အသံတွေကို ကြားနေရပါတယ်။ တကယ်တော့ လေလှိုင်းပေါ် က လွှတ်တော်ဖြစ်ဖြစ်၊ မြေပြင်ပေါ်က လွှတ်တော်ဖြစ်ဖြစ် လွှတ်တော်လုပ်မယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံ ဥပဒေရှိဖို့လိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းလိုက်ပြီးပြောပြီး လွှတ်တော်အစည်း အဝေးတွေ ထလုပ်နေတာဟာ အမြီးအမောက်မတည့်တဲ့ လုပ်ရပ်တွေဖြစ်ပါတယ်။

**လေလှိုင်းပေါ်ကနေ အားပေးအားမြှောက်လုပ်နေတဲ့ နိုင်ငံရေးဂုရုကြီးတွေဟာ သူတို့ကိုယ်တိုင်လည်း ရှေ့တန်းက မားမားမတ်မတ်မရပ်တည်နိုင်သလို သူတို့ရဲ့သားသမီး၊ မိသားစုဝင်တွေ PDF နဲ့ GZလေးတွေနဲ့အတူ ပါဝင်လှုပ်ရှားနေကြသလားလို့ မေးခွန်းထုတ်ရင် မသိချင်ယောင်ဆောင်နေကြမှာ သေချာပါတယ်။ တော်လှန်ရေးလုပ်တယ်ဆိုတာ တော်လှန်ရေးကြီးကို မဆင်နွှဲခင်မှာ မြေပေါ်၊ မြေအောက် တော်လှန်ရေးငယ်လေးတွေ အရင်လုပ်ကြပါတယ်။ မြေပေါ်တော်လှန်ရေးလုပ်ရင် အဖမ်းခံရနိုင်လို့ မြေပေါ်မှာ ခဏလုပ်၊ မြေအောက်ကို ခဏဝင်လုပ်ကြရပါတယ်။ ယခု တော်လှန်ရေးလုပ်နေတဲ့ နိုင်ငံရေးသမားတွေက မြေပေါ်မှာလည်း မလုပ်၊ မြေအောက်မှာလည်း မလုပ်ဘဲ လေထဲမှာလုပ်နေကြတာ အတော်ထူးဆန်း အံ့သြဖွယ်ရာ ရှားမှရှား နိုင်ငံရေးသမားတွေပါပဲ။**

## လိမ်ညာပြောဆိုကြ

အများပြည်သူကို လှုံ့ဆော်တဲ့အခါမှာတော့ ဒါဟာ ပြည်သူတွေရဲ့တိုက်ပွဲ၊ ပြည်သူတွေ ဦးဆောင်တဲ့ ပြည်သူ့တော်လှန်ရေး၊ ပြည်သူ့တိုက်ပွဲဆိုပြီး ကြွေးကြော်နေပေမယ့် လေလှိုင်းပေါ်မှာတော့ CRPH လွှတ်တော်ကိုယ်စားလှယ်တွေ၊ NUG အစိုးရအဖွဲ့ဝန်ကြီးတွေ မကြာမကြာ ဖွဲ့စည်းခန့်အပ်နေတာတွေကို ကြည့်မယ်ဆိုရင် ပြည်သူတွေကို အသုံးချပြီး အာဏာရရှိရေး ကြံစည်နေကြတာကို ရှင်းရှင်းလေးပဲ တွေ့နိုင်မှာဖြစ်ပါတယ်။ PDF နဲ့ GZ လေးတွေ အကြမ်းဖက်တိုက်ခိုက်ကြလို့ လုံခြုံရေးတပ်ဖွဲ့တွေက နှိမ်နင်းရင် အပြစ်မဲ့ပြည်သူတွေကို သတ်ဖြတ်နေပါတယ်လို့ လိမ်ညာပြောဆို ကြပါတယ်။ လုံခြုံရေးတပ်ဖွဲ့တွေဟာ အေးချမ်းစွာ နေထိုင်ကြတဲ့ ပြည်သူတွေကို အနှောင့်အယှက်မပေးဘဲ အကာအကွယ်ပေးလျက်ရှိပါတယ်။ ဆူပူအကြမ်းဖက်တိုက်ခိုက်၊ မီးရှို့၊ ဗုံးခွဲ၊ လူသတ်တဲ့သူတွေကိုသာ နှိမ်နင်းနေတာ ဖြစ်ပါတယ်။ *စာမျက်နှာ ၇ သို့*

> ❍ **မိမိတို့ အာဏာပြန်လည်ရရှိရေးအတွက် လူငယ်လူရွယ်တွေ၊ အသိအမြင်အားနည်းတဲ့ပြည်သူတွေကို ချနင်းနေတာ မြင်တွေ့ရတော့ အလွန်ပဲ စိတ်မကောင်းဖြစ်မိပါတယ်။ NLD, CRPH, NUG တို့ရဲ့ လက်တွေ့မပါတဲ့လုပ်ရပ်တွေ၊ ပြည်သူတွေကိုစတေးပြီး တိုင်းပြည်အလုံးစုံပျက်စီးရေးလုပ်ရပ်တွေ တစိုက်မတ်မတ်လုပ်နေတာတွေကို တစ်စတစ်စနဲ့ ပြည်သူတွေ သဘောပေါက်နားလည်လာကြပြီဖြစ်ပါတယ်။ မူလက NLD, CRPH, NUG တို့ကို ထောက်ခံကြတဲ့ ပြည်သူတွေကိုယ်တိုင် ၎င်းတို့ကို အားမလိုအားမရဖြစ်လာတာ၊ ဝေဖန် ပြစ်တင်ရှုတ်ချတာတွေ ပြုလုပ်လာကြပါပြီ။ လေလှိုင်းပေါ်ကနေ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးပေါ်ပေါက်ရေးလို့ ကြွေးကြော်ပြီး လက်တွေ့မှာ တိုင်းရင်းသားတွေရဲ့အရေးနဲ့ ဝေလာဝေးနေတာဟာ အခုမှမဟုတ်ပါဘူး။ NLD အာဏာရတုန်းကတည်းက ဖြစ်နေတာကို တိုင်းရင်းသားအားလုံး သိကြပါတယ်**

# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းခြောက်သောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၇**

ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၆၇၆၇၀ နှင့် အတွင်းလူနာပေါင်း ၇၇၇၁၂ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

ၾငင်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၁၂၃၉၈ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၆၅၇၅ ဦး စုစုပေါင်း ၁၈၉၇၃ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားလူနာ ၆၂၈၁ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၈၉၃၅ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိကလေးငယ် ၁၅၂၁၆ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင် တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံနှင့် ရွှေညောင်ဖူး တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များအား စေလွှတ်၍ ရောဂါဝေဒနာ ခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ အေးချမ်းတည်ငြိမ်စွာ ဖွင့်လှစ်သင်ကြား

**နေပြည်တော် ဇူလိုင် ၇**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများအား ဇွန် ၁ ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ထိုသို့ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်လျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများက COVID-19 စည်းမျဉ်းစည်းကမ်းများနှင့်အညီ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးပြီး ကျောင်းများ လုံခြုံရေးနှင့် ကျောင်းသား ကျောင်းသူများ လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပင်းတယမြို့ ယာယီပျံကျဈေး၌ ကိုဗစ်-၁၉ ရောဂါ အသိပညာပေး

**ပင်းတယ ဇူလိုင် ၇**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ပင်းတယမြို့ ယာယီပျံကျဈေး၌ ယနေ့နံနက်ပိုင်းမှစတင်၍ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများက ဈေးဝယ်နှင့် ဈေးသည်များအား ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး နည်းလမ်းများအတိုင်း ရောင်းဝယ်ကြရန် အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့်နည်းလမ်းများအတိုင်း မဖြစ်မနေ စနစ်တကျတပ်ဆင်ရန်၊ ဈေးသည်များကိုလည်း သတ်မှတ်နေရာများ၌သာ ရောင်းချကြရန်နှင့် အခြားမြို့နယ်မှ ဈေးသည်များ လာရောက်၍ ဈေးရောင်းချခြင်းများကိုလည်း ခွင့်မပြုကြောင်း လက်ကိုင်စပီကာများဖြင့် ကြေညာ၍ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

CRPH, NUG ဟာ NLD က မွေးဖွားလာတဲ့ သားသမီးတွေဖြစ်ပါတယ်။ ယနေ့ CRPH, NUG ရဲ့ လုပ်ရပ်တွေကို NLD က သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ၊ အားပေးသည်ဖြစ်စေ၊ အားမပေးသည်ဖြစ်စေ ဘယ်လိုပဲလုပ်လုပ် ဘယ်လိုပဲဖြစ်ဖြစ် NLD ပဲ တာဝန်ရှိပါတယ်။ သားသမီးမကောင်း မိဘ ခေါင်းဆိုသလို NLD ပဲတာဝန်ခံရမှာဖြစ်ပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲကနေဖြစ်ပေါ်လာတဲ့ NLD ဟာလည်း ဒီပုံဒီနည်းအတိုင်း စခန်းသွားခဲ့ကြပါတယ်။ အဲဒီတုန်းကတော့ မြေပေါ်နဲ့ မြေအောက် NLD ဟာ သူ့လမ်းသူသွားနေတယ်ဆိုပေမယ့် နှစ်ကိုယ့်တစ်စိတ်ပါပဲ။ မျက်မြင်မှာ သူ့လမ်းသူသွားနေတော့ မြေပေါ်မှာ NLD ရပ်နိုင်ခဲ့ပါတယ်။ ၂၀၂၁ မှာ NLD ဟာ အားလုံးလေလှိုင်းပေါ်ရောက်နေကြပါတယ်။ ပြီးရင် အားလုံးမြေအောက်ကို ရောက်ကုန်ကြမှာ ဖြစ်ပါတယ်။

**တိုင်းပြည်ဖျက်ဆီးသူ**

NLD ဟာ ၂၀၂၀ ရွေးကောက်ပွဲမှာ မဲမသမာမှုလုပ်ခဲ့တာတွေ၊ ရွေးကောက်ပွဲကာလကစလို့ ဆူပူအကြမ်းဖက်မှုတွေ လုပ်ခဲ့တာတွေကို NLD နိုင်ငံရေးသမားတွေရော၊ NLD ကို ဝန်းရံသူတွေရော၊ မီဒီယာတွေရော ဒီလုပ်ရပ်တွေကို ဘယ်သူမှ ထုတ်ဖော်ပြောကြားခြင်း မရှိကြပါဘူး။ နိုင်ငံ့တာဝန်ယူထားစဉ်ကာလအတွင်း ဘဏ္ဍာငွေကြေး အရှုပ်တော်ပုံတွေနဲ့ တိုင်းပြည်ဖျက်ဆီးမယ့် လမ်းကြောင်းကို ကြိုတင်ကြံစည်ခဲ့တာတွေကိုလည်း ဘယ်သူမှ ထုတ်ဖော်ပြောဆိုခဲ့တာတွေ မရှိခဲ့ပါဘူး။ ပြည်သူတွေကို နိုင်ငံရေးမှိုင်းမိအောင်၊ PDF နဲ့ GZ လေးတွေကို အကြမ်းဖက်သမားဖြစ်အောင် ဖန်တီးပေးတာ NLD ပဲ ဖြစ်ပါတယ်။ ပြည်တွင်း/ပြည်ပက ရတဲ့ငွေနဲ့ လက်နက်ဝယ်ဖို့၊ လူငယ်တွေကို အကြမ်းဖက်သင်တန်းတက်ဖို့ လုပ်တဲ့ လွှတ်တော်အမတ်ဟောင်းတွေ၊ လေလှိုင်းပေါ်က အကြမ်းဖက်အစိုးရဆိုတဲ့သူတွေဟာ ပြည်သူနဲ့ တိုင်းပြည်ကို ဖျက်ဆီးနေတဲ့သူတွေ ဖြစ်ပါတယ်။

NLD ဟာ CRPH, NUG, PDF ကိုယ်ပွားတွေ ဘယ်လိုပဲအမည်ပြောင်းပါစေ၊ NLD နိုင်ငံရေးသမားတွေဟာ ၁၉၈၈ ခုနှစ်ကတည်းက တိုင်းပြည်နဲ့ လူထုကို နိုင်ငံရေးအဆိပ်ခတ်ခဲ့တာ ယနေ့ထက်တိုင်ပါပဲ။ ဒီမိုကရေစီကို မြတ်နိုးပါတယ်၊ တန်ဖိုးထားပါတယ်ဆိုပြီး တိုင်းပြည်ကောင်းကျိုးဖြစ်မလာဘဲ တိုင်းပြည်ဆိုးကျိုးဖြစ်လာရတာတွေကို သေချာစေ့ငုလေ့လာကြည့်မယ်ဆိုရင် NLD အာဏာရရေးအတွက် တိုင်းပြည်နဲ့လူထုကို ချခင်းခဲ့တဲ့ လေလှိုင်းပေါ်က အချောင်သမား၊ မြန်မာနိုင်ငံရဲ့ အဖျက်သမားလို့ ဆိုလိုက်ချင်ပါကြောင်း။ ။

# ချောင်းမငယ်၏ အနာဂတ်

**မောင်အောင်**

"ပြီးခဲ့တဲ့ မတ်လ (၂၈)ရက်နေ့က ပြည်ထောင်စုဝန်ကြီး ဒီချောင်းမငယ် ရေလှောင်တမံကို လာရောက်စစ်ဆေးတဲ့ အခါမှာ ဒီတမံဝန်းကျင်နဲ့ ရုံးပင် သစ်တောကြိုးဝိုင်း ဧရိယာအတွင်းမှာ တောင်သူတွေ ရှိနေတာနဲ့ ပတ်သက်ပြီး ဒီသစ်တောဧရိယာအတွင်းမှာ သီးနှံ သစ်တောရောနှော စိုက်ခင်းထူထောင် သွားဖို့ လမ်းညွှန်မှာကြားခဲ့ပါတယ်။ ဝန်ကြီးရဲ့ လမ်းညွှန်ချက်အရ ဧပြီလ ပထမပတ်အတွင်းမှာ ဒုတိယဝန်ကြီးနဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနမှာရှိတဲ့ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ ကျွန်တော်တို့ ဆည်မြောင်းနှင့် ရေအသုံး ချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ညွှန်ကြား ရေးမှူးချုပ်နဲ့အဖွဲ့တွေ ကွင်းဆင်းပြီး ဒေသခံတောင်သူတွေနဲ့ တွေ့ဆုံဆွေးနွေး ခဲ့ပါတယ်။ ဒုတိယဝန်ကြီးက ဒေသခံတွေ ရဲ့ လိုအပ်ချက်ကို မေးမြန်းဆွေးနွေးပြီး ကျွန်တော်တို့ ဦးစီးဌာနတွေအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက်တွေ ရေးဆွဲတင်ပြခဲ့ပါတယ်။ အဲဒီစီမံချက်တွေ ကို ဆွေးနွေးညှိနှိုင်းပြီး ဦးစီးဌာနအလိုက် လုပ်ငန်းတွေကို စတင်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပါတယ်။

### ဆောင်ရွက်ပြီးစီးမှုများတင်ပြ

"ကျွန်တော်တို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တမံရှောင်ကွင်းလမ်း ဖောက်လုပ်ခြင်း၊ ရေဝပ်ဧရိယာ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ခြင်း၊ တမံရေဝပ်ဧရိယာတွင် ရေးကြီးမြင့်အမှတ်၊ အမှတ်အသား Board (၇)ခု ပြုလုပ်ခြင်းတို့ကို ဆောင် ရွက်ခဲ့ပါတယ်။ ဒီချောင်းမငယ် ရေလှောင် တမံ ရှင်းလင်းဆောင်အနီးမှာရှိတဲ့ စက်လှေဆိပ်ကျေးရွာမှာ အိမ်ထောင်စု ပေါင်း ၄၇ စုနဲ့ လူဦးရေ ၁၉၁ ဦး နေထိုင် လျက်ရှိပါတယ်။ ကန်ရေပြည့်မှတ်တွေ ကျွန်တော်တို့ စိုက်ထူမှတ်သားပေးထား ပြီး ရေပြည့်မှတ်အောက် နေထိုင်တဲ့ အိမ်ထောင်စုတစ်ခုမှ မရှိပါဘူး။ ရေကြီး မှတ်အောက်မှာတော့ အိမ်ထောင်စု ၂၅ စု၊ လူဦးရေ ၁၀၄ ဦး နေထိုင်လျက် ရှိပါ တယ်။ ကျွန်တော်တို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တင်ပြပါလုပ်ငန်းသုံးခု ဆောင်ရွက်ဖို့ လျာထားရာမှာ လက်ရှိ၉၀ ရာခိုင်နှုန်း ပြီးစီးပြီ ဖြစ်ပါတယ်။ ဆက်လက်ပြီး ကျန်တဲ့ဦးစီးဌာနများအလိုက် ဆောင် ရွက်ပြီးစီးမှုများကို တင်ပြသွားမှာဖြစ်ပါ တယ်။"

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့် ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ချောင်းမငယ် ရေလှောင်တမံရှင်းလင်း ဆောင်တွင် ပြည်ထောင်စုဝန်ကြီးနှင့် ကျွန်တော်တို့အဖွဲ့ကို ရှင်းလင်းတင်ပြ နေခြင်းဖြစ်ပါသည်။

သည်တစ်ပတ် တနင်္ဂနွေကား ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သစ်ပင်စိုက် ပွဲတော် ကျင်းပခဲ့သည့်နေ့ဖြစ်သည်။ ချောင်းမငယ် ရေလှောင်တမံအတွင်း ရေဝင်သည့်ပမာဏ တစ်နှစ်ထက် တစ်နှစ် နည်းလာသည့်အတွက် ရေလှောင်တမံဝန်းကျင်ရှိ ရေဝေရေလဲ ဧရိယာများတွင် သစ်တောသစ်ပင်များ စိုက်ပျိုးပေးခြင်းဖြစ်သည်။ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက် အစရှိသည့် သစ်ပင်ကြီးမျိုး ၁၀၀၀ စိုက်ပျိုးခြင်း ဖြစ်သည်။ ချောင်းမငယ်ရေလှောင်တမံ သည်လည်း ကျွန်တော်တို့ နေပြည်တော် ပြည်ထောင်စုနယ်မြေရှိ ပြည်သူများ အတွက် သောက်သုံးရေ ဖြည့်ဆည်း ပေးသည့် ရေလှောင်တမံတစ်ခုဖြစ်သည်။ သည်ရေလှောင်တမံဝန်းကျင်ရှိသစ်တော ကြိုးဝိုင်းအတွင်း သစ်တော ပြုစု ပျိုးထောင်ခဲ့သည့် ဝန်ထမ်းများ ကျန်ရှိ နေသည်။ သူတို့၏ အသက်မွေးဝမ်း ကျောင်းအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်သကဲ့သို့ သစ်ခုတ်၊ ဝါးခုတ်လုပ်ငန်းများဖြင့် စားဝတ်နေရေး ကို ဖြည့်ဆည်းရပ်တည်နေကြသည်။

### ဥပဒေအရ အရေးယူခဲ့သည်များရှိခဲ့

၎င်းလူများကို အကြမ်းအားဖြင့် သစ်တောဧရိယာအတွင်း ကျူးကျော် လုပ်ကိုင်နေသူများ (သစ်တောကျူး)ဟု ခေါ်ဆိုခဲ့ကြသည်။ သစ်တောဧရိယာ အတွင်းရှိ သတ်မှတ်သည့် သစ်တော သစ်ပင်များ ခုတ်လှဲရောင်းချပါက သစ်တောဦးစီးဌာန ဥပဒေအရ အရေးယူ ခဲ့သည်များ ရှိခဲ့သည်။ သို့ဖြစ်၍ သစ်တော များလည်း ပြုန်းတီး၊ သူတို့ဘဝလည်း မရေမရာ ဖြစ်ခဲ့ရသည်။

သို့ဖြစ်၍ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိမ်းသိမ်းရေးဝန်ကြီးဌာန နှင့်ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်း ၍ **"သီးနှံသစ်တောရောနှော စိုက်ခင်း (Agro Forestry)"**များ ထူထောင်ပြီး သစ်တောဧရိယာအတွင်း သတ်မှတ် နေရာများတွင် သင့်လျော်သည့် စိုက်ခင်း များ ထူထောင်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူ ရေးလုပ်ငန်းများ ပြုလုပ်ရင်း သစ်တော များကို ထိန်းသိမ်းစောင့်ရှောက်သွားရန် ဖြစ်သည်။

သည်ကိစ္စကို ကျွန်တော်တို့ ဝန်ကြီး ဌာနလက်အောက်ရှိ ဦးစီးဌာနများနှင့် သစ်တောဦးစီးဌာနတို့ ၎င်းသစ်တော ဧရိယာအတွင်း နေထိုင်ကြသည့် ပြည်သူ များနှင့် တွေ့ဆုံဆွေးနွေးသည့်အခါ သူတို့ ကလည်း ဝမ်းမြောက်ဝမ်းသာ လက်ခံကြ သည်။ သစ်တောကျူးများ မဟုတ်တော့ ဘဲ တရားဝင် နေထိုင်လုပ်ကိုင်ခွင့်ရကြ မည်ဖြစ်သဖြင့် ၎င်းသို့ ဆောင်ရွက် ပေးမှုကို အထူးပင် ကျေးဇူးတင်နေကြ သည်။

"ကျွန်တော်တို့ မွေးမြူရေးနှင့် ကုသ ရေးဦးစီးဌာနကတော့ ဒေသကြက်၊ ဒေသဘဲနဲ့ စားကျက်မြက်မျိုးတွေ စမ်းသပ်စိုက်ပျိုးတာကို ကူညီဆောင်ရွက် ပေးသွားမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ကျောက်တစ်လုံး၊ ကျောင်းစု၊ ပန်းညိုစမ်း၊ ပေပင်နဲ့ ကြိမ်ဖန်ကျေးရွာတွေမှာ ဒေသ ကြက်ခြံ ၂၀ ဆောက်လုပ်ထားပြီး ဖြစ်ပါ တယ်။ တိုင်းရင်းဒေသကြက်မျိုးတွေကို ကျွန်တော်တို့ ထောက်ပံ့ပေးပါမယ်။ ဒေသကြက်တွေက ရရှိလာတဲ့ မျိုးဥတွေ ကို ကျွန်တော်တို့ဌာနက ပြန်ဝယ်ပြီး ကြက်ဥဖောက်စက်နဲ့ ပြန်ပြီး ဖောက်ပါ မယ်။ ရရှိလာတဲ့ ကြက်ကလေးတွေကို မွေးမြူချင်တဲ့ လူတွေကို ထပ်ပြီး ဖြန့်ပေးပါမယ်။ ကြက်တွေရဲ့ ကူးစက် ရောဂါ ကာကွယ်ရေးနဲ့ ထိန်းချုပ်ရေးကို ကျွန်တော်တို့ အားလုံး တာဝန်ယူဆောင် ရွက်ပေးပါမယ်။"

### ရာနှုန်းပြည့်ပြီးစီးအောင်ဆောင်ရွက်

"အဲဒီလိုပဲ ဘဲမွေးမြူရေးကို ကျွန်တော်တို့ ဌာနက မျိုးဘဲတွေပေးပြီး မွေးမြူစေမှာ ဖြစ်ပါတယ်။ အဲဒီမွေးထား တဲ့ ကြက်နဲ့ ဘဲရယ်၊ တောင်သူတွေ မွေးမြူထားတဲ့ နွားတို့၊ ဆိတ်တို့၊ ဝက်တို့ အတွက်လည်း အာဟာရပြည့်ဝတဲ့ မြက်စိုက်ခင်းတွေထူထောင်ပြီး မြက်မျိုး ကောင်းမျိုးသန့်တွေ ဖြန့်ဖြူးပေးသွားဖို့ ရည်ရွယ်ထားပါတယ်။ လက်ရှိလျာထား ချက်ရဲ့ ၃၀ ရာခိုင်နှုန်း ကျွန်တော်တို့ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ လာမည့် နှစ်လအတွင်း ရာနှုန်းပြည့် ပြီးစီးအောင် ဆောင်ရွက်သွားပါ့မယ်။"

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သူ့ဌာန၏ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြ ခြင်းဖြစ်သည်။

"ကျွန်တော်တို့ ငါးလုပ်ငန်းဦးစီးဌာန ကတော့ ချောင်းမငယ်ရေလှောင်တမံ အတွင်းကို ငါးမြစ်ချင်း၊ ငါးခုံးမနှင့် ရွှေဝါ ငါးကြင်းကောင်ရေ ၂၀၀၀၀ စိုက်ထည့်ဖို့နဲ့ ကျောက်တစ်လုံးကျေးရွာအုပ်စုရှိ အလှ စုကန်အတွင်းကို ငါးကောင်ရေ ၁၀၀၀၀ စိုက်ထည့်ဖို့ပဲ ဖြစ်ပါတယ်။ အလှစု ကန်ဟာ သုံးဧက အကျယ်အဝန်းရှိပြီး ကျေးရွာအစုအဖွဲ့နဲ့ ပူးပေါင်းပြီး ဆောင် ရွက်ပါမယ်။ ဒီနှစ် ဇွန် ၁၃ ရက်နေ့က ချောင်းမငယ် ရေလှောင်တမံအတွင်း ငါးမြစ်ချင်း၊ ငါးခုံးမနှင့် ရွှေဝါငါးကြင်း ကောင်ရေ ၂၀၀၀၀ စိုက်ထည့်ပြီး ဖြစ်တာကြောင့် အကြမ်းဖျင်းလုပ်ငန်း ၅၀ ရာခိုင်နှုန်းပြီးစီးပြီလို့ ပြောလို့ရပါ တယ်။"

ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေး မှူးချုပ်ကလည်း အလှည့်ကျတော့ မနွံ့ကြိစတမ်း၊ ငါးလုပ်ငန်းဦးစီးဌာန၏ ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြ လာသည်။ သူတို့ပြီးတော့ အလှည့်ကျသူ ကား စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်။

"ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာန ကတော့ ဒီချောင်းမငယ်ရေလှောင်တမံ ဧရိယာရဲ့ ရေဝေရေလဲဒေသနဲ့ ဆည်ရေ သောက်ဧရိယာတွေမှာ သီးနှံသစ်တော ရောနှောစိုက်ခင်းတွေ ထူထောင်ဖို့

❑ **ချောင်းမငယ်ရေလှောင်တမံဟာ နေပြည်တော်ပြည်ထောင်စုနယ်မြေမှာနေကြတဲ့ ပြည်သူတွေ သောက်သုံးရေရရှိရေး၊ စပါးအပါအဝင် သီးနှံများ စိုက်ပျိုးရေးအတွက် အလွန်အရေးပါတဲ့ ရေလှောင်တမံတစ်ခုပဲ ဖြစ်ပါတယ်။ ဒီရေလှောင်တမံစီမံကိန်းကို ၂၀၀၁-၂၀၀၂ တွင် စတင်ခဲ့ပြီး ၂၀၁၃-၂၀၁၄ မှာ ပြီးစီးခဲ့ပါတယ်။ ဒီရေလှောင်တမံရဲ့ ရေဆင်းဧရိယာဟာ ၁၀၃ စတုရန်းမိုင်ရှိပြီး နှစ်စဉ်ပျမ်းမျှစီးဝင်ရေဟာ ဧကပေ ၇၅၀၀၀ ဖြစ်ပါတယ်။ ဒီရေလှောင်တမံကနေပြီး လယ်ဝေးမြို့နယ်အတွင်းမှာရှိတဲ့ စိုက်ပျိုးမြေတွေ ရေပေးဝေ လျက်ရှိပြီး စပါးသီးနှံအပါအဝင် သီးနှံတွေအတွက် စိုက်ပျိုးရေ ပေးဝေလျက်ရှိပါတယ်။ ဆည်ရေပေးဝေနိုင်တဲ့ ဧရိယာဟာ ၇၂၁၉ ဧက ရှိပါတယ်။ ဒါ့အပြင် ဒီရေလှောင်တမံမှာ အချင်း ၁၉ လက်မရှိတဲ့ သံမဏိပိုက်တစ်လုံး တပ်ဆင်ပြီး ရေအားလျှပ်စစ် ၅၀ ကီလိုဝပ် ထုတ်နိုင်ပါတယ်**



ချောင်းမငယ်ရေလှောင်တမံရှင်းလင်းဆောင်အနီး စက်လှေဆိပ်ကျေးရွာကို တွေ့ရစဉ်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

စည်းရုံးပညာပေးပြီး ဆောင်ရွက်လျက်ရှိပါတယ်။ အထူးသဖြင့် နှစ်ရှည်စားသီးနှံပင်တွေဖြစ်တဲ့ ကော်ဖီ၊ သရက်၊ ပိန္နဲနဲ့ ဝဥ၊ ငှက်ပျောတွေကို စိုက်ပျိုးဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒါပြီးတော့ သစ်တော ဧရိယာအတွင်းမှာရှိတဲ့ လယ်ယာတွေ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအနေနဲ့ မြေဩဇာခွဲစမ်းသပ်ခြင်း၊ သီးနှံမျိုးပြောင်းလဲခြင်း၊ စံပြကွက် ဆောင်ရွက်ခြင်း၊ လှေကားထစ်စိုက်ပျိုးနည်းစနစ် သရုပ်ပြစိုက်ပျိုးခြင်း၊ ပညာပေးဆွေးနွေးပွဲများနှင့် ပညာပေးသင်တန်းများ စတင်ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ပန်းညိုစမ်းကျေးရွာ၊ ပေပင်ကျေးရွာ၊ ကြိမ်ဖန်ကျေးရွာတွေမှာ တောင်သူပညာပေးဆွေးနွေးပွဲများ ပြုလုပ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီ ပညာပေးဆွေးနွေးပွဲအပြီးမှာပဲ ဟင်းသီးဟင်းရွက်မျိုးစေ့နှင့် ပျိုးပင်တွေပေးအပ်ခဲ့ပါတယ်။ အဲဒီ ပန်းညိုစမ်းကျေးရွာမှာပဲ ကော်ဖီသီးနှံ၊ သရက်နှင့် ငှက်ပျော စံပြစိုက်ကွက်တွေ စိုက်ပျိုးခဲ့ပြီးဖြစ်ပါတယ်။ ပေပင်ကျေးရွာမှာတော့ ပျိုးပင်တွေထားရှိဖို့ ပျိုးစင်တည်ဆောက်ခဲ့ပြီး ငှက်ပျောပျိုးပင်များ စိုက်ပျိုးဖို့ဖြန့်ဝေခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီ ပေပင်ကျေးရွာမှာ တောင်စောင်းတွေမှာ ကွန်တိုနည်းနဲ့ စံပြကွက် နှစ်ဧကဖော်ထုတ်ထားရှိပြီး ဝဥကို သုတေသနအနေဖြင့် စမ်းသပ်စိုက်ပျိုးထားရှိပါတယ်။"

## ပူးပေါင်းဆောင်ရွက်

"စိုက်ပျိုးရေး ဦးစီးဌာနအနေနဲ့ တောင်သူတွေနဲ့ ထိတွေ့ဆွေးနွေးပြီး သစ်တောဧရိယာအတွင်း ရွှေ့ပြောင်းစိုက်ပျိုးခြင်းမလုပ်ဘဲ အတည်တကျ သီးနှံသစ်တောရောနှော စိုက်ခင်း စိုက်ပျိုးဖို့ကို လက်တွေ့စံပြစိုက်ကွက်များ စိုက်ပျိုးပြသခြင်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ ကျွန်တော်တို့ သတ်မှတ်လုပ်ငန်းရဲ့ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီး ဖြစ်ပါတယ်။ မြေဧရိယာ သတ်မှတ်တာကိုတော့ ကျွန်တော်တို့ သစ်တောဦးစီးဌာနနဲ့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပါတယ်။"

စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သူတို့ဆောင်ရွက်ထားသည့် အပိုင်းကို ပြည့်ပြည့်စုံစုံ ရှင်းလင်းတင်ပြသည်။

"ကျွန်တော်သစ်တောဦးစီးဌာနက ညွှန်ကြားရေးမှူးပါ။ ကျွန်တော်တို့ သစ်တောဦးစီးဌာနအနေနဲ့ ရုံးပင်သစ်တောကြိုးဝိုင်း၊ ချောင်းမငယ် ရေလှောင်တမံဝန်းကျင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ အခုလို ပူးပေါင်းပြီး သီးနှံသစ်တောရောနှောစိုက်ခင်း ပြုလုပ်ရတဲ့အတွက် ကျွန်တော်တို့ သစ်တောကြိုးဝိုင်းကို ကာကွယ်ထိန်းသိမ်းရာ ရောက်တဲ့အပြင်



ပန်းညိုစမ်းကျေးရွာ၌ တောင်သူဆွေးနွေးပွဲ ဆောင်ရွက်စဉ်။

ချောင်းမငယ် ရေလှောင်တမံအတွက် သာမက ကြိုးဝိုင်းအတွင်းမှာ နေကြတဲ့ တောင်သူများအတွက်ပါ အထူးဝမ်းသာမိပါတယ်။ ကျွန်တော်တို့ သစ်တောဦးစီးဌာနအနေနဲ့ တောင်သူတွေကို သစ်တောကြိုးဝိုင်းအတွင်း တရားဝင်လုပ်ပိုင်ခွင့်ချထားတဲ့ လက်မှတ်အခု တစ်ပါတည်းပေးအပ်မှာ ဖြစ်ပါတယ်။ ကြိုးဝိုင်းအတွင်း ချောင်းမငယ်ရေလှောင်တမံတစ်ဝိုက်မှာ ဦးတင်မြင့်ပါ ငါးဦးကို သီးနှံသစ်တောရောနှောစိုက်ခင်း ၁၆ ဧကမှာ တာဝန်ပေးအပ်မှာဖြစ်ပြီး အဲဒီ ၁၆ ဧကထဲမှာ ကျွန်းပင် ၃၅၀ ၊ ပျဉ်းကတိုး ၁၅၀၊ ပိတောက် ၁၅၀ နှင့် ယူကလစ် ၂၀၀ စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျေးရွာပြည်သူတွေအတွက် ကျေးရွာသုံး ထင်းစိုက်ခင်း နှစ်ဧကကိုလည်း စိုက်ပျိုးပြီးစီးပြီး ဖြစ်ပါတယ်။"

"ဝန်ကြီးခင်ဗျား။ ဒီနေ့တာဝန်ကြောင့် မတက်ရောက်နိုင်ပေမယ့် ကျွန်တော်တို့ သီးနှံသစ်တော ရောနှောစိုက်ခင်း စီမံကိန်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်း ကျေးရွာချင်းဆက်လမ်းနှင့် ကုန်ထုတ်လမ်းတွေ ဖောက်လုပ်ဖို့ စီစဉ်ထားရှိပြီး ဖြစ်ပါတယ်။ အဲဒီလမ်းတွေက ကြိမ်ဖန် (မြောင်းပေါက်)- ကျောင်းစုကျေးရွာအုပ်စု ဆက်သွယ်သည့်လမ်း ဖောက်လုပ်ခြင်း၊ အောင်ကြီးကုန်း ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် လယ်သာမြောင်- ကြိမ်ဖန်ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းတွေပဲ ဖြစ်ပါတယ်။ ဒီလမ်းဖောက်လုပ်ခြင်းလုပ်ငန်းတွေကိုတော့ လာမည့်ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်သွားမယ်လို့ သိရှိရပါတယ်။

သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ရှင်းလင်းတင်ပြ အပြီးတွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်တင်ပြခြင်းဖြစ်သည်။

## လျှပ်စစ် ၅၀ ကီလိုဝပ် ထုတ်နိုင်

စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြအပြီးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက-

"ကနေ့ ဦးစီးဌာနတွေရဲ့ လုပ်ငန်းဆောင်ရွက်ထားရှိမှုတွေကို ကြားရတဲ့အတွက် ဝန်ကြီးဌာနအနေနဲ့ အများကြီးဝမ်းသာမိပါတယ်။ အထူးသဖြင့် ချောင်းမငယ်ရေလှောင်တမံဟာ နေပြည်တော်ပြည်ထောင်စုနယ်မြေမှာ နေကြတဲ့ပြည်သူတွေ သောက်သုံးရေ ရရှိရေး၊ စပါးအပါအဝင် သီးနှံများ စိုက်ပျိုးရေးအတွက် အလွန်အရေးပါတဲ့ ရေလှောင်တမံတစ်ခုပဲ ဖြစ်ပါတယ်။ ဒီရေလှောင်တမံစီမံကိန်းကို ၂၀၀၁-၂၀၀၂ တွင် စတင်ခဲ့ပြီး ၂၀၁၃-၂၀၁၄ မှာ ပြီးစီးခဲ့ပါတယ်။ ဒီရေလှောင်တမံရဲ့ ရေဆင်းဧရိယာဟာ ၁၀၃ စတုရန်းမိုင်ရှိပြီး နှစ်စဉ်ပျမ်းမျှစီးဝင်ရေဟာ ဧကပေ ၇၅၀၀၀ ဖြစ်ပါတယ်။ ဒီရေလှောင်တမံကနေပြီး လယ်ဝေးမြို့နယ်အတွင်းမှာရှိတဲ့ စိုက်ပျိုးမြေတွေ ရေပေးဝေလျက်ရှိပြီး စပါးသီးနှံအပါအဝင် သီးနှံတွေအတွက် စိုက်ပျိုးရေပေးဝေလျက်ရှိပါတယ်။ ဆည်ရေပေးဝေနိုင်တဲ့ ဧရိယာဟာ ၇၂၁၉ ဧက ရှိပါတယ်။ ဒါ့အပြင် ဒီရေလှောင်တမံမှာ အချင်း ၁၉ လက်မရှိတဲ့ သံမဏိပိုက်တစ်လုံး တပ်ဆင်ပြီး ရေအားလျှပ်စစ် ၅၀ ကီလိုဝပ် ထုတ်နိုင်ပါတယ်။ သိပ်ပြီး များများစားစား မဟုတ်ပေမယ့် ဒီနားတစ်ဝိုက်တော့ သုံးနိုင်တဲ့အနေအထားရှိပါတယ်။"

"ဒီရေလှောင်တမံ ပတ်ဝန်းကျင်မှာ အခုလို သီးနှံသစ်တောရောနှောစိုက်ခင်းတွေ ဆောင်ရွက်ခြင်းဖြင့် ရုံးပင်သစ်တောကြိုးဝိုင်းကို ထိန်းသိမ်းရာရောက်တဲ့အပြင် ဒီသီးနှံတွေ ရောင်းချလို့ရတဲ့ ဝင်ငွေ၊ မွေးမြူရေးလုပ်ငန်းကရတဲ့ ဝင်ငွေတွေကြောင့် ဒေသခံပြည်သူတွေ တစ်ဦးချင်းဝင်ငွေ တိုးတက်လာပြီး လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်တဲ့နေရာမှာ သာမန်သီးနှံတွေ စိုက်ပျိုးတာမဟုတ်ဘဲ အရင်တိုင်းရင်းဒေသမျိုး သီးနှံတွေ စိုက်ပျိုးဖို့ လိုပါတယ်။ ဆိုလိုတာက ငှက်ပျောသီးဆိုရင် သီးမွှေးတို့၊ ဖီးကြမ်းတို့ဟာ နေရာတိုင်းမှာရနိုင်တဲ့ ငှက်ပျောသီးတွေ ဖြစ်တယ်။ ဒီတော့ ဟိုတုန်းကရှိတဲ့ နံ့သာဖူးတို့၊ ဝက်မလွတ်တို့ ငှက်ပျောချဉ်တို့လို ရှားပါးတဲ့ ငှက်ပျောသီးမျိုး၊ ထောပတ်ပင်လိုမျိုး၊ နဂါးမောက်သီးလိုမျိုးစိုက်ဖို့ လိုပါတယ်။ အဲ့ဒါဆိုရင် ရွာသားတွေလည်း ဝင်ငွေရ၊ တစ်ဖက်က ဒေသကြက်မွေးတာ၊ ဘဲမွေးတာ၊ ငါးမွေးတာကလည်း ဝင်ငွေရမယ်ဆိုရင် ဒေသခံတောင်သူတွေ သေချာပေါက် မိသားစုအဆင့်အတန်း မြင့်မားလာမှာပါ။"

## အလွန်ကောင်းမွန်တဲ့အစီအမံ

"ဟုတ်ပါတယ် ဝန်ကြီးခင်ဗျား။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးက တွဲဖက်လုပ်ဆောင်သင့်ပါတယ်။ စိုက်ပျိုးရေးက အချိန်ကာလတစ်ခုကြာမှ ဝင်ငွေရပြီး မွေးမြူရေးကတော့ အချိန်တိုအတွင်း ဝင်ငွေရနိုင်ပါတယ်။ ဒါကြောင့် မွေးမြူရေးပါ တွဲဖက်လုပ်ပေးခြင်းအားဖြင့် စိုက်ပျိုးရေးက ဝင်ငွေမရသေးတဲ့ အချိန်မှာ မွေးမြူရေးက ရနိုင်တာကြောင့် အလွန်ကောင်းမွန်တဲ့ အစီအမံပါခင်ဗျာ။"

ဒုတိယဝန်ကြီးက ဖြည့်စွက်တင်ပြလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်တို့ ဒေသကြက်တွေကို ပဋိဇီဝဆေးကင်းတဲ့အစာတွေ ကျွေးပြီး မွေးဖို့ ဆွေးနွေးထားပါတယ်ခင်ဗျာ။ အဲဒါဆိုရင် ကျွန်တော်တို့ ဒီက မွေးမြူထုတ်လုပ်တဲ့ကြက်တွေက အော်ဂဲနစ်ကြက်တွေ ဖြစ်လာပါမယ်ခင်ဗျာ။"

"ကျွန်တော်တို့ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်တွေကိုလည်း ဓာတ်မြေဩဇာမကျွေး၊ ပိုးသတ်ဆေးမဖျန်းဘဲ စိုက်ပျိုးစေမှာပါခင်ဗျာ။ အဲဒါမှ ကျွန်တော်တို့ဆီက ထုတ်လုပ်တဲ့ သီးနှံတွေ ဟင်းသီးဟင်းရွက်တွေက အော်ဂဲနစ်သီးနှံတွေ ထုတ်လုပ်မှာပါခင်ဗျာ။"

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ကလည်း အပြိုင်အဆိုင် တင်ပြဆွေးနွေးကြသည်။

## ပြည်ပခရီးသွားဖိတ်ခေါ်နိုင်မည့်နေရာ ဖန်တီး

"အေး ဟုတ်ပြီ။ ခင်ဗျားတို့ တင်ပြဆွေးနွေးတာ ကောင်းပါတယ်။ ဒီချောင်းမငယ် ရေလှောင်ကန်တစ်ဝိုက် ကျွန်တော်တို့စောစောက သစ်ပင်လိုက်စိုက်ရင်း တချို့တောတွေက သဘာဝအတိုင်းပဲရှိသေးတယ်။ အဲဒီသဘာဝသစ်တောတွေကို မပျက်စီးအောင် သစ်တောဦးစီးဌာနက ထိန်းသိမ်းမယ်။ သစ်တောသစ်ပင်တွေ ထပ်ပြီး စိုက်ပျိုးမယ်၊ ပြုစုပျိုးထောင်မယ်။ စိုက်ပျိုးရေးကလည်း နေရာတိုင်းမှာ ဝယ်မရနိုင်တဲ့ ရှားပါးတဲ့ ဒေသထွက်ငှက်ပျောသီးမျိုး အပါအဝင် သီးနှံမျိုးတွေစိုက်ပျိုးမယ်။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက တစ်သျှူးမျိုးပွားနည်းနဲ့ မျိုးပင်ရအောင် ထုတ်လုပ်ပေးမယ်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဒေသကြက်၊ ဘဲတွေကို အော်ဂဲနစ်ဖြစ်အောင်မွေးပေးမယ်။ ငါးလုပ်ငန်းဦးစီးဌာနကလည်း ငါးမျိုးကောင်း မျိုးသန့်တွေကို တမံထဲလည်း လွှတ်၊ ရေကန်တို့ တစ်ဖက်ပိတ်ဆည်တို့ လုပ်လို့ရတဲ့နေရာမှာ ငါးမွေးပေးမယ်ဆိုရင် ဒီချောင်းမငယ်ရေလှောင်တမံက သဘာဝအလှအပတွေ ကြွယ်ဝပြီး အော်ဂဲနစ်သီးနှံ၊ အော်ဂဲနစ်ကြက်သားနဲ့ လတ်ဆတ်တဲ့သားငါးတွေ ထုတ်လုပ်တဲ့နေရာ ဖြစ်လာမယ်။ အေး... အဲဒီလိုဆိုရင်တော့ ဟိုတယ်နဲ့ ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို တစ်ခေါက်လောက်ဖိတ်ပြီး ခရီးသွားဖို့၊ လည်ဖို့ပတ်ဖို့ကောင်းတဲ့နေရာ၊ ပြည်ပခရီးသွားတွေကို ဖိတ်ခေါ်နိုင်မည့်နေရာ ကလေးဖြစ်အောင် ဖန်တီးရရင်တော့ ...... သိပ်ပြီးကောင်းမှာပဲ။"

ပြည်ထောင်စုဝန်ကြီးက အတွေးပေါင်းများစွာဖြင့် သူ့စကားကို အဆုံးသတ်ခဲ့သည်။

ချောင်းမငယ် ရေလှောင်တမံမှ အပြန်တွင် ဖြန့်ကြက်သော အတွေးပေါင်းများစွာဖြင့် ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနများ စုပေါင်း၍ **"ချောင်းမငယ် အပျိုမကို အလှဆင်မည့်အရေး"** မျှော်တွေးရင်း ဤ **"ချောင်းမငယ်၏ အနာဂတ်"** ဆောင်းပါးကို ရေးသားဖြစ်ပါသည်။

# ကိုဗစ်ကပ်

ဆရာမဲဇာ

၂၀၁၉ ခု နှစ်ကုန်ပိုင်းမှာ အမျိုးအမည်မသိ ရောဂါတစ်ခု တရုတ်နိုင်ငံ ဝူဟန်မြို့မှာ စတင်ဖြစ်ပွားခဲ့ပါသည်။ အပြင်းဖျား၊ အသက်ရှူကျပ်ပြီး ရုတ်တရက်သေဆုံးသွားတတ်သည့် ကူးစက်မြန်ရောဂါတစ်ခုဖြစ်မှန်းသိသည်နှင့် ရောဂါနှင့်ဝေးရာဒေသသို့ ပြေးရှောင်ကြခြင်း၊ အိမ်ထဲမှာပဲနေထိုင်၍ တင်းကျပ်သည့် စည်းကမ်းများ ချမှတ်ခြင်းတို့ကြောင့် ဝူဟန်မြို့ကြီးမှာ ချောက်ချားမှုကြောင့် ခြောက်ကပ်သွားပါသည်။

**အမေရိကန်နိုင်ငံသို့ ရောက်ရှိ**

ကူးစက်မြန်ပြင်းထန် အဆုတ်ရောင်ရောဂါ (Severe Acute Respiratory Syndrome) SARS ရောဂါဖြစ်စေသော ကိုရိုနာဗိုင်းရပ်စ်ပိုးနှင့် ဆင်တူပိုးကို ၂၀၂၀ နှစ်ဆန်းမှာ ရှာဖွေတွေ့ရှိခဲ့ပါသည်။ ထိုအချိန်တွင် (SARS Cov–2 ) ဟုခေါ်သော ရောဂါပိုးမှာ ဥရောပသို့ ရောက်ရာမှတစ်ဆင့် အမေရိကန်နိုင်ငံသို့ ရောက်ရှိသွားခဲ့ပါသည်။

ကိုရိုနာဗိုင်းရပ်စ် အမှတ် ၂ (Cov–2) ကိုလည်း ဝူဟန်ဗိုင်းရပ်စ်၊ တရုတ်ဗိုင်းရပ်စ်ဟု အမည်တပ်ပြီး ရောဂါစတင်ဖြစ်ပွားပုံနှင့်ပတ်သက်၍ ကောလာဟလများစွာ ထွက်ပေါ်ခဲ့သည်။ ထိုဗိုင်းရပ်စ်များကို ယခင်ကပင် လင်းနို့များ၌ သဘာဝအတိုင်း တွေ့ရှိပြီးဖြစ်၍ ဝူဟန်သားငါးဈေးကြီးတွင် တွေ့ရှိရသော သားကောင်များ၊ အသားများမှတစ်ဆင့် လူတို့ထံ ခုန်ကူးသည်ဟု သုံးသပ်ခဲ့ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း မကြာခင်ကာလအထိ အစဉ်တစိုက် သဘောတူလက်ခံခဲ့၏။

**ထပ်မံစွပ်စွဲ**

အမေရိကန်သမ္မတဟောင်း ထရမ့်ကမူ ဝူဟန်မြို့ ရှိ ဓာတ်ခွဲခန်းမှ ထွက်လာကြောင်း ယုံကြည်ပြီး WHO (World Health Organization) သည် တရုတ်ဘက်လိုက်သည်ဟု စွပ်စွဲကာ ထိုကမ္ဘာ့အဖွဲ့ကြီးမှ နုတ်ထွက်ပြီး ပေးရမည့် ထောက်ပံ့ငွေကြေးများကိုလည်း ရပ်ဆိုင်းခဲ့၏။ ၂၀၂၁ နှစ်ဆန်းမှာ သမ္မတဖြစ်လာသော ဂျိုးဘိုင်ဒင်က WHO သို့ ပြန်လည်ဝင်ရောက်ခဲ့သည်။ သို့သော် ယခုအခါတွင် အမေရိကန်မှ ဦးဆောင်၍ ဓာတ်ခွဲခန်းထွက် ဗိုင်းရပ်စ်ပိုးဖြစ်ကြောင်း ထပ်မံစွပ်စွဲသံ ကျယ်လောင်လာပြန်ပါသည်။

SARS Cov–2 ဗိုင်းရပ်စ်ကိုလည်း WHO က နိုင်ငံနာမည်၊ မြို့နာမည်မတပ်ဘဲ (COVID–19) ကိုဗစ်–၁၉ ဟု အမည်တပ်ပေးလိုက်သဖြင့် ယခုတိုင် ကိုဗစ်–၁၉ ဟု အမည်တွင်နေ၏။ ထိုအမည်ဖြင့် ကမ္ဘာ့ကပ်ရောဂါကြီးဖြစ်လာသည်မှာ အချိန်တစ်နှစ်ခွဲခန့်အတွင်း လူသားသန်းပေါင်းနှစ်ရာနီးပါး ကူးစက်ခံခဲ့ရပြီး ၃ ဒသမ ၉ သန်းကျော် သေဆုံးသွားခဲ့ရပြီ ဖြစ်ပါသည်။

**တိုင်းတာဖော်ထုတ်**

မြန်မာနိုင်ငံသို့လည်း ၂၀၂၀ ပြည့်နှစ် မတ်လမှစ၍ ပထမဆုံးလူနာကို စတင်တွေ့ရှိခဲ့ပြီး ခပ်ကျဲကျဲ ရောဂါပျံ့နှံ့နေရာမှ ၂၀၂၀ နှောင်းပိုင်းတွင် အရှိန်အဟုန်ဖြင့် ကူးစက်ပြန့်သွားခဲ့ပါသည်။ ကိုဗစ်–၁၉ ရောက်ခါစမှာ မြန်မာနိုင်ငံတွင် ပိုးရှာကိရိယာမရှိပါ။ ထိုင်းနိုင်ငံမှတစ်ဆင့် ဂျာမနီနိုင်ငံအထိ ပေးပို့၍ စစ်ဆေးခဲ့ရ၏။ နောက်ပိုင်းတွင် RT–PCR ခေါ် ဓာတ်ခွဲပစ္စည်းဖြင့် တိကျစွာစစ်ဆေးနိုင်ခဲ့ပြီး လွယ်ကူမြန်ဆန်စွာ စစ်ဆေးနိုင်သော Antigen Test Kit များကို သုံးလာနိုင်သဖြင့် ရောဂါကို အကြမ်းဖျင်းအားဖြင့် တိုင်းတာဖော်ထုတ်ပေးခဲ့ပါသည်။

ရောဂါပိုးတွေ့ရှိသူကို သီးသန့်ခွဲထားခြင်း (Quarantine) လုပ်ခြင်း၊ ရောဂါပြင်းထန်သူများအတွက် သီးသန့်ဆေးရုံများတွင် ကုသပေးခြင်း၊ ရောဂါပိုးတိုးချဲ့ရှာဖွေခြင်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးခဲ့ပါသည်။ ရောဂါပိုး ကူးစက်ခံရသူများကြားတွင် အနံ့ပျောက်သည့် ပြဿနာရှိလာသူများပြားလာသဖြင့် အနံ့ပျောက်သူများအတွက် သီးသန့်စောင့်ကြည့်ရန်နေရာများ စီစဉ်ပေးခဲ့ပါသည်။

**ဝန်ဆောင်မှုများပေး**

ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့ရှိသူများနှင့် ဆက်စပ်




◆ **SARS Cov-2 ဗိုင်းရပ်စ်ကိုလည်း WHO က နိုင်ငံနာမည်၊ မြို့နာမည် မတပ်ဘဲ (COVID-19) ကိုဗစ်-၁၉ ဟု အမည်တပ်ပေးလိုက်သဖြင့် ယခုတိုင် ကိုဗစ်-၁၉ ဟု အမည်တွင်နေ၏။ ထိုအမည်ဖြင့် ကမ္ဘာ့ကပ်ရောဂါကြီး ဖြစ်လာသည်မှာ အချိန်တစ်နှစ်ခွဲခန့်အတွင်း လူသားသန်းပေါင်းနှစ်ရာနီးပါး ကူးစက်ခံခဲ့ရပြီး ၃ ဒသမ ၉ သန်းကျော် သေဆုံးသွားခဲ့ရပြီဖြစ်**

သူများကို လိုက်လံရှာဖွေခြင်း (Contact Tracing) များကိုလည်း ကျန်းမာရေးဝန်ထမ်းများက အခက်အခဲများကြားမှ ကြိုးစားရှာဖွေခဲ့ကြပါသည်။ ရောဂါကုသရေးလုပ်ငန်းများတွင်လည်း ကိုယ်တိုင်ရောဂါအဖြစ်ခံ၍၊ ကိုယ်တိုင်အသက်နှင့်ရင်း၍ ဝန်ဆောင်မှုများ ပေးခဲ့ကြပါသည်။

ထိုအချိန်ကာလအတွင်း ကမ္ဘာပေါ်တွင် ကိုဗစ်–၁၉ ဗိုင်းရပ်စ်ပိုးသည် တွင်ကျယ်စွာ ပျံ့နှံ့၍သွားရုံမက ဗီဇပြောင်းလဲမှုများ တစ်ဆင့်ပြီးတစ်ဆင့် ဖြစ်လာခဲ့ပါသည်။ ဘေးအန္တရာယ်ရှိသော ဗီဇပြောင်းပိုးကို အင်္ဂလန်နိုင်ငံတွင် စတင်တွေ့ရှိပြီး ထိုနိုင်ငံမှတစ်ဆင့် ကမ္ဘာပြန့်သွားခဲ့ရာ မြန်မာတို့၏ အိမ်နီးချင်း ထိုင်းနိုင်ငံသို့ ရောက်ရှိသွားခဲ့ပါသည်။ တောင်အာဖရိကနိုင်ငံတွင်လည်း ဗီဇပြောင်းပိုးတစ်မျိုး၊ ဘရာဇီးနိုင်ငံတွင် နောက်တစ်မျိုးနှင့် အိန္ဒိယနိုင်ငံတွင် နောက်ထပ်တစ်မျိုး တွေ့လာကြ၏။ ၂၀၂၀ နှစ်ကုန်ပိုင်းတွင် ပြောင်းလဲကူးစက်လာသော ကိုဗစ်–၁၉ သည် ကမ္ဘာပေါ်တွင် စတုတ္ထလှိုင်းကြီးအဖြစ် ရိုက်ခတ်ခဲ့ရာ ဥရောပနိုင်ငံအများအပြားနှင့် တောင်အမေရိက၊ အိန္ဒိယတိုက်ငယ်၊ အရှေ့တောင်အာရှနှင့် ဂျပန်နိုင်ငံတို့သို့ ပြန်လည်ထိခိုက်စေခဲ့လေသည်။

**အာဂျင်တီးနားနှင့် ချီလီနိုင်ငံသို့ ပျံ့နှံ့**

အင်္ဂလိပ်မျိုးကွဲကို အယ်လ်ဖာ (Alpha)၊ တောင်အာဖရိကမျိုးကွဲကို (Beta)၊ ဘရာဇီးမျိုးကွဲကို (Gamma)နှင့် အိန္ဒိယမျိုးကွဲကို ဒယ်လ်တာ (Delta) ဟု ဂရိအက္ခရာများနှင့် အမည်တပ်ပေးလိုက်သောအခါ ပိုမို၍ရှုပ်ထွေးသွားလေတော့သည်။ ထိုမျိုးကွဲများထဲမှ မြန်မာနိုင်ငံသို့ ရောက်ရှိလာရာတွင် အင်္ဂလိပ်မျိုး၊ အိန္ဒိယမျိုး နှစ်မျိုးအပြင် နောက်ထပ် ကပ်ပါ(Kappa) ဟူသော မျိုးကွဲတစ်မျိုးကိုပါ တွေ့ရကြောင်း ထုတ်ပြန်ထားပါသည်။ ဤသို့ရှိချိန်တွင် အိန္ဒိယနိုင်ငံ၌ ဒယ်လ်တာပလပ်စ် (Delta Plus) မျိုးကွဲ ထပ်တွေ့နေပြီး အင်္ဂလန်သို့ ပျံ့နှံ့ရောက်ရှိသွား၏။ ပီရူးနိုင်ငံတွင်လည်း လမ်ဒါ (Lambda) ဟူသော မျိုးကွဲတစ်မျိုး အသစ်တွေ့ရှိပြီး အာဂျင်တီးနားနှင့် ချီလီနိုင်ငံသို့ ပျံ့နှံ့၍ နေလေပြီ။

ဖြစ်ရိုးဖြစ်စဉ်အရ ဗိုင်းရပ်စ်ပိုးများသည် လူတို့၏ ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်သွားလျှင် ရောဂါပေးခြင်း၊ မျိုးပွားခြင်း၊ ဆင့်ပွားကူးစက်ခြင်းများကို လုပ်ဆောင်၏။ ကူးစရာလူထပ်မတွေ့လျှင် မှီခိုနေသော လူသေသွားလျှင် ဗိုင်းရပ်စ်များသေ၏။ ဆင့်ပွားကူးစက်ရင်း လူတို့၏ ကိုယ်ခံအားကြောင့် ဗိုင်းရပ်စ်များ အားလျော့သွားတတ်ပါသည်။

ယခု ကိုဗစ်–၁၉ သည် အားမလျော့သည့်အပြင် ကိုဗစ်–၂၀၊ ကိုဗစ် ၂၁ ကာလထဲသို့ ရောက်ရှိကာ ပို၍ပို၍ အားကောင်းလာသည်မှာ ထူးခြားချက်တစ်ရပ်ပင်။ (၁၉၁၈–၁၉၁၉) ကာလတုန်းက ကပ်ရောဂါအသွင်ဖြစ်ခဲ့သော စပိန်တုပ်ကွေးသည် အားလျော့ကာ ယနေ့ထက်တိုင် (H1N1) ဗိုင်းရပ်စ်အဖြစ် သာမန်တုပ်ကွေးရောဂါကို ပေးနေဆဲပင်။ ကိုဗစ်–၁၉ သည် တစ်ချိန်ချိန်မှာ ဤသို့ဖြစ်သွားမည်ထင်သော်လည်း အစွမ်းထက်သော မျိုးကွဲများအဖြစ် ထွက်ပေါ်လာနေ၏။

**ကာကွယ်ဆေးအလုံး သန်း ၇၀၀ လို**

ကမ္ဘာ့လူသားများအတွက် စိုးရိမ်စရာဖြစ်လာရသည့်အထဲတွင် ကျန်းမာရေးကဏ္ဍမှာ လက်ရှိအောင်မြင်နေသော ကိုဗစ်–၁၉ ကာကွယ်ဆေးများ၏ ထိရောက်မှုကို စိန်ခေါ်လာသဖြင့် ပညာရှင်များ စိတ်ညစ်နေကြလေပြီ။ တစ်ကြိမ်ထိုး ကာကွယ်ဆေးမျိုး၊ နှစ်ကြိမ်ထိုး ကာကွယ်ဆေးမျိုးတွေ ကမ္ဘာဖြန့်ကာ ထိုးပေးနေသော်လည်း ကိုဗစ်–၁၉ မျိုးကွဲများအပေါ် မည်မျှထိရောက်စွာ ကာကွယ်နိုင်မည်လဲမသိ။ ပူပန်နေရဆဲတွင် ကမ္ဘာကြီးမှာ ကာကွယ်ဆေးအလုံးပေါင်း သန်း ၇၀၀ ထပ်လိုနေကြောင်း WHO က ပြောလာ၏။

အင်အားကြီးနိုင်ငံများက ငွေနှင့်ပေါက်၍ ကာကွယ်ဆေးများ ရယူသွားခြင်း၊ ဆင်းရဲသောနိုင်ငံများ၊ အင်အားနည်းသော နိုင်ငံများအပေါ် နိုင်ငံရေးကစားဖို့ ကာကွယ်ဆေးကို အသုံးချလာခြင်း စသည့်လူသားတို့၏ စရိုက်ဆိုးများသည်လည်း ရေထဲမိုးထဲတွင် ပေါ်လွင်လာပြီဖြစ်ပါသည်။ စရိုက်ဆိုးထဲတွင် ခိုကိုးရာမဲ့နေသော ဝေဒနာရှင်များကို စွန့်ခွာထွက်သွားရက်သူများကိုလည်း ကြုံခဲ့ရ၏။

သိကြားမင်းလည်း ဆင်း၍ မကယ်နိုင်ပြီ။ ကိုယ့်ကိုယ်ကိုယ်သာ အားကိုးစရာရှိပါ၏။ ၂၀၂၀ မတ်လမှစ၍ ယနေ့ထိ အကျင့်ရနေပြီဖြစ်သော

- နှာခေါင်းစည်း ( Mask ) တပ်ခြင်း၊
- လက်ကိုဆပ်ပြာနှင့် ရေသန့်ဖြင့် စက္ကန့်နှစ်ဆယ်ကြာဆေးခြင်း၊
- တစ်ယောက်နှင့်တစ်ယောက် ခြောက်ပေခွာ၍နေခြင်း၊
- လူစည်ကားရာနေရာများကို ရှောင်ရှားခြင်းဟူသည့် အချက်လေးချက်ကို တိကျစွာဆက်လက်လိုက်နာဖို့ရာသာ ရှိပါ၏။

မြန်မာတစ်နိုင်ငံလုံးမှာ စည်းကမ်းတကျကာကွယ်နေကြလျက် မည်သည့်အကြောင်းကြောင့် ယခုအခါ ပြန်လည်ခေါင်းထောင်လာသနည်း။

- မျိုးဗီဇပြောင်းကိုဗစ်များကြောင့်လား၊
- နယ်စပ်ပေါက်များမှ အလွယ်တကူဝင်ရောက်လာ၍လား၊
- ကိုဗစ်စည်းကမ်းများကို တိကျစွာ မလိုက်နာကြ၍လား။

လောလောဆယ်တော့ ဗီဇပြောင်းကိုဗစ်ကိုသာ တရားခံရှာရလေတော့သည်။ အမှန်တကယ် ဘယ်နေရာများမှာ အားနည်းနေသလဲ အကြောင်းရင်း ကို ဖွေရှာလျှင် များများစားစား မရှိ ကိုယ့်ဝမ်းနာကိုယ်သာသိပါသည်။

- နှာခေါင်းစည်းများ မတပ်မှု၊
- တပ်လျှင်လည်း စည်းကမ်းအတိုင်း မလိုက်နာဘဲ တပ်မှု၊
- လက်ကိုစနစ်တကျ ဆေးဖို့ မေ့သွားမှု၊
- အချင်းချင်း ခြောက်ပေမခွာဘဲ မလွှဲသာ၍ နေထိုင်ဆက်ဆံမှု၊
- ဈေးကအစ စားသောက်ဆိုင်၊ စူပါမားကတ်အဆုံး လူစည်ကားရာနေရာများနှင့် မကင်းနိုင်မှု၊
- လူစည်အောင် တမင်ဖန်တီးခဲ့ကြမှုများ၏ အစုအပေါင်းကို ယနေ့တွေ့ကြရလေပြီ။

ယခုကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သီးသန့်သတိပေးနေသော အချက်တစ်ခုကိုလည်း မေ့၍မဖြစ်၊ မသိ၍မဖြစ်။

ကိုဗစ်–၁၉ ဗိုင်းရပ်စ်ပိုးသည် လူ၏ တံတွေးထဲတွင် ၉၀ ရာခိုင်နှုန်းမက ပါဝင်နေကြောင်းပင်။ ကွမ်းတွေဝါး၍ တံတွေးတဖျစ်ဖျစ်ထွေးခြင်း ဝါသနာကို အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် ရွှေမြန်မာတို့ ဝါသနာပါကြ၏။ တရုတ်တို့သည် မကောင်းဆိုးရွားကို နှင်ရန် တံတွေးတဖျစ်ဖျစ်ထွေးကြ၏။

သို့ဖြစ်၍ ကိုဗစ်ကပ်ရောဂါများ ထပ်ကာထပ်ကာဖြစ်လာရန် ကျွန်ုပ်တို့မှာ ဝါသနာကိုယ်စီ ရှိပြီးသားဖြစ်ပါ၏။

ဝါသနာကို တားမှဖြစ်မည်။

တစ်ဦးချင်း စည်းကမ်းတကျ ကာကွယ်ခြင်းဖြင့် အများကြား ကူးစက်ပြန့်ပွားမှု လျှော့ချနိုင်သည်။ အများကြားမှာ ကူးစက်ရောဂါလျှော့ချနိုင်လျှင် မိမိထံ တစ်ဖန် ပြန်လည်ကူးစက်မှုကို ထိရောက်စွာ ကာကွယ်နိုင်သည်။ ။

# မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့အား နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ် ၂၇၈ /၂၀၂၁**
**၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်**
**(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၇ ရက်)**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019– COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် COVID–19 ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာပြီး ပိုးတွေ့နှုန်း မြင့်တက်လျက်ရှိပါသဖြင့် အဆိုပါမြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါ မြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်–

(က) **မကွေးတိုင်းဒေသကြီး**
- (၁) ဂန့်ဂေါမြို့နယ်၊

(ခ) **မွန်ပြည်နယ်**
- (၁) မော်လမြိုင်မြို့နယ်၊
- (၂) သံဖြူဇရပ်မြို့နယ်၊
- (၃) သထုံမြို့နယ်၊

(ဂ) **ရန်ကုန်တိုင်းဒေသကြီး**
- (၁) မင်္ဂလာဒုံမြို့နယ်၊
- (၂) မှော်ဘီမြို့နယ်၊
- (၃) ရွှေပြည်သာမြို့နယ်၊
- (၄) လှိုင်သာယာမြို့နယ်၊
- (၅) အင်းစိန်မြို့နယ်၊
- (၆) တောင်ဥက္ကလာပမြို့နယ်၊
- (၇) မင်္ဂလာတောင်ညွန့်မြို့နယ်၊
- (၈) မြောက်ဥက္ကလာပမြို့နယ်၊
- (၉) ဗဟန်းမြို့နယ်၊
- (၁၀) မရမ်းကုန်းမြို့နယ်။

၃။ အဆိုပါမြို့နယ်များရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင် သော ပြည်သူများသည် အောက်ပါစည်းကမ်း ချက်များကို လိုက်နာရမည် –

(က) မိမိနေအိမ်တွင်သာ နေထိုင်ရန် –

(၁) အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများမပါ၊

(၂) ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့် ဘဏ်နှင့် ငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင် များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်း လုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်း များ၊ ရေသန့်ထုတ်လုပ် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံး ပစ္စည်း ထုတ်လုပ်သည့် စက်ရုံများတွင် တာဝန် ထမ်းဆောင်ရန် သွားရောက်သူများနှင့် ဆက်စပ် ဆောင်ရွက်ရသည့် လုပ်ငန်းများ၌ မဖြစ်မနေ တာဝန်ထမ်းဆောင်သူများမပါ၊

(၃) Relief Flight များ၊ Cargo Flight များနှင့် အထူးစင်းလုံးငှားလေယာဉ် ခရီးစဉ်များအတွက် ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများဖြစ်သော လေကြောင်းလိုင်းများ/ အထွေထွေလေကြောင်း ပို့ဆောင်ရေးလုပ်ငန်းများ၊ မြေပြင်ဝန်ဆောင်မှု လုပ်ငန်းများ၊ လေယာဉ်ဆီဖြည့်တင်းရေးလုပ်ငန်း၊ လေကြောင်းဖြင့် ကုန်စည်တင်သွင်း/တင်ပို့ခြင်း လုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင် ရေး ဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ လေယာဉ် တင် အစားအသောက် ထုတ်လုပ်တင်ပို့ခြင်း လုပ်ငန်း၊ လေယာဉ်ပြုပြင်ထိန်းသိမ်း မွမ်းမံခြင်း လုပ်ငန်းမှ ဝန်ထမ်းများမပါ၊

(၄) ဆိပ်ကမ်းတွင် ကုန်တင်သင်္ဘောများအတွက် ဝန်ဆောင်မှုပေးရသည့် ပုဂ္ဂလိက ဆိပ်ကမ်းများ၊ သင်္ဘောလိုင်း ဌာနေကိုယ်စားလှယ်ရုံးများ၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ ကုန်သေတ္တာ တင် မော်တော်ယာဉ်လုပ်ငန်းများ၊ ဆိပ်ကမ်း ပို့ကုန်/ သွင်းကုန် သယ်ဆောင်သည့် ကုန်တင် မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းများ၊ ကုန်းတွင်း ကုန်သေတ္တာစခန်းများ (Inland Container Depot) နှင့် ကုန်းတွင်းဆိပ်များ (Dry Port) မှ ဝန်ထမ်းများမပါ၊

(၅) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်း များဖြစ်သည့် စာပို့တိုက် ဝန်ဆောင်မှုလုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှု များ (ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်းရောင်းချခြင်း၊ ဒေတာရောင်းချခြင်းများမပါ)၊ တာဝါနှင့် ဖိုင်ဘာ ပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများ မပါ၊

(ခ) ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစား လုပ်ငန်း (CMP) စက်ရုံ၊ အလုပ်ရုံများတွင် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများ အနေဖြင့် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက် ပေးရန်၊

(ဂ) အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊

(ဃ) မဖြစ်မနေ ဈေးဝယ်ထွက်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊

(င) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

(စ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း (Mask)တပ်ရန်၊

(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့် သူများကို ပို့ဆောင်မည့်ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြု ထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

(ဇ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်း အပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံဆေးခန်းသွားရောက် ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦး သာ သွားရောက်ရန်၊

(ဈ) အဆိုပါမြို့နယ်များမှ ကုန်စည်စီးဆင်းမှု အဆင်ပြေ ချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များ သွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)၊ (င)နှင့် (ဇ)တို့ပါ ကိစ္စရပ်များတွင် သတ်မှတ် ဦးရေထက် ပိုမိုရန်ရှိလျှင် ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ် ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့်သွားလာရန်နှင့် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန် ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှ လည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၈–၇–၂၀၂၁ ရက်၊ နံနက် ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

---

*❈ ကျောဖုံးမှ*

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၇–၇–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁,၄၇၄) ခု | (၃၉၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁၄) ခု | (၄၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁,၀၇၆) ခု | (၁၃၉) ဦး |
| နေပြည်တော်၊ အမှတ် (၂)တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၃၁) ခု | (၁၇) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၁၄) ခု | (၁) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၂၈) ခု | (၂၂) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၁၄) ခု | (၁၀၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၆၆၂) ခု | (၇၂၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉,၃၆၅) ခု | (၂,၄၉၉) ဦး |
| စုစုပေါင်း | (၁၄,၆၇၈) ခု | (၃,၉၄၇) ဦး |

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID–19 ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင် ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်များအတွင်းရှိ ပြည်သူ့ဆေးရုံများနှင့် Quarantine Centre များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား ဇူလိုင် ၇**

ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးနှင့် ရောဂါပိုးတွေ့ရှိသူများအား စနစ်တကျထိန်းချုပ်ကုသနိုင်ရေးအတွက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်သည် ပြည်နယ်ကောင်စီအဖွဲ့ဝင်များနှင့်အတူ ဇူလိုင် ၆ ရက် မွန်းလွဲ ၃ နာရီတွင် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ ပြည်သူ့ဆေးရုံများနှင့် Quarantine Centre များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းစစ်ဆေးကြသည်။

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် မြစ်ကြီးနား ပြည်သူ့ဆေးရုံအတွင်း လေးထပ်လူနာဆောင်သစ်၌ ပိုးတွေ့လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအတွင်း လက်ရှိကုသရေး



လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ပြည်နယ်ပြည်သူ့ကျန်းမာရေးဌာန၊ ပြည်နယ်ဦးစီးမှူးနှင့် ဆေးရုံအုပ်ကြီးတို့၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် မြစ်ကြီးနားမြို့ သားဖွားသင်တန်းကျောင်းနှင့် သူနာပြုသင်တန်းကျောင်းတို့၌ ကိုဗစ်-၁၉ လူနာများအား Quarantine Centre ဖွင့်လှစ်၍ အသွားအလာကန့်သတ်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ကျန်းမာရေးစောင့်ရှောက်မှုနှင့် လိုအပ်သည့် အကာအကွယ်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့သည် ဝိုင်းမော်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးရုံ၌ ကိုဗစ်-၁၉ ပိုးတွေ့လူနာများ စနစ်တကျ ကုသဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ဆေးရုံကြီးအတွက် ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

ပြည်နယ် (ပြန်/ဆက်)

## ၇-၇ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၆၂၂၇၂၈ | ၂၉၁၄၅၂၈၅ | ၆၂၁၅၆၂ |
| ၂။ | အိန္ဒိယ | ၃၀၆၆၃၆၆၅ | ၂၉၇၉၉၅၃၄ | ၄၀၄၂၄၀ |
| ၃။ | ဘရာဇီး | ၁၈၈၅၅၀၁၅ | ၁၇၂၆၂၆၄၆ | ၅၂၇၀၁၆ |
| ၄။ | ပြင်သစ် | ၅၇၉၀၅၈၄ | ၅၆၃၆၄၁၆ | ၁၁၁၂၃၁ |
| ၅။ | ရုရှား | ၅၆၈၂၆၃၄ | ၅၁၂၁၉၁၉ | ၁၄၀၀၄၁ |
| ၆။ | တူရကီ | ၅၄၅၄၇၆၃ | ၅၃၂၄၁၁၁ | ၄၉၉၉၆ |
| ၇။ | ဗြိတိန် | ၄၉၅၈၈၆၈ | ၄၃၄၁၃၅၄ | ၁၂၈၂၆၈ |
| ၈။ | အာဂျင်တီးနား | ၄၅၇၄၃၄၀ | ၄၁၉၂၅၄၆ | ၉၆၉၈၃ |
| ၉။ | ကိုလံဘီယာ | ၄၄၀၂၅၈၂ | ၄၁၁၃၉၁၇ | ၁၁၀၀၁၉ |
| ၁၀။ | အီတလီ | ၄၂၆၄၇၀၄ | ၄၀၉၄၄၂၁ | ၁၂၇၇၀၄ |

# မင်္ဂလာဒုံနှင့် မှော်ဘီမြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၌ အမယ် ၄ မျိုးနှင့် COVID-19 ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၇**

တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီး ကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် (၄) မျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝ ရပ်ကွက်ရှိ ရတနာကျောင်းတိုက်နှင့် မှော်ဘီမြို့နယ် ရဲစုကျေးရွာရှိ ရဲစုရွာဦး ကျောင်းတိုက်တို့မှ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်(၄)မျိုး၊ COVID–19 ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို ရန်ကုန်တိုင်းစစ် ဌာနချုပ်၊ မင်္ဂလာဒုံတပ်နယ်နှင့် မှော်ဘီတပ်နယ်တို့မှ တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၇ - ၇ - ၂၀၂၁

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၂၃၇၉၃၉၇ | ၁၉၇၃၃၈၈ | ၆၂၉၀၈ |
| ဖိလစ်ပိုင် | ၁၄၅၀၁၁၀ | ၁၃၇၇၁၃၂ | ၂၅၄၅၉ |
| မလေးရှား | ၇၉၉၇၉၀ | ၇၁၉၆၇၈ | ၅၇၆၈ |
| ထိုင်း | ၃၀၁၁၇၂ | ၂၃၁၁၇၁ | ၂၃၈၇ |
| မြန်မာ | ၁၇၅၉၂၃ | ၁၄၁၂၅၅ | ၃၅၇၀ |
| စင်ကာပူ | ၆၂၆၅၂ | ၆၂၁၁၃ | ၃၆ |
| ကမ္ဘောဒီးယား | ၅၇၁၀၃ | ၄၈၉၇၄ | ၇၉၈ |
| ဗီယက်နမ် | ၂၂၃၄၁ | ၈၀၇၇ | ၉၇ |
| လာအို | ၂၄၀၀ | ၂၁၀၄ | ၃ |
| ဘရူနိုင်း | ၂၆၆ | ၂၅၅ | ၃ |

# ရှမ်းပြည်နယ် ကျိုင်းတုံမြို့နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၌ နှာခေါင်းစည်းများ ပေးဝေလှူဒါန်း

**နေပြည်တော် ဇူလိုင် ၇**

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ရောဂါကာကွယ်ရေး အထောက်အကူဖြစ်စေရန်အတွက် ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ အခြေခံပညာကျောင်းများနှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၊ ကျောက်တံတားမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများသို့ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ နှာခေါင်းစည်း စုစုပေါင်း ၅၆၃၉ ခုကို အခမဲ့ သွားရောက်ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ဖလော်ရီဒါပြည်နယ် လူနေအထပ်မြင့်အဆောက်အအုံပြိုကျမှု သေဆုံးသူ ၃၆ ဦးအထိ မြင့်တက်လာ

ဖလော်ရီဒါ ဇူလိုင် ၇

**အမေရိကန်အရှေ့တောင်ပိုင်း ဖလော်ရီဒါပြည်နယ် ဆာ့ဖ်ဆိုက်ဒေသတွင် ၁၂ ထပ်လူနေအဆောက်အအုံတစ်လုံး ပြိုကျမှုဖြစ်ပွားခဲ့ရာ ယနေ့အထိ သေဆုံးသူ ၃၆ ဦးအထိ မြင့်တက်လာပြီဖြစ်ကြောင်း မိုင်ယာမီဒိတ် အုပ်ချုပ်ရေးမှူး ဒယ်နီလာလီဗိုင်း ကာဗာက ဇူလိုင် ၆ ရက် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။**

၁၀၉ ဦး ပျောက်ဆုံးလျက်ရှိကြောင်း အုပ်ချုပ်ရေးမှူးက ပြောသည်။ မိုင်ယာမီဒိတ်စီရင်စု မီးသတ်အကြီးအကဲ အလန်ကိုမင်စကီးက ရှာဖွေမှုတွင် အားတက်ဖွယ်လက္ခဏာမတွေ့ရကြောင်းနှင့် ကယ်ဆယ်ရေးလုပ်သားများက ရှာဖွေမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

မျှော်လင့်ချက်အလင်းရောင်တစ်စုံတစ်ရာ မတွေ့ရသေးကြောင်း ကိုမင်စကီးက ပြောသည်။ အပူပိုင်းမုန်တိုင်း အယ်လ်ဆာ နီးကပ်လာသောကြောင့် တစ်နာရီလျှင် လေတိုက်နှုန်းမိုင် ၃၀ (၄၈ ကီလိုမီတာ) အထက်တိုက်ခတ်ပြီး လျှပ်စီးလက်ခြင်းများ ဖြစ်ပေါ်လာသောကြောင့် ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများကို နှစ်နာရီကြာရပ်ဆိုင်းခဲ့ရသည်။

အဆိုပါလူနေအထပ်မြင့် အဆောက်အအုံသည် ဇွန် ၂၄ ရက်က ပြိုကျခဲ့သည်။

ဆင်ဟွာ



အဆောက်အအုံပြိုကျရာ၌ သေဆုံးသူများကို အောက်မေ့သတိရသောအားဖြင့် အထိမ်းအမှတ်အရုပ်များနှင့် ပန်းစည်းများ ချိတ်ဆွဲထားသည်ကို တွေ့ရစဉ်။

# ဒယ်လ်တာအသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ်ကို နိုင်ငံနှင့် ဒေသပေါင်း ၁၀၀ ကျော်တွင် တွေ့ရှိ



ကိုဗစ်-၁၉ ဗိုင်းရပ်စ်မျိုးစိတ်သစ်များကို ကိုယ်စားပြုဖော်ပြထားသောပုံများကို တွေ့ရစဉ်။

**ဂျီနီဗာ ဇူလိုင် ၇**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အိန္ဒိယနိုင်ငံတွင် ပထမဆုံး စမ်းသပ်တွေ့ရှိခဲ့သော ဒယ်လ်တာအသွင်ပြောင်း ကိုဗစ်- ၁၉ ဗိုင်းရပ်စ်ကို ယခုအခါတွင် နိုင်ငံနှင့် ဒေသပေါင်း ၁၀၀ ကျော်တွင် တွေ့ရှိနေပြီဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ဒယ်လ်တာ အသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ်ကို ဇူလိုင် ၆ ရက်အထိ နိုင်ငံနှင့် ဒေသပေါင်း ၁၀၄ ခုတွင် တွေ့ရှိခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နောက်ဆုံးဖော်ပြချက်အရ သိရသည်။

ဧပြီ ၂၇ ရက်အထိ အိန္ဒိယနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုအပါအဝင် နိုင်ငံပေါင်း အနည်းဆုံး ၁၇ ခု၊ မေလနှောင်းပိုင်းတွင် နိုင်ငံနှင့် ဒေသပေါင်း ၆၀၊ ဇွန်လနှောင်းပိုင်းတွင် နိုင်ငံနှင့် ဒေသပေါင်း ၉၆ ခုနှင့် ယနေ့အချိန်တွင် နိုင်ငံနှင့် ဒေသပေါင်း ၁၀၄ ခုအထိ ကူးစက်ပျံ့နှံ့နေပြီ ဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၆ ရက်အထိ တခြားကိုဗစ်-၁၉ အသွင်ပြောင်းမျိုးစိတ်သစ်များကို လေ့လာကြည့်ပါက ဗြိတိန်တွင် ပထမဆုံး တွေ့ရှိခဲ့သည့် အယ်လ်ဖာ ကိုဗစ်-၁၉ အသွင်ပြောင်း မျိုးစိတ်သစ်ကို တွေ့ရှိခဲ့သည့် နိုင်ငံပေါင်းမှာ ယခုအခါတွင် ၁၇၃ နိုင်ငံ ရှိလာပြီဖြစ်သည်။

တောင်အာဖရိကတွင် ပထမဆုံးတွေ့ရှိခဲ့သည့် ဘီတာ ကိုဗစ်-၁၉ မျိုးစိတ်သစ် ကူးစက်ဖြစ်ပွားလျက်ရှိသော နိုင်ငံပေါင်းမှာ ယခုအခါတွင် ၁၂၂ နိုင်ငံအထိ တိုးလာခဲ့ပြီဖြစ်သည်။ ထို့အပြင် ဂမ်မာ ကိုဗစ်-၁၉ မျိုးစိတ်သစ် တွေ့ရှိခဲ့သည့် နိုင်ငံပေါင်းမှာလည်း ယခုအခါ ၇၄ နိုင်ငံအထိ ရှိလာခဲ့ပြီ ဖြစ်သည်။

ကိုဗစ်- ၁၉ အသွင်ပြောင်း မျိုးစိတ်သစ်များကို ဆက်လက်စောင့်ကြည့်လျက်ရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ယခုအခါတွင် ကမ္ဘာတစ်ဝန်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုများ တိုးလာခဲ့သည်။

အင်န်အိတ်ချ်ကေ

## နိုင်ငံတကာ ကိုဗစ်-၁၉ သတင်းတိုများ

### တောင်ကိုရီးယားတွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုများ မြင့်တက်

တောင်ကိုရီးယားနိုင်ငံသည် ယခုအခါ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုများနှင့် ရင်ဆိုင်နေရပြီး နေ့စဉ် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုသည် ဇန်နဝါရီမှစကာ ပထမဆုံးအကြိမ်အဖြစ် ၁၀၀၀ ကျော်အထိ မြင့်တက်လာခဲ့သည်။

တောင်ကိုရီးယားအစိုးရက လွန်ခဲ့သော ၂၄ နာရီက ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၁၂၁၂ ဦး တိုးလာကြောင်း ဇူလိုင် ၇ ရက်က ကြေညာခဲ့သည်။

အဆိုပါပမာဏသည် ကိုဗစ်- ၁၉ စတင်ကူးစက်ဖြစ်ပွားချိန်မှစကာ နေ့စဉ် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှု ဒုတိယအများဆုံးဖြစ်သည်။ ဇူလိုင် ၆ ရက် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှု၏ ၈၀ ရာခိုင်နှုန်းကျော်မှာ ဆိုးလ်ဒေသမှဖြစ်သည်။

အင်န်အိတ်ချ်ကေ

### အင်ဒိုနီးရှားနိုင်ငံတွင် နေ့စဉ် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၃၀၀၀၀ ကျော်အထိရှိလာ

အင်ဒိုနီးရှားနိုင်ငံတွင် နေ့စဉ် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၀၀၀၀ ကျော်အထိ ရှိလာခဲ့သည်။ အကြောင်းမှာ အိန္ဒိယနိုင်ငံတွင် ပထမဆုံး တွေ့ရှိခဲ့သည့် ဒယ်လ်တာ ကိုဗစ်- ၁၉ မျိုးစိတ်သစ် ကူးစက်ဖြစ်ပွားမှုကြောင့်ဖြစ်သည်။

ဇူလိုင် ၆ ရက်က ကိုဗစ်- ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၁၁၈၉ ဦးနှင့် သေဆုံးသူ ၇၂၈ ဦး ရှိကြောင်း အတည်ပြုဖော်ပြခဲ့သောကြောင့် အဆိုပါပမာဏသည် နိုင်ငံအတွင်း နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှု အမြင့်ဆုံးဖြစ်လာခဲ့သည်။ ဆေးရုံခုတင်များလည်း ပြတ်လပ်လုနီးပါးဖြစ်ကာ အောက်ဆီဂျင်လိုအပ်ချက်မှာလည်း မြင့်မားလာသည်။

အင်န်အိတ်ချ်ကေ

# အိန္ဒိယတွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ သန်း ၃၀ ကျော်လာ

**နယူးဒေလီ ဇူလိုင် ၇**

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီက ကိုဗစ်- ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၃၇၃၃ ဦး ရှိကြောင်း အတည်ပြု ဖော်ပြခဲ့မှုနှင့်အတူ ဇူလိုင် ၇ ရက်က ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၀၆၆၃၆၆၅ ဦးရှိလာခဲ့ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ဖော်ပြလိုက်သည်။

ထို့အပြင် ဇူလိုင် ၇ ရက်အထိ ကိုဗစ်- ၁၉ ကြောင့် ၉၃၀ ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၄၀၄၂၁၁ ဦး ဖြစ်လာခဲ့သည်။

လွန်ခဲ့သော ရက်အနည်းငယ်အတွင်းက ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် ဆက်တိုက် ကျဆင်းလာပြီးနောက် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူနှင့် သေဆုံးသူ နှစ်မျိုးလုံး မြင့်တက်လာခဲ့သည်။

လတ်တလောတွင် နိုင်ငံအတွင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၄၅၉၉၂၀ ရှိလာသည်။ စုစုပေါင်း ၂၉၇၉၉၅၃၄ ဦး အောင်မြင်စွာ ကုသပေးခဲ့ပြီးနောက် ဆေးရုံမှ ဆင်းလာနိုင်ခဲ့သည်။ **ဆင်ဟွာ**


အိန္ဒိယနိုင်ငံ မာတရာပရာဒေ့ရှ်ပြည်နယ်တွင် အမျိုးသမီးတစ်ဦးကို ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးပေးနေစဉ်။

# ကူးစက်မြန် ဒယ်လ်တာကိုဗစ်-၁၉ မျိုးစိတ်သစ်ကို ရင်ဆိုင်ကျော်လွှားဖို့ အကောင်းဆုံး ကြိုးစားနေတဲ့ ထိုင်းနိုင်ငံ

**လင်းဟန်သစ်**



ဒီပမာဏဟာ ဇွန် ၂၁ ရက်မှ ဇွန် ၂၇ ရက်အထိ ဖြစ်ပွားတဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်ရဲ့ နှစ်ဆကျော် ဖြစ်ပါတယ်။

ထိုင်းနိုင်ငံတစ်ဝန်း ဒယ်လ်တာ ကိုဗစ်-၁၉ အသွင်ပြောင်းမျိုးစိတ်သစ်လျင်မြန်စွာ ကူးစက်ပျံ့နှံ့လျက်ရှိချိန်မှာ နောက်ထပ် ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၅၇ ဦးထပ်တိုးလာခဲ့ပြီးတော့ ၅၄၂၀ ထပ်မံကူးစက်ပျံ့နှံ့ခဲ့ပါတယ်။

လက်ရှိအချိန်မှာတော့ ထိုင်းနိုင်ငံရဲ့ ကိုဗစ်-၁၉ အတည်ပြုလူနာအရေအတွက်ဟာ ၂၈၄၆၅၃ ဦးအထိ ရောက်ရှိလာပြီဖြစ်သလို သေဆုံးသူဦးရေဟာလည်း ၂၃၃၃ ဦးအထိ ရောက်ရှိလာခဲ့ပြီ ဖြစ်ပါတယ်။

## အသစ်အသစ်သော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ ရှိနေ

ထပ်မံကူးစက်ဖြစ်ပွားသော ကိုဗစ်-၁၉ လူနာများအနက် ၅၃၈၃ ဦးမှာ ပုံမှန်လူမှုဘဝတွင် နေထိုင်ရှန်သန်ကြသူများဖြစ်ကာ ၃၇ ဦးမှာ အကျဉ်းသားများ ဖြစ်ကြပါတယ်။ ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ ကိုဗစ်-၁၉ သေဆုံးမှုတွေနဲ့ အသစ်အသစ်သော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေရှိနေတယ်လို့ ကိုဗစ်-၁၉ စီမံခန့်ခွဲရေးစင်တာကပြောကြားလိုက်ပါတယ်။

ထို့အတူ ထိုင်းနိုင်ငံကို ပြန်လာကြတဲ့ ဌာနေပြန်များဆီကလည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ တွေ့ရှိခဲ့တယ်လို့ ကိုဗစ်-၁၉ စီမံခန့်ခွဲရေးစင်တာ ကပြောကြားပါတယ်။ ထိုင်းနိုင်ငံမှာ ဇူလိုင်လကစပြီး နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၅၀၀၀ ကျော်ရှိပါတယ်။ နေ့စဉ် သေဆုံးမှုတွေကလည်း ၅၀ နီးပါးရှိပြီးတော့ ဇူလိုင် ၂ ရက်က ဆိုရင် ၆၁ ဦးတောင် သေဆုံးခဲ့ပါတယ်။

## ဒယ်လ်တာကိုဗစ်-၁၉ ကိုသတိပြုရမယ်

ကိုဗစ်-၁၉ စီမံခန့်ခွဲရေးစင်တာကတော့ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဒယ်လ်တာအသွင်ပြောင်း ကိုဗစ်-၁၉ သတိပေးချက်ကို အတည်ပြုခဲ့ပါတယ်။ နိုင်ငံတစ်ဝန်း ဒယ်လ်တာကိုဗစ်-၁၉ အသွင်ပြောင်းမျိုးစိတ်သစ် လွှမ်းမိုးဖြစ်ပေါ်လာတာဟာ ကြောက်စရာကောင်းပါတယ်။

ဒယ်လ်တာကိုဗစ်-၁၉ အသွင်ပြောင်း မျိုးစိတ်သစ်ကို ပထမဆုံး အိန္ဒိယနိုင်ငံမှာ စတင်တွေ့ရှိခဲ့ပါတယ်။ ဒယ်လ်တာ အသွင်ပြောင်း မျိုးစိတ်သစ်ဟာ တခြား ကိုဗစ်-၁၉ ဗိုင်းရပ်စ်တွေထက် ပိုမိုကြောက်စရာကောင်းပြီး ပိုမိုကူးစက်မြန်ပါတယ်။

## ကာကွယ်ဆေးနှစ်ကြိမ်ထိုးတားသည့်တိုင် ပါးစပ်၊ နှာခေါင်းစည်းနှစ်ထပ်တပ်ရမယ်

ဇွန် ၂၈ ရက်မှ ဇူလိုင် ၂ ရက်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူတွေရဲ့ ၅၂ ရာခိုင်နှုန်းလောက်ဟာ ဒီမျိုးစိတ်သစ်ကြောင့်ဖြစ်ပါတယ်။ ဒီပမာဏဟာ ဇွန် ၂၁ ရက်မှ ဇွန် ၂၇ ရက်အထိ ဖြစ်ပွားတဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်ရဲ့ နှစ်ဆကျော် ဖြစ်ပါတယ်။

တခြားဒေသတွေလည်း ဘန်ကောက်လိုပဲ ပုံစံတူတွေပါပဲလို့ ကိုဗစ်-၁၉ စီမံခန့်ခွဲရေးစင်တာရဲ့ ဒေါက်တာတာဝီဆစ်က ပြောပါတယ်။

ဒေါက်တာ တာဝီဆစ်က အသွင်ပြောင်း ဒယ်လ်တာကိုဗစ်-၁၉ အန္တရာယ်ကို တွန်းလှန်ဖယ်ရှားဖို့ ကာကွယ်ဆေးနှစ်ကြိမ်ထိုးထားသည့်တိုင် ပါးစပ်၊ နှာခေါင်းစည်း နှစ်ထပ်တပ်ကြဖို့ ပြည်သူတွေကို အကြံပြုတိုက်တွန်းထားပါတယ်။

## အခြေအနေတွေကို အကောင်းဆုံး ချိန်ညှိလုပ်ဆောင်ရမယ်

မိမိတို့တွေအနေနဲ့ ဖြစ်ပေါ်လာတဲ့ အခြေအနေတွေကို အကောင်းဆုံးဖြစ်အောင် ချိန်ညှိလုပ်ဆောင်ရမယ်လို့ သူက ပြောပါတယ်။

ဒီလို ဆိုးရွားလာတဲ့ကပ်ရောဂါအခြေအနေကို အကောင်းဆုံး ထိန်းချုပ်နိုင်ဖို့ ထိုင်းအစိုးရဟာ ဖိုက်ဇာ၊ ဆီနိုဗက်၊ မော်ဒါနာအပါအဝင် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ထပ်မံဝယ်ယူဖို့ လုပ်ဆောင်နေကြပြီ ဖြစ်ပါတယ်။

## ထပ်မံမှာယူထားတဲ့ ကာကွယ်ဆေးတွေ ထိုးပေးမယ်

ထိုင်းအစိုးရဟာ အမေရိကန်ပြည်ထောင်စုက ဖိုက်ဇာကိုဗစ်-၁၉ ကာကွယ်ဆေး သန်း ၂၀ ကို ထပ်မံဝယ်ယူဖို့တောင် အတည်ပြုခဲ့ပါပြီ။ ဖိုက်ဇာကိုဗစ်-၁၉ ကာကွယ်ဆေးကို အလုပ်မှာ လူနာတွေနဲ့ အမြဲမပြတ် ထိတွေ့နေရတဲ့ ဆေးဘက်ဆိုင်ရာအလုပ်သမားတွေကို ထိုးပေးဖို့ ထိုင်း အစိုးရက စီစဉ်လျက်ရှိပါတယ်။

နောက်ထပ် အမေရိကန်ပြည်ထောင်စုက မော်ဒါနာကိုဗစ်-၁၉ ကာကွယ်ဆေး ငါးသန်းနဲ့ တရုတ်နိုင်ငံက ဆီနိုဗက်ကိုဗစ်-၁၉ ကာကွယ် ဆေးတွေကို ထပ်မံဝယ်ယူဖို့လည်း ထိုင်းအစိုးရက အတည်ပြုခဲ့ပါ တယ်။

## တတိယအကျော့ကို ထိန်းသိမ်းဖို့ အကောင်းဆုံးကြိုးစား

ထိုင်းနိုင်ငံဟာ ကိုဗစ်-၁၉ တတိယအကျော့ ကူးစက်ဖြစ်ပွားလာတာကို ထိန်းသိမ်းနိုင်ဖို့အတွက် အကောင်းဆုံးကြိုးစားလုပ်ဆောင်နေတာဖြင့် ဝမ်းသာစရာကောင်းလှပါတယ်။ ကိုဗစ်-၁၉ တတိယအကျော့ဟာ ထိုင်းနိုင်ငံအတွက်တော့ အခုအချိန်ထိအဆိုးဆုံးလို့ ပြောရမှာပါ။

ထိုင်းနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးပမာဏ ၁၁ သန်းကျော် ထိုးပေးခဲ့ပြီး ဖြစ်ပါတယ်။ ထိုင်းနိုင်ငံရဲ့ လူဦးရေ သန်း ၇၀ နီးပါးရဲ့ ၇၀ ရာခိုင်နှုန်းကို ယခုနှစ်ကုန်မှာ ကာကွယ်ဆေးထိုးပေးနိုင်ဖို့ ထိုင်းအစိုးရဟာ အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိပါတယ်။

## မီးပုံကြားမှ ရုန်းထနိုင်မယ်လို့ ယုံကြည်

ထိုင်းနိုင်ငံရဲ့ ကိုဗစ်-၁၉ ကိုဗဟိုပြုပြီးဖြစ်ပေါ်လာတဲ့ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ပညာရေးဆိုင်ရာ အကျပ်အတည်းတွေဟာ ထိုင်းနိုင်ငံကို အခြေအနေဆိုးတွေဖြစ်ပေါ်စေပါတယ်။ အခုထိုင်းနိုင်ငံမှာ ရင်ဆိုင်နေရတဲ့ ကိုဗစ်-၁၉ အကျပ်အတည်းဟာ ၁၉၉၇-၁၉၉၈ မှာ ဖြစ်ပွားခဲ့တဲ့ တွမ်ရန်ကောင်စီးပွားရေးအကျပ်အတည်းထက် အများကြီးဆိုးပါတယ်။

သို့သော်လည်း ထိုင်းအစိုးရဟာ သူ့ရဲ့ ကိုယ်ပိုင်သယံဇာတတွေကို အားကိုးအားထားပြုရင်း နိုင်ငံကို မီးပုံကြားမှ ပြန်လည်ရုန်းထနိုင်အောင် ကြိုးစားနိုင်မယ်လို့ ယုံကြည်မိပါတယ်။ ။

ကိုးကား - ဘန်ကောက်ပို့စ်

**ဒေါက်တာ တာဝီဆစ်က အသွင်ပြောင်း ဒယ်လ်တာကိုဗစ်-၁၉ အန္တရာယ်ကို တွန်းလှန်ဖယ်ရှားဖို့ ကာကွယ်ဆေးနှစ်ကြိမ် ထိုးထားသည့်တိုင် ပါးစပ်နှာခေါင်းစည်း နှစ်ထပ်တပ်ကြဖို့ ပြည်သူတွေကို အကြံပြုတိုက်တွန်းထား**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ကရင်ပြည်နယ် မြို့နယ် ၇ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲပေးခဲ့မှုအခြေအနေများကို စစ်ဆေး

၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၇ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ကရင်ပြည်နယ် မြို့နယ် ၇ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

၂။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ကရင်ပြည်နယ် မြို့နယ် ၇ မြို့နယ်၌ မဲရုံပေါင်း ၈၅၂ ရုံ၊ မဲဆန္ဒရှင် စုစုပေါင်း ၁၂၃၆၈၃၈ ဦး ရှိသည့် အနက် ၆၆၁၆၉၈ ဦး မဲပေးခဲ့ကြသဖြင့် မဲပေးမှုရာခိုင်နှုန်း ၅၃.၅၀ ရာခိုင်နှုန်း ရှိခဲ့ပြီး အောက်ဖော်ပြပါ နိုင်ငံရေးပါတီ ၁၄ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်-

- (က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊
- ( ခ ) ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ၊
- ( ဂ ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊
- (ဃ) မွန်ညီညွတ်ရေးပါတီ၊
- ( င ) ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ၊
- ( စ ) ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ၊
- (ဆ) ပြည်သူ့ရှေ့ဆောင်ပါတီ၊
- ( ဇ ) ကရင်ပြည်သူ့ပါတီ၊
- ( ဈ ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊
- (ည) ပြည်သူ့ပါတီ၊
- ( ဋ ) ကယန်းအမျိုးသားပါတီ၊
- ( ဌ ) အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊
- ( ဍ ) ဗမာပြည်သူ့ပါတီ၊
- ( ဎ ) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ၊
- (ဏ) တစ်သီးပုဂ္ဂလ။

၃။ စစ်ဆေးရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၃ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ကရင်ပြည်နယ်၊ မြို့နယ် ၇ မြို့နယ်၏ ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၂၃၆၈၃၈ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၀၄၇၈၆၅ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၂၄၁၉၅၃ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၁၅၂၅၈ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၂၈၂၃၀ ဦး ဖြစ်သည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၇ မြို့နယ်တွင် မဲရုံပေါင်း ၈၅၂ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၃၆၆၂၂၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၆၄၁၈၄၈၊ ကျန်ရှိရမည့်အရေအတွက်မှာ ၇၂၄၃၇၄၊ မြေပြင်လက်ကျန် ၆၅၄၀၂၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၇၂၂၇၂ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ် အရေအတွက်မှာ ၁၉၂၇ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။

၆။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများနှင့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင် စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ် | မဲရုံပေါင်း | မြို့နယ်ကော်မရှင်စာရင်း | လဝကစာရင်း | နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | မြဝတီ | ၈၃ | ၁၇၂၀၂၅ | ၉၆၁၆၁ | ၄၇၀၃၅ | ၃၇၁၀ | ၁၉၉၀၈ |
| ၂ | လှိုင်းဘွဲ့ | ၁၇၆ | ၂၃၉၆၂၀ | ၂၁၀၄၀၇ | ၅၂၆၈၈ | ၁၄၃၄ | ၂၀၉၆၈ |
| ၃ | သံတောင်ကြီး | ၉၅ | ၆၂၂၈၉ | ၅၀၀၀၀ | ၇၈၀၅ | ၉၉၇ | ၇၅၇၈ |
| ၄ | ဘားအံ | ၂၃၀ | ၃၇၀၇၅၂ | ၃၃၇၂၅၅ | ၈၀၁၇၇ | ၃၁၁၇ | ၃၆၇၄၂ |
| ၅ | ကော့ကရိတ် | ၁၂၃ | ၂၀၅၃၅၆ | ၁၇၆၂၈၄ | ၃၃၈၅၉ | ၁၈၆၃ | ၂၂၆၂၆ |
| ၆ | ကြာအင်းဆိပ်ကြီး | ၁၂၀ | ၁၆၃၉၆၆ | ၁၅၄၅၅၀ | ၁၇၆၃၃ | ၄၁၃၇ | ၂၀၁၁၄ |
| ၇ | ဖာပွန် | ၂၅ | ၂၂၈၃၀ | ၂၃၂၀၈ | ၂၇၅၆ | | ၂၉၄ |
| | စုစုပေါင်း | ၈၅၂ | ၁၂၃၆၈၃၈ | ၁၀၄၇၈၆၅ | ၂၄၁၉၅၃ | ၁၅၂၅၈ | ၁၂၈၂၃၀ |

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြဝတီ | ၈၃ | ၁၇၇၈၃၉ | ၈၀၆၉၃ | ၉၇၁၄၆ | ၈၉၈၈၅ | ၇၂၆၉ | ၈ |
| ၂ | လှိုင်းဘွဲ့ | ၁၇၆ | ၂၆၈၀၉၃ | ၁၁၄၉၉၇ | ၁၅၃၀၉၆ | ၁၄၂၈၆၄ | ၁၀၄၁၀ | ၁၇၈ |
| ၃ | သံတောင်ကြီး | ၉၅ | ၇၂၀၃၇ | ၄၀၂၅၄ | ၃၁၇၈၃ | ၃၀၁၃၉ | ၂၀၅၂ | ၄၀၈ |
| ၄ | ဘားအံ | ၂၃၀ | ၄၁၅၆၉၉ | ၂၀၄၂၇၃ | ၂၁၁၄၂၆ | ၁၈၂၈၄၄ | ၂၈၆၈၃ | ၁၀၁ |
| ၅ | ကော့ကရိတ် | ၁၂၃ | ၂၂၉၇၆၂ | ၁၀၃၂၃၇ | ၁၂၆၅၂၅ | ၁၂၂၀၈၃ | ၄၅၀၈ | ၆၆ |
| ၆ | ကြာအင်းဆိပ်ကြီး | ၁၂၀ | ၁၇၇၂၄၆ | ၈၂၃၄၀ | ၉၄၉၀၆ | ၇၆၇၁၆ | ၁၈၆၀၈ | ၄၁၈ |
| ၇ | ဖာပွန် | ၂၅ | ၂၅၅၄၆ | ၁၆၀၅၄ | ၉၄၉၂ | ၉၄၉၈ | ၇၄၂ | ၇၄၈ |
| | စုစုပေါင်း | ၈၅၂ | ၁၃၆၆၂၂၂ | ၆၄၁၈၄၈ | ၇၂၄၃၇၄ | ၆၅၄၀၂၉ | ၇၂၂၇၂ | ၁၉၂၇ |

၇။ ကရင်ပြည်နယ်၊ မြို့နယ် ၇ မြို့နယ်၏ စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

( က ) **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆(က)အရ** ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများသာ မဲစာရင်းတွင် ပါဝင်ခွင့်ရှိပါသည်။ ကရင်ပြည်နယ် မြို့နယ် ၇ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၂၄၁၉၅၃ ဦး၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၁၅၂၅၈ ဦး၊ ၂ ကြိမ် ပါဝင်နေသူ ၁၂၈၂၃၀ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် အဆိုပါ မြို့နယ် ၇ မြို့နယ်၌ မဲစာရင်းများ ကောက်ယူရာတွင် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

( ခ ) မဲရုံပေါင်း ၈၅၂ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၃၆၆၂၂၂ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၆၄၁၈၄၈၊ ကျန်ရှိရမည့်အရေအတွက်မှာ ၇၂၄၃၇၄ ၊ မြေပြင်လက်ကျန် ၆၅၄၀၂၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၇၂၂၇၂၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက် ၁၉၂၇ ဖြစ်သည်။ မြို့နယ်များတွင် မဲရုံများအလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မဲရုံများသို့ မဲလက်မှတ်များ သတ်မှတ်အရေအတွက်ဖြင့် ထုတ်ပေးခဲ့ခြင်းဖြစ်ရာ အပိုတွေ့ရှိမှုများနှင့် မဲလက်မှတ်ပျောက်ဆုံးခြင်းများသည် တရားမဝင် ဆောင်ရွက်မှုများကြောင့်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

( ဂ ) ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် အဆိုပါ မြို့နယ် ၇ မြို့နယ်၌ ပြည်သူ့လွှတ်တော်အတွက် ဆန္ဒမဲပေးခဲ့သူ ဦးရေမှာ ၆၆၁၆၉၈ ဦး၊ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၆၄၁၈၄၈ စောင်ဖြစ်၍ မဲလက်မှတ်သုံးစွဲမှုတွင် ၁၉၈၅၀ စောင် လျော့နည်းအသုံးပြုထားကြောင်း တွေ့ရှိရသည်။

(ဃ) ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ကရင်ပြည်နယ်၊ မြို့နယ် ၇ မြို့နယ်၌ ပြည်သူ့ လွှတ်တော်အတွက် မဲပေးသူဦးရေမှာ ၆၆၁၆၉၈ ဦးဖြစ်ပြီး မဲရုံမဲပေးသူ ၄၇၅၉၂၈ ဦး၊ ကြိုတင်မဲပေးသူ ၁၈၅၇၇၀ ဦး ဖြစ်သဖြင့် မဲရုံမဲပေးသူ ၇၁.၉၃ ရာခိုင်နှုန်း၊ ကြိုတင်မဲပေးသူ ၂၈.၀၇ ရာခိုင်နှုန်း ဖြစ်သည်။

( င ) အသက် ၁၈ နှစ် မပြည့်သူများကို မဲစာရင်းတွင် ထည့်သွင်း၍ မဲပေးခွင့်ပြုခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( စ ) ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၌ ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်း အမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေ တို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားမှုများ စိစစ်တွေ့ရှိရသည်။

(ဆ) အချို့မဲရုံများ၏ မဲဆန္ဒရှင်စာရင်းပုံစံ(၁)များတွင် မဲဆန္ဒရှင်လက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေရေးထိုးရိုက်နှိပ်ခြင်းမရှိဘဲ မဲလက်မှတ်များ ခွင့်ပြုထုတ်ပေးထားသည်ကို စိစစ်တွေ့ရှိရသည်။

( ဇ ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၅(က)ပါအတိုင်း မဲဆန္ဒရှင်စာရင်း ပုံစံ(၁)၏ စာမျက်နှာတိုင်းတွင် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ လက်မှတ်ရေးထိုးခြင်းမရှိသည်ကို စိစစ်တွေ့ရှိရသည်။

( ဈ ) ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ကြိုတင်ဆန္ဒမဲလက်မှတ်များ ကောက်ခံရာတွင် ကြိုတင်ဆန္ဒမဲလက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီအပ်နှံရန် ပျက်ကွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

(ည) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် အစုလိုက်အပြုံလိုက် ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( ဋ ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

*စာမျက်နှာ ၁၆ သို့*

*စာမျက်နှာ ၁၅ မှ*

( ၅ ) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များ ထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

၈။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အောက်ပါအတိုင်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆောင်ရွက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်-

(က) NLD ပါတီအနေဖြင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းရာတွင် ယင်းတို့၏ အမာခံပါတီဝင်များ ပါဝင်ပြီး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များတွင် မသမာမှုပြုလုပ်နိုင်ရန် ကြိုတင်စီမံဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းတာဝန်ပေးအပ်ရာတွင် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးမှ ပြန်လည်ပယ်ဖျက်၍ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များမှ အမည်စာရင်းပေးပို့သူများဖြင့် ပြင်ဆင်ဖွဲ့စည်းမိန့် ထုတ်ပြန်ပေးခဲ့ရခြင်းများကို စိစစ်တွေ့ရှိရသည်။

( ခ ) ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲစာရင်းများပြုစုရာတွင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအတိုင်း ဆောင်ရွက်ခြင်းမရှိဘဲ လိုအပ်သလို ညွှန်ကြားချက်များထုတ်ပြန်၍ ဆောင်ရွက်သဖြင့် မဲစာရင်းများ ဖောင်းပွခြင်း/ မှားယွင်းခြင်းများ ရှိခဲ့သည်ကို တွေ့ရှိရသည်။ အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များ ဦးဆောင်ဖွဲ့စည်းခဲ့ပြီး မဲဆန္ဒရှင်အရည်အချင်း သတ်မှတ်ချက် ပြည့်စုံမှုရှိ/ မရှိ မစိစစ်နိုင်သည့် မဲစာရင်းတွင် မပါဝင်သေးသူများ ထည့်သွင်းနိုင်ရေးဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရသည်။

( ဂ ) ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်သည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ လုပ်ပိုင်ခွင့်ထက် ကျော်လွန်ဖောက်ဖျက်ပြီး လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၇ အုပ်စုကို ရွေးကောက်ပွဲကျင်းပပြုလုပ်မည့် နယ်မြေစာရင်းမှ ပယ်ဖျက်ပေးရန် ပြည်နယ်လွှတ်တော် အနေဖြင့် အကြောင်းကြားစာပေးပို့ခြင်းဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ဝင်ရောက်စွက်ဖက်ခဲ့ပြီး နိုင်ငံရေးရည်ရွယ်ချက်တစ်ခုခုဖြင့် ပြည်နယ်လွှတ်တော်၏ အရှိန်အဝါကိုယူ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

(ဃ) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဖာပွန်မြို့နယ် အောင်နိုင်ရေးအဖွဲ့ခေါင်းဆောင် ဦးညီညီကျော်က ဖာပွန်မြို့နယ်အတွင်းရှိ မဲဆန္ဒရှင် ၅၄ ဦးကို မဲစာရင်းတွင် ထည့်သွင်းပေးရန် ဥက္ကဋ္ဌ၊ ကရင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ သို့ လည်းကောင်း၊ ဘားအံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အောင်နိုင်ရေး စည်းရုံးရေးမှူး ဒေါ်ငြိမ်းငြိမ်းအောင်က လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ မဲဆန္ဒရှင် ၇၇၅ ဦးကို မဲစာရင်းတွင် ထည့်သွင်းပေးရန် ဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့လည်းကောင်း တင်ပြတောင်းဆိုခဲ့ကြောင်း တွေ့ရှိရပါသည်။

( င ) ဖာပွန်မြို့နယ်အတွင်းရှိ ပုံစံ ၄ ဖြင့် ကန့်ကွက်ခြင်းခံထားရသူ မဲဆန္ဒရှင် ၄၇၁ ဦးနှင့် စပ်လျဉ်း၍ စိစစ်ခဲ့ရာ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနက အဆိုပါ အမျိုးသားမှတ်ပုံတင်ကတ်နံပါတ် ဖော်ပြထားသူ၊ ယာယီသက်သေခံလက်မှတ်ဖော်ပြထားသူ၊ NVC နံပါတ် ဖော်ပြထားသူ၊ မည်သည့်လက်မှတ်မျှ ဖော်ပြမထားသူများသည် အိန္ဒိယနွယ်ဖွားများဖြစ်ပြီး ကိုင်ဆောင်လက်မှတ်နှင့် ရုံးမှတ်တမ်းများအရ နိုင်ငံခြားသား (သို့မဟုတ်) နိုင်ငံခြားသားအဖြစ် ခံယူထားသူများ မဟုတ်ကြောင်းနှင့် လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားရန် ပြန်ကြားခဲ့သဖြင့် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ မဲစာရင်းတွင် ပါဝင်၍ မဲပေးခွင့်ရရှိခဲ့ပြီးသူ ၁၅၈ ဦးအား မဲစာရင်းတွင် ထည့်သွင်းပေးခဲ့ရပြီး ကျန် ၃၁၃ ဦးသည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသဖြင့် မဲစာရင်းမှ စိစစ်ပယ်ဖျက်ခဲ့ရကြောင်းတွေ့ရှိရသည်။

( စ ) ယခင် ကရင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း နန်းခင်ထွေးမြင့်အနေဖြင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးအား ခေါ်ယူတွေ့ဆုံပြီး မဲစာရင်းတွင် ပါဝင်ခြင်းမရှိသေးသော NLD ပါတီကို ထောက်ခံသည့် နိုင်ငံသား စိစစ်ရေးကတ်မရှိသော သွေးနှောများကို သက်ဆိုင်ရာ မဲဆန္ဒရှင်စာရင်းများတွင် ထည့်သွင်းပေးရန်နှင့် ဆောင်ရွက်ပေးခြင်းမရှိပါက ရွေးကောက်ပွဲပြီးလျှင် သက်ဆိုင်ရာ မြို့နယ်နှင့် ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအား လူ့အခွင့်အရေးကော်မရှင်သို့ တင်ပြ၍ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဟု ခြိမ်းခြောက်ဖိအားပေး အကျပ်ကိုင်စွက်ဖက်ခဲ့ကြောင်းနှင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေနှင့် ညီညွတ်မှုမရှိသူများအား မဲစာရင်းတွင် ထည့်သွင်းနိုင်ခြင်းမရှိကြောင်း ပြန်လည်တင်ပြခဲ့ရသည်ကို တွေ့ရှိရသည်။

(ဆ) ကရင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် မဲဆန္ဒရှင်တစ်ဦးတည်းမှ မဲ ၂ ကြိမ်ပေးခြင်း၊ မဲမသမာမှုများ မဖြစ်စေရန်အတွက် ကြိုတင်ဆန္ဒမဲပေးသူများကိုလည်း ရွေးကောက်ပွဲနေ့တွင် လက်သန်းမင်တို့သကဲ့သို့ ဆောင်ရွက်ခွင့် ရှိ / မရှိ လမ်းညွှန်မှုပြုပါရန် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့တင်ပြခဲ့ရာ ခွင့်ပြုမှုမရှိခဲ့ကြောင်း တွေ့ရှိရသည်။

( ဇ ) မြဝတီမြို့နယ်၊ အမှတ်(၃)ရပ်ကွက် မဲရုံတွင် ယခင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဟောင်း မန်းဝင်းခိုင်သန်း၏ သားဖြစ်သူ ကိုစိုးမှ မဲဆန္ဒရှင်သက်သေခံလက်မှတ်(မဲစလစ်အတု)များ ပြုလုပ်၍ ထုတ်ပေးရာတွင် သွားရောက်ကြီးကြပ်ခြင်း၊ NLD ပါတီဝင်များသည် ကြိုတင်မဲရုံနှင့် ကိုက် ၅၀ အကွာတွင် ၅- ၁၁- ၂၀၂၀ ရက်နေ့၌ NLD အလံနှင့် တံဆိပ်များ တပ်ဆင်ထားသည့် မော်တော်ယာဉ်ပေါ်မှ NLD အောင်နိုင်ရေးသီချင်းများဖွင့်၍ မဲဆွယ်စည်းရုံးခြင်း၊ ကြိုတင်မဲပုံးများကို တရားမဲ့စွာချိပ်ပိတ်ခြင်း/ သော့ခတ်ခြင်း၊ ကြိုတင်ဆန္ဒမဲများ ကောက်ယူစဉ် NLD ပါတီအား ဆန္ဒပြုရန် ပြောဆိုစည်းရုံးခြင်း၊ မဲဆန္ဒရှင်ကိုယ်စား ဆန္ဒပြုတံဆိပ်တုံးများ ရိုက်နှိပ်ပေးခြင်း စသည်ဖြင့် တရားမဲ့ပြုကျင့်မှုများ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။

( ဈ ) ကြာအင်းဆိပ်ကြီးမြို့နယ်တွင် NLD ပါတီမှ အင်အားပြ မဲဆွယ်စည်းရုံးစဉ် ကရင်ပြည်နယ် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၃) လွှတ်တော်ကိုယ်စားလှယ် ဦးစောယှားဖောင်အွာက ပါတီဝန်းရံသူများကို တစ်ဦးလျှင် ၅၀၀၀ ကျပ်နှုန်း ပေးဝေစည်းရုံးသဖြင့် ကန့်ကွက်တိုင်ကြားမှုများရှိခဲ့ကြောင်း တွေ့ရှိရသည်။

(ည) ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲဆွယ်စည်းရုံးခွင့်ကာလ၊ ကြိုတင်ဆန္ဒမဲနှင့် ဆန္ဒမဲပေးသည့်နေ့ရက်များတွင် NLD ပါတီ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲအောင်နိုင်ရေးအဖွဲ့များအနေဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များ၊ ဒေသန္တရအမိန့်များကို ဖောက်ဖျက်ကျူးလွန်ခဲ့ကြောင်း တွေ့ရှိရပြီး ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း သီးခြားလွတ်လပ်သော အဖွဲ့အစည်းတစ်ခုအဖြစ် မရပ်တည်ဘဲ အာဏာရ NLD ပါတီ၏ ဖိအားပေးလွှမ်းမိုးထိန်းချုပ်ခံရသဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိကြောင်း စိစစ်တွေ့ရှိရသည်။

( ဋ ) မဲစာရင်းများပြုစုရန်အတွက် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူရာတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် လူဦးရေစာရင်း ကောက်ယူရေးလုပ်ငန်းအဖွဲ့က အဓိက ဆောင်ရွက်ခဲ့သည်။ မဲဆန္ဒရှင်စာရင်းများ မြေပြင်ကောက်ယူရာတွင် NLD အစိုးရက ခန့်အပ်ထားသည့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် အချို့နေရာများတွင် NLD ပါတီ၏ အောင်နိုင်ရေးအဖွဲ့များ ပူးပေါင်းကောက်ယူကြောင်း စိစစ်သိရှိရသည်။ ယင်းသို့ စာရင်းများ ကောက်ယူရာတွင် ရပ်ကွက်/ ကျေးရွာအတွင်း အမှန်တကယ်နေထိုင်ခြင်း ရှိ/ မရှိ၊ နိုင်ငံသား စိစစ်ရေးကတ် ရှိ/ မရှိ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူ ဟုတ်/ မဟုတ် စိစစ်နိုင်ခြင်းမရှိခဲ့သည့်အတွက် မဲစာရင်းတွင် နိုင်ငံသား စိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် ပါဝင်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေခြင်းတို့ကို စိစစ်တွေ့ရှိရသည်။ **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း (၆) မဲစာရင်းပြုစုခြင်းပါ ပုဒ်မ ၁၅(ဂ) တွင် “မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်း တစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်း မရှိစေရ”**ဟု ပြဋ္ဌာန်းထားသော်လည်း မဲစာရင်းများ ကောက်ယူရာတွင် ဥပဒေနှင့် ညီညွတ်ခြင်း မရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၉(ခ)အရ မဲစာရင်းတွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်ကြောင်း တွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းမှ ပယ်ဖျက်ရမည်** ဟု ပြဋ္ဌာန်းထားသော်လည်း ပယ်ဖျက်ခြင်းမရှိဘဲ ထည့်သွင်းမဲပေးခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( ဌ ) အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးရန်အတွက် ရွေးကောက်ပွဲနေ့မတိုင်မီ ၂၉-၁၀-၂၀၂၀ ရက်နေ့မှစတင်၍ ဆောင်ရွက်နိုင်ကြောင်း ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက်ထုတ်ပြန်ဆောင်ရွက်ခဲ့သည့်အတွက် ကြိုတင်ဆန္ဒမဲများ ကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီ အောင်နိုင်ရေးအဖွဲ့များ ပါဝင်၍ နေအိမ်များသို့ သွားရောက်ကာ ဆောင်ရွက်ခဲ့ကြသဖြင့် ဥပဒေနှင့်မညီသော မဲပေးမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည်။ ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်အရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်းမပြုနိုင်သည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် အသိပေးကြေညာချက်ကို ၈- ၁၀- ၂၀၂၀ ရက်နေ့နှင့် ညွှန်ကြားချက်ကို ၁၁- ၁၀- ၂၀၂၀ ရက်နေ့တို့တွင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာဆောင်ရွက်ခဲ့သည်။ ယင်း ညွှန်ကြားချက်များကြောင့် မဲစာရင်းများထပ်ခြင်း၊ နိုင်ငံသား စိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် မဲစာရင်းတွင်ထည့်သွင်း၍ မဲပေးခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

( ဍ ) မဲဆန္ဒရှင်များ ဆန္ဒမဲပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူ မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးအတွက် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် က ၁၉- ၈- ၂၀၂၀ ရက်နေ့တွင် ညွှန်ကြားချက်ထုတ်ပြန်၍ ဆောင်ရွက်ခဲ့သဖြင့် မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ် စိစစ်မှု မပြုနိုင်သော မဲဆန္ဒရှင်သက်သေခံ လက်မှတ်များဖြင့် မဲပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့် ညီညွတ်မှုမရှိသော နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲပေးခွင့်ပြုခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ် အမှတ်တစ်ခုတည်းဖြင့် ၂ ကြိမ်၊ ၃ ကြိမ်နှင့် အထက် မဲစာရင်းတွင် ပါဝင်သူများ မဲပေးခွင့်ရရှိခဲ့ကြသဖြင့် သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်မှုများ ရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ အသုံးပြုခဲ့သည့် ဆန္ဒပြုအမှန်ခြစ်တံဆိပ်တုံးများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် UEC တံဆိပ်မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်များကို တွေ့ရှိပါကလည်း ခိုင်လုံမဲအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ညွှန်ကြားခဲ့ခြင်းသည် မဲရေတွက်မှုများတွင် ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေခဲ့သဖြင့် မဲရလဒ်များ မှန်ကန်မျှတမှုမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

( ဎ ) မဲစာရင်းများတွင် အကြိမ်ကြိမ် ပါဝင်နေခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ မဲမသမာမှု ပြုရန် အခွင့်အလမ်းတစ်ရပ်သဖွယ်ဖြစ်နေပြီး မဲစာရင်း ၂ ကြိမ်/ ၃ ကြိမ်ပါဝင်နေသူများအနက် တစ်ကြိမ်ထက် ပိုမိုဆန္ဒပြုထားသူများကို တွေ့ရှိရသဖြင့် စိစစ်ဖော်ထုတ်အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိသည်။ ဆန္ဒမဲ ၂ ကြိမ်/ ၃ ကြိမ် ပေးမှုများကို အောက်ပါအခြေအနေများတွင် ပြုလုပ်နိုင်ပြီး သက်ဆိုင်ရာ မဲစာရင်းပုံစံ(၁)တွင် လက်မှတ်ရေးထိုးထားသည့် အထောက်အထားများအရ အသေးစိတ်စိစစ်လျက်ရှိသည်-

( ၁ ) သက်ဆိုင်ရာ မဲဆန္ဒရှင်အနေဖြင့် မြို့တစ်မြို့တည်းရှိ ရပ်ကွက်/ ကျေးရွာ အုပ်စုများ၌ ကြိုတင်ဆန္ဒမဲပေးခြင်းကို ၎င်းအမည်စာရင်းပါ မဲရုံများတွင် ကြိုတင်ဆန္ဒမဲပေးမည့် နေ့ရက်များတွင် ၁ ကြိမ်နှင့်အထက် မဲပေးနိုင်ပြီး ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံတွင် ၁ ကြိမ် ဆန္ဒမဲပေးနိုင်ကြောင်း တွေ့ရှိရသည်။

( ၂ ) မဲမသမာမှုပြုလုပ်သူအနေဖြင့် ၎င်းမဲဆန္ဒရှင် အမည်စာရင်းပါ မြို့နယ်နှင့် အခြား မဲစာရင်းပါရှိသည့် မြို့နယ်တို့ နီးကပ်ခြင်း၊ ကျေးရွာအုပ်စုကပ်လျက်ရှိခြင်း စသည့် အခြေအနေများတွင်လည်း ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း တွေ့ရှိရသည်။

( ၃ ) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင်လည်း မဲရုံတွင် လက်သန်း မင်မတို့ဘဲ ရှောင်လွှဲကာ အခြားမဲစာရင်းပါရှိသည့် မဲရုံများတွင် ဆန္ဒမဲပေးနိုင်ကြောင်း တွေ့ရှိရသည်။

*စာမျက်နှာ ၁၇ သို့*

# သတင်းထုတ်ပြန်ချက်



စာမျက်နှာ ၁၆ မှ

၉။ ထိုကဲ့သို့ မဲရုံတိုင်း၌ မဲစာရင်းများ အရေအတွက်များပြားစွာ မှားယွင်းမှုများ ဖြစ်ပေါ်ခဲ့ခြင်းသည် မတော်တဆဖြစ်ပေါ်ခဲ့သော မှားယွင်းမှုမျိုးမဟုတ်ဘဲ ကြိုတင်ကြံစည် ဆောင်ရွက်ခဲ့ခြင်းကြောင့်သာ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ထို့ပြင် မဲစာရင်းကောက်ယူခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲနေ့ ဆန္ဒမဲပေးခြင်းစသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တွင် ဝင်ရောက်စွက်ဖက်၍ မလျော်ဩဇာအသုံးပြု၍ မသမာမှုများ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည့်အပြင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုကာ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဖောက်ဖျက် ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။

၁၀။ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ၇ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခဲ့ရာတွင် NLD ပါတီသည် ရွေးကောက်ပွဲတွင် ယင်းတို့ ပါတီတစ်ခုတည်းသာ အနိုင်ရရှိပြီး အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ပြိုင်ဘက်ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး အပါအဝင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအားလုံးကို COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်/ တားမြစ်ချက်ကို အလွဲသုံး၍လည်းကောင်း၊ အုပ်ချုပ်ရေးအာဏာကို အလွဲသုံး၍လည်းကောင်း ကန့်သတ်ထိန်းချုပ်ခဲ့ပြီး နိုင်ငံတော်အာဏာကို မတရားရယူနိုင်ရန် ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။ အထက်ပါ စိစစ်ချက်များအရ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ/ နည်းဥပဒေများနှင့် ညီညွတ်မှု မရှိသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှုမရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

ဦးမန်းဝင်းခိုင်သန်း၏သား ကိုစိုးသည်မဲစလစ်အတုများ ထုတ်ပေးရာတွင် သွားရောက်ကြီးကြပ်နေပုံ။



ရဲစိုက်ခင်းတွင် နေထိုင်သူ ဦးဖိုးထူးမှ ဒေါင်းနီတံဆိပ်ထုပ်ဟု မဲရုံအတွင်း လိုက်လံစည်းရုံးနေပုံ။





NLD ပါတီဝင် ဦးအောင်နိုင်(ခ) ဦးကျော်ကျော်နှင့် ကိုစိုးတို့မှ မဲစာရင်းကတ်ပြားအတု အလွတ်စာရွက်များ ရေးသွင်းထုတ်ပေးခဲ့သည့် မဲစာရင်းကတ်ပြားအတုအား လက်ခံရရှိသူ၏ မှတ်တမ်းဓာတ်ပုံနှင့် မဲစာရင်းကတ်ပြားအတု မှတ်တမ်းဓာတ်ပုံ။





NLD ပါတီဝင် ဦးအောင်နိုင် (ခ) ဦးကျော်ကျော်နှင့် ကိုစိုးတို့မှ မဲစာရင်းကတ်ပြားအတု အလွတ်စာရွက်များအား ထုတ်ပေးနေသည့် မှတ်တမ်းဓာတ်ပုံ။



မဲပေးမည့်သူများအား မဲရုံနှင့်ကပ်၍ မဲစလစ်ထုတ်ပေးနေပုံ။




မဲရုံအနီး၌ မဲရုံမှ ကိုက် ၅၀ အတွင်း မဲဆွယ်သီချင်းဖွင့်နေပုံ။







ကြာအင်းဆိပ်ကြီးမြို့နယ်တွင် NLD ပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း စောယှားဖောင်အွာက ပါတီ အောင်နိုင်ရေးလှည့်လည်ပွဲ လိုက်ပါဝန်းရံသူများကို ငွေကြေးပေးဝေ စည်းရုံးမှုပြုနေသည့် မှတ်တမ်းဓာတ်ပုံ။

**"ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ၇ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခဲ့ရာတွင် NLD ပါတီသည် ရွေးကောက်ပွဲတွင် ယင်းတို့ပါတီတစ်ခုတည်းသာ အနိုင်ရရှိပြီး အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ပြိုင်ဘက်ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး အပါအဝင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအားလုံးကို COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်/ တားမြစ်ချက်ကို အလွဲသုံး၍လည်းကောင်း၊ အုပ်ချုပ်ရေးအာဏာကို အလွဲသုံး၍လည်းကောင်း ကန့်သတ် ထိန်းချုပ်ခဲ့ပြီး နိုင်ငံတော်အာဏာကို မတရားရယူနိုင်ရန် ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရ**

စာမျက်နှာ ၁၈ သို့

*စာမျက်နှာ ၁၈ မှ*

၄။ ဒီမိုကိုနေထိုင်ရာဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ ၆၆/၆ ဖြင့်သော်လည်းကောင်း၊ အနည်းဆုံး ရက်ပေါင်း(၁၈၀)နေထိုင်ပြီးသူသော်လည်းကောင်း အထက်ဖော်ပြပါတင်ပြချက်အကျဉ်းအရ မဲဆန္ဒပေးပိုင်ခွင့် ရရှိမည်ပါသည်။ သို့ရာတွင် မဲစာရင်းတွင် အမည်ထည့်သွင်းပေးခြင်းမရှိသဖြင့် အလွန်နစ်နာကြရပါသည်။

၅။ သို့ဖြစ်ပါ၍ အဆိုပါပုဂ္ဂိုလ်များအား ဆန္ဒမဲပေးခွင့်ပြုပါရန်နှင့် အမည်စာရင်းထည့်သွင်းပေးပါရန် ပူးတွဲပါ ပြင်ဆင်စာရင်းကောက်ခံမှုဇယားများနှင့်အတူ မေတ္တာရပ်ခံ အကူအညီတောင်းခံအပ်ပါသည်။

လေးစားစွာဖြင့်

ဒေါ်ငြိမ်းငြိမ်းအောင်
NLDအောင်နိုင်ရေးစည်းရုံးရေးမှူး
ကရင်ပြည်နယ်၊ဘားအံမြို့.
ဖုန်း၊ ၀၉-၆၉၄၅၉၄၄၂၉

မိတ္တူကို -

- ဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ရန်ကုန်မြို့
- ဥက္ကဋ္ဌ၊ ကရင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်ရုံး၊ ဘားအံမြို့
- ဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန၊ ဘားအံမြို့
- ဥက္ကဋ္ဌ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်ရုံး၊ ဘားအံမြို့
- ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံး၊ ဘားအံမြို့
- ရုံးလက်ခံစာတွဲ

မှတ်ချက်။ ။ကောက်ခံရရှိသောစာရင်းများမှာ ပြည့်စုံမှုမရှိသေးပါသဖြင့် ဆက်လက်ကောက်ခံလျှက်ရှိသော စာရင်းများအား ထပ်မံပေးပို့သွားမည်ဖြစ်ပါသည်။

---

ပူးတွဲ (၁၉)

| | |
|---|---|
| စာအမှတ် | [illegible] |
| ရက်စွဲ | [illegible] |
| အချိန် | 5:17. |
| လက်မှတ် | [illegible] |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကရင်ပြည်နယ်အစိုးရအဖွဲ့
လူဝင်မှုကြီးကြပ်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ၂၀၀/လစအ(လဝက)/၂၀၂၀ (၀၇၂)
ရက် စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၀ ရက်

သို့
ဥက္ကဋ္ဌ
ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး
ဘားအံမြို့

အကြောင်းအရာ။ **မဲစာရင်းတွင် မျိုးသားထားမှုနှင့်ပတ်သက်၍ စိစစ်တင်ပြလာခြင်းကိစ္စ**

ရည် ညွှန်း ချက်။ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံး၊ ဘားအံမြို့၏ (၁၉-၈- ၂၀၂၀) ရက်စွဲပါစာအမှတ်၊ ၁၀၂/မ-၆(နငသ-၄)၃၂၂၈/အမတ

၁။ ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ ဖာပွန်မြို့သို့ရောက်ရှိစဉ် ကမမောင်းမြို့ရှိ မဲစာရင်းအား ကွင်းဆင်းစစ်ဆေးခဲ့ရာ ရပ်ကွက်(၂)နှင့် ရပ်ကွက်(၃)ရှိ မဲစာရင်းတွင် မဲဆန္ဒရှင်အမည်များ (High Light) ပန်းရောင်ဖြင့် မျိုးသားထားသူများနှင့်ပတ်သက်၍ ကိုင်ဆောင်လက်မှတ်အထောက်အထားများနှင့် နိုင်ငံသားဖြစ်မှုအခြေအနေကို ဖာပွန်မြို့နယ်ဦးစီးမှူးမှစိစစ်ရာ အမတနံပါတ် 2PPN-000910 ကိုင်ဆောင်သူ ဦးတင်စိုးသည် ၂၀၁၇ ခုနှစ်တွင် နိုင်ငံခြားသား မှတ်ပုံတင်အမှတ် PUN-00111 ကိုင်ဆောင်ထားကြောင်း တွေ့ရှိရပြီး အမတနံပါတ်ဖော်ပြထားသူ၊ ယာယီသက်သေခံလက်မှတ်ဖော်ပြထားသူ၊ NVC နံပါတ်ဖော်ပြထားသူ၊ မည်သည့်လက်မှတ်မှမဖော်ပြထားသူ စုစုပေါင်း(၄၇၀)ဦး ရှိပါကြောင်း တွေ့ရှိရပါသည်။

၂။ အဆိုပါ(၄၇၀)ဦးသည် အိန္ဒိယနွယ်ဘွားများဖြစ်ပြီး ကိုင်ဆောင်လက်မှတ်နှင့် ရုံးမှတ်တမ်းများအရ နိုင်ငံခြားသား(သို့မဟုတ်) နိုင်ငံခြားသားအဖြစ်ခံယူထားသူများမရှိပါကြောင်း ရည်ညွှန်းချက်ပါစာဖြင့် တင်ပြလာပါသည်။

၃။ သို့ဖြစ်ပါ၍ အမတနံပါတ်ဖော်ပြထားသူ၊ ယာယီသက်သေခံလက်မှတ်ဖော်ပြထားသူ၊ NVC နံပါတ်ဖော်ပြထားသူ၊ မည်သည့်လက်မှတ်မှမဖော်ပြထားသူများသည် အိန္ဒိယနွယ်ဘွားများဖြစ်ပြီး ကိုင်ဆောင်လက်မှတ်နှင့် ရုံးမှတ်တမ်းများအရ နိုင်ငံခြားသား(သို့မဟုတ်) နိုင်ငံခြားသားအဖြစ် ခံယူထားသူများ မဟုတ်ပါကြောင်း တင်ပြလာမှုအား လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

(မင်းကိုနိုင်)
ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး

---

ပူးတွဲ (၂၈)

ပြည် နယ် ရွေး ကောက် ပွဲ ကော် မ ရှင် အ ဖွဲ့ ခွဲ
က ရင် ပြည် နယ် - ဘား အံ မြို့
စာအမှတ်၊ ၁ / ၅ - ၅ / က မ ရ ( [illegible] )
ရက် စွဲ၊ ၂၀၂၀ ပြည့်နှစ်၊နိုဝင်ဘာလ ၁ ရက်

သို့
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

အကြောင်းအရာ။ **ကြိုတင်မဲပေးခြင်းတွင် လက်သန်းမင်တို့ခြင်းကိစ္စ တင်ပြခြင်း**

၁။ ယခုအချိန်ကာလသည် ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြိုတင်မဲပေးခြင်းကို အသက် (၆၀) နှစ်နှင့် အထက် မဲဆန္ဒရှင်များသည် ( ၂၉-၁၀-၂၀၂၀ ) ရက်နေ့မှ (၅-၁၁-၂၀၂၀) ရက်နေ့အထိ၊ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅ တွင် အကျုံးဝင်သော ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်နှင့် ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲတာဝန်ထမ်းဆောင်ရန်အတွက် ကြိုတင်ဆန္ဒမဲပေးရန် အမှန်တကယ်လိုအပ်သူများ" သည် (၂၉-၁၀-၂၀၂၀)ရက်နေ့မှ (၇-၁၁-၂၀၂၀)ရက်နေ့အထိ ဆောင်ရွက်လျက်ရှိပါသည်။

၂။ မဲဆန္ဒရှင်များအနေဖြင့် ဆန္ဒပြုပြီးကြောင်း မှတ်သားရန်အတွက် လက်သန်းတွင် မင်တို့ထားခြင်း မရှိပါက လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၉ (ဆ)နှင့် (ဇ)တို့ပါ ပြဋ္ဌာန်းချက်များအား ဖောက်ဖျက်ရာ ရောက်လာနိုင်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကြိုတင်ဆန္ဒမဲပေးခြင်းဆောင်ရွက်စဉ်တွင်လည်း ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဆန္ဒပြုပြီးသော မဲဆန္ဒရှင်များ လက်သန်းမင်တို့သကဲ့သို့ မှတ်သားဆောင်ရွက်ခွင့် ရှိ/ မရှိ လမ်းညွှန်မှု ပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ
(မန်းကျော်ဝင်းမောင်)

မိတ္တူကို
ဦးစောဒယ်နီရယ်ကြည်၊ အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ရုံးလက်ခံ/ မျှောစာတွဲ

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာအမှတ်၊ ၄ / ရကပ (၄၀၆) / ကမရ
ရက်စွဲ၊၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၃ ရက်

သို့
ကရင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

အကြောင်းအရာ။ **ကြိုတင်ဆန္ဒမဲပေးခြင်းကိစ္စ**

ရည်ညွှန်းချက်။ ကရင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ၁-၁၁-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၁ / ၅-၅ / ကမရ (၉၇၇)

၁။ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရာ၌ လက်သန်းတွင် မင်တို့ထားခြင်းမရှိပါက သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဆ) နှင့် (ဇ) တို့ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်နိုင်သဖြင့် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဆန္ဒပြုပြီးသော မဲဆန္ဒရှင်များ လက်သန်းမင်တို့သကဲ့သို့ မှတ်သားဆောင်ရွက်ခွင့် ရှိ/ မရှိ လမ်းညွှန်မှုပြုနိုင်ပါရန် ကရင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ရည်ညွှန်းပါစာဖြင့် တင်ပြလာပါသည်။

၂။ အဆိုပါတင်ပြစာနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များတွင်မပါဝင်ခြင်း၊ ယခင်ကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲများတွင် ဆောင်ရွက်ခဲ့မှုမရှိခြင်း တို့ကြောင့် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများတွင် မဲဆန္ဒနယ်အတွင်း ကြိုတင်ဆန္ဒမဲပေးရာ၌ လက်သန်းမင်တို့၍ မှတ်သားခြင်းကို ဆောင်ရွက်ခွင့် မပြုကြောင်း နှင့် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သို့ ထပ်ဆင့်ညွှန်ကြား၍ ကြပ်မတ်ဆောင်ရွက်ရန် အကြောင်းကြားပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)
(ခင်မောင်ဦး၊ ညွှန်ကြားရေးမှူးချုပ်)

မိတ္တူကို
--------------------------------တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ
ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

## ဇာတ်တော်ကြီးဆယ်ဘွဲ့

# မဟောသဓဇာတ်တော်

**မြတ်မင်းလိုင်**

ရှေးအခါက ဝိဒေဟရာဇ်တိုင်း မိတ္ထိလာပြည်၌ ဝိဒေဟရာဇ် မင်းကြီးသည် သေနကအမတ်၊ ပက္ကုသအမတ်၊ ကာမိန္ဒအမတ်နှင့် ဒေဝိန္ဒအမတ်ဟူသော မင်းတိုင်ပင်အမတ် သုခမိန်နှင့်အတူ စိုးစံမင်းပြု လျက်ရှိသည်။

မိတ္ထိလာနေပြည်တော်၏ အရှေ့မျက်နှာ၌ ပါစိနယဝမဇ္ဈုဂုံးရွာ၊ အနောက်မျက်နှာ၌ ပစ္ဆိမယဝမဇ္ဈုဂုံးရွာ၊ တောင်အရပ်၌ ဒက္ခိဏယဝမဇ္ဈုဂုံးရွာနှင့် မြောက်အရပ်၌ ဥတ္တရယဝမဇ္ဈုဂုံးရွာတို့ တည်ရှိကြသည်။ အရှေ့မျက်နှာအရပ်၌တည်ရှိသော ပါစိနယဝမဇ္ဈုဂုံးရွာ၌ သိရိဝဍ္ဎန အမည်ရှိသော သူဌေးကြီးနှင့် သူဌေးကတော်သုမနဒေဝီတို့သည် ဆွေမျိုးအခြံအရံတို့နှင့် ပြည့်စုံချမ်းသာလှသည်။

ဘုရားလောင်းမဟောသဓသည် ယင်းသူဌေးကတော် သုမနဒေဝီ၏ ဝမ်းတွင်း၌ ပဋိသန္ဓေယူလေသည်။ ဖွားမြင်သောအခါ သိကြားမင်း ထားလာသော ဆေးလုံးကိုကိုင်၍ ဖွားမြင်လေသည်။ ထို့ကြောင့် မဟောသဓဟူသော အမည်ကိုမှည့်လေသည်။ ထိုဆေးလုံးကြောင့် သူဌေးကြီး၌ ခုနစ်နှစ်တိုင် စွဲကပ်လျက်ရှိသော ခေါင်းကိုက်နာနှင့် လူအပေါင်းတို့၏ ရောဂါဝေဒနာတို့ ပျောက်ကင်းလေသည်။ မဟောသဓ ပဋိသန္ဓေယူချိန်နှင့် တစ်ပြိုင်နက်ပင် ဝိဒေဟရာဇ်မင်းကြီးသည် နန်းရင်ပြင်၌ မီးတောက်လေးပုံ အကြားမှသေးငယ်သော မီးတောက် တစ်ခုက လျှံတက်လွှမ်းမိုးနေသည်ဟု အိပ်မက်လေသည်။

ဝိဒေဟရာဇ်မင်းကြီးသည် မင်းချင်းတို့အား အိပ်မက်အရပေါ်ပေါက် မည့် ပညာရှိကို မြို့တော်အရပ် လေးမျက်နှာသို့စေလွှတ်ရှာဖွေ စေသည်။ မဟောသဓသည် အသက် ခုနစ်နှစ်အရွယ်တွင် ဖွားဖက် ငယ်ပေါင်းတစ်ထောင်တို့နှင့်အတူ တည်ဆောက်ထားသော ထူးဆန်း အံ့သြဖွယ်ကောင်းသော ဇရပ်သို့မင်းချင်းတို့ ရောက်ရှိစုံစမ်းရာ ဘုရား လောင်းမဟောသဓစီမံတည်ဆောက်ခြင်းသိရလျှင် မင်းကြီးအား တင်လျှောက်ကြလေသည်။

မင်းကြီးလည်း အိပ်မက်အရ ပေါ်ပေါက်လာမည့် ပညာရှိသည် မဟောသဓဖြစ်မည်ဟု ဝမ်းသာလျက် ခေါ်ယူရန်သေနကအမတ်ကို တိုင်ပင်လေသည်။ သေနကအမတ်ကြီးက ဤဇရပ်ဆောက်လုပ်စီရင် နိုင်ရုံဖြင့် သုခမိန်မမြောက်သေးဟူ၍ ကန့်ကွက်လျှောက်တင်လေ သည်။ မင်းကြီးလည်း အမတ်ကြီး၏ စကားကိုယုံကြည်၍ မင်းချင်း တို့အား မဟောသဓကို ဆက်လက်စူးစမ်းကြည့်ရန် မှာကြားလိုက်လေ သည်။

တစ်နေ့သောအခါ လူတစ်ယောက်သည် ဈေးမှအမဲသားဝယ်ပြီး ပြန်လာရာ အမဲသားကို စွန်တစ်ကောင်၏ သုတ်ချီခြင်းခံရလေသည်။ မဟောသဓသည် စွန်အရိပ်ကို မှန်းကာလက်ခုပ်တီးလျက် အထက်သို့ ဟစ်အော်လိုက်ရာ စွန်လည်းဝမ်းထဲသို့ အသံပေါက်ဝင်သကဲ့သို့ ထင်မှတ်၍အမဲသားကို ပစ်ချပုံပြေးလေသည်။ ထိုသတင်းကို မင်းချင်း တို့က မင်းကြီးထံလျှောက်တင်ရာ သေနကမင်းကြီး၏ သဘောတူညီမှု မရ၍ နန်းတွင်းသို့ခေါ်နိုင်ခြင်း မရှိဖြစ်ပြန်သည်။

တစ်နေ့သောအခါ နွားပိုင်ရှင်အိပ်ငိုက်နေစဉ် သူခိုးတစ်ယောက်က ထိုနွားကိုခိုးပြေးလေသည်။ နွားပိုင်ရှင် သတိရ၍ သူခိုးကိုမြင်လျှင် အပြေးလိုက်၏။ သူပိုင်ကိုယ်ပိုင် အပြန်အလှန်လုနေကြသည်ကို မဟောသဓသိလျှင် ခေါ်ယူစစ်ဆေးသည်။ နွားပိုင်ရှင်နှင့် နွားခိုးသူ တို့အား နေ့စဉ်နွားကို မည်သည့်အစာကျွေးသနည်းဟု မေးမြန်းသည်။ နွားသူခိုးက ယာဂုနှင့်နှမ်းဖတ် ကျွေးသည်ဟုဖြေပြီး နွားပိုင်ရှင်က မြက်ကိုသာ ကျွေးသည်ဟု ဖြေသည်။ သျှစ်သျှားရွက်ကို အရည်ဖျော်၍ နွားကိုတိုက်၍ နွားဝမ်းသက်သည့်အခါ မြက်ဖတ်တို့သာ တွေ့ရ၍ နွားသူခိုးနှင့် ပိုင်ရှင်ကိုခွဲခြား ဆုံးဖြတ်ပေးလိုက်လေသည်။ ထိုသတင်း ကို မင်းကြီးကြားလျှင် မဟောသဓကို ခေါ်လိုသော်လည်း သေနကအမတ် ၏ ကန့်ကွက်မှုကြောင့် မခေါ်နိုင်သေးဘဲ ရှိရလေသည်။

တစ်နေ့သောအခါ သူဆင်းရဲမတစ်ဦးသည် ချည်လည်ရွဲကိုချွတ်ပြီး ရေချိုးနေစဉ် မိန်းမငယ်တစ်ဦးက ခိုးယူလေသည်။ နှစ်ဦးသည် သူပိုင် ကိုယ်ပိုင်နှင့် ငြင်းခုံနေခြင်းကြောင့် မဟောသဓထံသို့ရောက်ရှိလာ သည်။ မဟောသဓ လည်ရွဲကို မည်သည့်ရနံ့ဖြင့် ဆွတ်ဖျန်းထားကြောင်း မေးမြန်းသည်။ ခိုးသူက ရနံ့ပေါင်းစုံဖြင့် ဆွတ်ဖျန်းထားကြောင်း၊ ပိုင်ရှင်က သျှစ်သျှားပွင့်ဖြင့် ဆွတ်ဖျန်းထားသည်ဟုဆို၏။ မဟောသဓက လည်ရွဲကို ရေခွက်သို့ချ၍ အနံ့ခံစေခြင်းဖြင့် ခိုးသူကို ဖော်ထုတ် ဆုံးဖြတ်နိုင်ခဲ့သည်။ ထိုအကြောင်းကို ဝိဒေဟရာဇ်မင်းကြီးကြားလျှင် မဟောသဓအား နန်းတွင်းခေါ်လိုသော်လည်း သေနကအမတ်၏ ရှေးအတိုင်း ကန့်ကွက်စကားကြောင့် မခေါ်သာဘဲနေရသည်။

တစ်နေ့သ၌ ဝါခင်းစောင့်မိန်းမတစ်ယောက်သည် ချည်လုံးကို ရေကန်ဘေးချ၍ ရေချိုးနေစဉ် အခြားမိန်းမတစ်ယောက်က ခိုးယူထွက် ပြေးလေသည်။ ထိုမိန်းမနှစ်ယောက်ငြင်းခုံကာ မဟောသဓထံသို့ ရောက်ရှိလာကြသည်။ ယင်းတို့နှစ်ဦးအား ချည်လုံးထဲ၌ မည်သည့် အရာခံ၍ ထားကြောင်းမေးမြန်းရာ ခိုးသူကဝါစေ့၊ ချည်လုံးရှင်က တည်စေ့ထည့်ထားကြောင်းဖြေကြားရာ ချည်လုံးကိုဖြေ၍ ကြည့်သော် တည်စေ့ကို တွေ့ရ၍ သူခိုးမည်သူဖြစ်သည်ကို ထင်ရှားစေလေသည်။ ဤအကြောင်းကိုမင်းကြီးကြား၍မဟောသဓအား နန်းတွင်းခေါ်လိုသော် လည်း သေနကအမတ်၏ ကန့်ကွက်စကားကြောင့် မခေါ်သာဘဲနေရ ပြန်သည်။

တစ်နေ့သ၌ မိန်းမတစ်ယောက်သည် သားငယ်ကို ရေကန်နားချ၍ မျက်နှာသစ်နေစဉ် ဘီလူးမ တစ်ယောက်သည် ကလေးငယ်ကို စားလို သဖြင့် ခိုးပြေးလေသည်။ မိခင်က မီလာ၍ ကလေးကို လုကြလေသည်။ မဟောသဓက ကလေးငယ်ကိုစည်းပေါ်ထားပြီးမိန်းမနှစ်ယောက်တို့အား ခြေနှင့်လက်တို့မှကိုင်စေပြီး မိမိဘက်ပါအောင်ဆွဲစေသည်။ မိခင်ဖြစ် သူက ကလေးငယ်နာကြည်းစွာ ငိုသံကြား၍ သနားကာ မဆွဲရက်ဘဲ လွှတ်ပေးလိုက်သည်။ ဘီလူးမကမူ မညှာမတာဆွဲ၍ နေသည်ကို ထောက်ပြ၍ မိခင်ရင်းကို ဆုံးဖြတ်ပေးလိုက်သည်။ ဤအကြောင်းကို ဝိဒေဟရာဇ် မင်းကြီးကြား၍ အားရဝမ်းသာဖြစ်သော်လည်း သေနက အမတ်၏ ကန့်ကွက်စကားကြောင့် မခေါ်ယူနိုင်ဘဲရှိရပြန်လေသည်။

တစ်နေ့သောအခါ ဂေါတကာဠနှင့် ဇနီးဖြစ်သူ ဒီဃတာလတို့သည် မိဘရပ်ထံသွားရောက်ရာ လမ်းခရီးအကြားတွင် မြစ်တစ်ခုသို့ရောက်ရှိကြ သည်။ သူတို့သည် မြစ်ကို မကူးဝံ့ဖြစ်နေကြစဉ် ဒဃပိဋ္ဌိဆိုသူက ကူညီ မည်ဟုဆိုကာ ဒီဃတာလကိုထမ်း၍ ရေထဲ၌ထိုင်လျက် ကူးသွားသည်။ တစ်ဖက်ကမ်းသို့ ရောက်လျှင်မိန်းမကို သွေးဆောင်ဖြားယောင်း၍ ခေါ်ဆောင်သွားလေသည်။ ထိုအခါ ဂေါတကာဠလည်း သေစေလိုက သေစေတော့ဟုဆိုကာ မြစ်ထဲသို့ခုန်ချလေရာ ရေတိမ်မှန်းသိရတော့ သည်။ ၎င်းတို့နှစ်ဦးအား မီလေလျှင် သူ့မယားဖြစ်သည် ငါ့မယားဖြစ် သည်နှင့် အငြင်းပွားကြလေသည်။ မဟောသဓထံသို့ ရောက်လေလျှင် လူသုံးဦးကိုသီးခြားခွဲထားပြီး ဒီဃတာလ၏ မိဘအမည်များကို ဖြေကြား စေခြင်းဖြင့် ဒီဃတာလ၏ ခင်ပွန်းအမှန်ကို ဆုံးဖြတ်ပေးလေသည်။ ထိုအကြောင်းကို ဝိဒေဟရာဇ်မင်းကြီးသိရှိခေါ် လိုသော်လည်း သေနက အမတ်စကားကြောင့် ရှေးနည်းတူပင် မခေါ်ယူနိုင်ဘဲရှိရပြန်သည်။

သိကြားမင်းသည် မဟောသဓ၏ ပညာဉာဏ်ကြီးပုံကို ပြလိုသော ကြောင့် လှည်းရထားစီးလာသော ယောကျ်ားတစ်ယောက်၏ လှည်း ကို ခိုးယူမောင်းပြေးလေသည်။ မဟောသဓရှေ့သို့ ရောက်လျှင် လူတစ်ယောက်အားခေါ်ယူပြီး ရထားကိုမောင်းစေသည်။ အငြင်းအခုံ ဖြစ်သူ နှစ်ဦးအား လှည်းရထားကို လက်မလွှတ်စေဘဲ ပြေး၍လိုက်စေ သည်။ ရထားရှင်မှာ လူသားဖြစ်၍ မောပန်းကာ မလိုက်နိုင်ဘဲ လက်လွှတ်လိုက်ရသည်။ ထိုအခါမဟောသဓက ရထားရှင်အစစ်ကို ခွဲခြားဆုံးဖြတ်ပေးလေသည်။ ထိုသတင်းစကားကြောင့် ဝိဒေဟရာဇ် မင်းကြီးသည် ခေါ်ယူလိုသော်လည်း သေနကအမတ် စကားကြောင့် ဆိုင်းငံ့၍နေရပြန်သည်။

တစ်နေ့သောအခါ မင်းကြီးသည် မဟောသဓ၏ ဉာဏ်ပညာကို စမ်းသပ်လို၍ တစ်ထွာခန့်ရှိ ရှားတုတ်တစ်ချောင်းကို ပေးပို့၍အရင်းနှင့် အဖျားကို ရွေးချယ်စေ၏။ မဟောသဓက ရှားတုတ်၏ အလယ်ဗဟို တည့်တည့်မှ ကြိုးချည်ပြီးရေခွက်ထဲသို့ချစေ၏။ အရင်းနစ်သောအပိုင်း သည် အရင်းဖြစ်ကြောင်း ရွေးချယ်ပြန်ကြား လျှောက်တင်စေခဲ့ရာ မင်းကြီး၏ သဘောကျနှစ်သက်လှသော်လည်း သေနကအမတ်ကြီး ကြောင့် သည်းခံတော်မူရပြန်သည်။

**ဘုရားလောင်းမဟောသဓသည် ယင်းသူဌေးကတော် သုမနဒေဝီ၏ ဝမ်းတွင်း၌ ပဋိသန္ဓေယူလေသည်။ ဖွားမြင်သောအခါ သိကြားမင်းထားလာသော ဆေးလုံးကိုကိုင်၍ ဖွားမြင်လေသည်။ ထို့ကြောင့် မဟောသဓဟူသော အမည်ကို မှည့်လေသည်။ ထိုဆေးလုံးကြောင့် သူဌေးကြီး၌ ခုနစ်နှစ်တိုင် စွဲကပ်လျက်ရှိသော ခေါင်းကိုက်နာနှင့် လူအပေါင်းတို့၏ ရောဂါဝေဒနာတို့ ပျောက်ကင်းလေသည်**

## ဝဿာန်မိုးရာသီ တေးသီချင်းများ ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဇူလိုင် ၇**

ဝဿာန်မိုးရာသီ တေးသီချင်းများ ဖျော်ဖြေပွဲ၏ ပွဲစဉ်(၆)ကို ဇူလိုင် ၉ ရက် ည ၈ နာရီ သတင်းအပြီး တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံ ကြား၌ ထုတ်လွှင့်ပြသမည် ဖြစ် သည်။

ယင်းအစီအစဉ်ကို ကုမုဒြာ တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့် အတူ တေးသံရှင်များ ဖြစ်ကြ သည့် စိုးအောင်(ကောင်းကင်ပြာ)၊ ရဲထိုက်၊ ဝိုင်းလမင်းအောင်၊ ပန်းအိဖြူ၊ အိအိချွန်၊ သက်မှူးခင်၊ နေခြည်၊ နန်းစန္ဒီနှင့် ခင်လ ပြည့်ဝန်းတို့က ဖျော်ဖြေတင်ဆက် ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






မင်းကြီးသည် မဟောသဓာ၏ ပညာကို ထပ်မံစမ်းသပ်လိုပြန်သည်ကြောင့် ဦးခေါင်းခွံနှစ်ခုကိုပေးပို့ပြီး ယောကျ်ားခေါင်းခွံ၊ မိန်းမခေါင်းခွံကို ခွဲခြားစေ၏။ မဟောသဓာက ဦးခေါင်းခွံနှစ်ခုအနက် ဦးခြားရေလိမ်ယှက်သော ခေါင်းခွံကိုမိန်းမခွံဖြစ်ကြောင်း ရွေးချယ်ဖြေကြားစေသည်။ မင်းကြီးလည်း အားရကျေနပ်တော်မူ၍ ချီးမွမ်းလျက်ခေါ်ယူလိုသော်လည်း သေနကအမတ်၏ ကန့်ကွက်မှုကြောင့် မခေါ်ယူနိုင်ဘဲရှိရပြန်သည်။

ဦးခေါင်းခွံပြဿနာကို ဖြေဆိုပြီး နောက်တစ်နေ့တွင် မင်းကြီးသည် မြွေဖိုမြွေမ နှစ်ကောင်ကို ဖမ်းစေပြီး မြွေဖို မြွေမကိုခွဲခြားစေသည်။ ဦးခေါင်းကြီး အမြီးဖွံ့မျက်စိကျယ် လည်စပ်သော မြွေသည် မြွေဖိုဖြစ်ကြောင်း၊ ဦးခေါင်းငယ်၍ အမြီးသွယ်ပြီး မျက်စိကျဉ်းကာ လည်ရေးမစပ်သော မြွေသည် မြွေမဟူ၍ ခွဲခြားပြရာ မင်းကြီးသည် လွန်စွာဝမ်းမြောက်၍ ခေါ်လိုပြန်သည်။ သို့သော် သေနကအမတ်၏ ကန့်ကွက်မှုဖြင့် မခေါ်ယူရဘဲ ရှိပြန်လေသည်။

တစ်နေ့သ၌ မင်းကြီးသည် ထိပ်ပေါ်၌လဘိုရှိ၍ ခြေနှစ်ဖက်၌ ဦးချိုရှိပြီး ကိုယ်လုံးဖြူလျက် အခါသုံးချိန်လုံး တွန်တတ်သည့် နွားလားဥသဘကို ပို့စေရန် မဟောသဓာနေထိုင်ရာ ပါစိနယဝမဇ္ဈဂုံးရွာသို့ အမိန့်ထုတ်လေသည်။ မဟောသဓာက ထိုအချက်များ ပြည့်စုံသော ကြက်ဖအဖြူကို ပေးပို့စေခဲ့ရာ မဟောသဓာ၏ ဉာဏ်ပညာကို မင်းကြီးအားရတော်မူ၍ ခေါ်ယူလိုပြန်သည်။ သို့ရာတွင် သေနကအမတ်ကြောင့် မခေါ်ဖြစ်သေးချေ။

ထို့နောက်တစ်ဖန် မင်းကြီးသည် ရှေးဘေးလောင်းတော် ကုသမင်းကြီးလက်ထက်က သိကြားပေးဆက်ခဲ့သော အကောက်ရှစ်ပါးပါသည့် နန်းစဉ်ပတ္တမြား၏ ကြိုးဟောင်းပြတ်နေ၍ ကြိုးသစ်တပ်ရန်အတွက်မဟောသဓာနေထိုင်ရာရွာသို့ပေးပို့စေ၏။ မဟောသဓာကပတ္တမြားအပေါက်ဝနှစ်ဖက်ကို ပျားရည်များ လိမ်းသုတ်စေသည်။ နူးညံ့သောကမ္ဗလာကြိုးစချည်ကို ကျစ်ပြီးလျှင် ပျားရည်သုတ်၍ ကြိုးစကို ပတ္တမြားပေါက်ဝကြိုးဟောင်းတစ်ဖက်နှင့်တွေ့ထားပြီး ပတ္တမြားဝတစ်ဖက်ကို ပုရွက်ကျဉ်နီပိုးရွတို့ နေရာလမ်းဝ၌တွေ့လျက် ပတ္တမြားကိုထားလိုက်၏။ ပုရွက်ကျဉ်နီ ပိုးရွတို့သည် ပျားရည်နံ့ကြောင့် ပတ္တမြားပေါက်တွင် ထိုးဝင်ကိုက်ခဲစားသောက်ကြခြင်း၊ တစ်ဖက်က ကြိုးသစ်ကို ကိုက်ခဲစားသောက်ကာ အပေါက်ကိုနောက်ဆုတ် ယူဆောင်ကြကုန်သည်။ ဤနည်းဖြင့် ပတ္တမြားကိုကြိုးသစ်တပ်ပြီးဖြစ်၍ မင်းကြီးအားဆက်သစေလေသည်။ မင်းကြီးသည် အလွန်နှစ်သက်တော်မူသော်လည်း သေနကအမတ်က ပညာစမ်းရန် ကျန်သေး၍ငံ့လင့်ရန် လျှောက်ထားသဖြင့် မင်းကြီးလည်း ပြဿနာတစ်နည်း စီရင်ပြန်လေသည်။

နောက်တစ်နေ့၌ မင်းကြီးသည် နွားလားတစ်ကောင်အား ဝမ်းဖောင်းအောင် ပဲပြုတ်ကိုကျွေး၍ တစ်ကိုယ်လုံးနနွင်းသုတ်လိမ်းစေပြီးလျှင် ထိုနွားလား၏ ဝမ်းတွင်းမှသားကို ဖွားပေးရန်မဟောသဓနေထိုင်ရာ ရွာသို့အမိန့်ထုတ်ပြန်ခဲ့သည်။ မဟောသဓာက ယောကျ်ားတစ်ဦးအား မင်းကြီးထံအရောက်သွားစေပြီး မိမိ၏ဖခင် သားမဖွားနိုင်၍ ကယ်တော်မူရန် ငိုယိုပြောဆိုစေသည်။ မင်းကြီးက ယောကျ်ားစင်စစ်ဖြစ်ပါလျက် သားဖွားရန်မဖြစ်နိုင်ကြောင်းပြောကြားလျှင် ယောကျ်ားကသားမဖွားနိုင်ပါက နွားလားသည်လည်း သားဖွားနိုင်မည် မဟုတ်ပါဟုလျှောက်တင်လေသည်။ မင်းကြီးလည်း မဟောသဓာ၏ ဉာဏ်စွမ်းဖြင့်ပြန်လည်ဖြေကြားခြင်း ဖြစ်သည်ကိုသိ၍ ခေါ်ယူလိုစိတ်ဖြစ်ပေါ်ရပြန်သည်။ သို့သော် သေနကအမတ်စကားကြောင့် ငံ့လင့်တော်မူရပြန်သည်။

နောက်တစ်နေ့တွင် မင်းကြီးသည် ဆန်လည်းမဟုတ်၊ ရေလည်းမဟုတ်၊ ထမင်းအိုးလည်းမဟုတ်၊ ခုံလောက်လည်းမဟုတ်၊ မီးလည်းမဟုတ်၊ ထင်းလည်းမဟုတ် စသည်တို့ဖြင့် စီမံချက်လုပ်ထားသည့် ထမင်းချဉ်ကို မိန်းမလည်းမဟုတ် ယောကျ်ားလည်းမဟုတ်သူက လမ်းမဟုတ်သည်မှ ပို့ဆက်ရမည်ဟု အမိန့်ထုတ်ပြန်ခဲ့သည်။ မဟောသဓာသည် ဆန်ကွဲကို နှင်းရည်ဖြင့်အိုးသစ်၌ထည့်ပြီး သစ်သားစိမ်း သုံးချောင်းထောက်ပေါ်တွင် ပွတ်မီးဖြင့် သစ်ရွက်ခြောက်ကို လောင်စေ၍ချက်လေသည်။ ပြီးလျှင် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ထမင်းချဉ်ဟူ၍ ကမ္ဗည်းထိုးကာ နပုံးပဏ္ဍုတ်ကိုရွက်စေလျက် တောလမ်းမှသွားရောက် ဆက်သစေသည်။ မင်းကြီးလည်း ဝမ်းမြောက်အားရဖြစ်ရပြန်သည်ကြောင့် ခေါ်လိုသော်လည်း သေနကအမတ်ကြောင့် မခေါ်သာဘဲရှိရပြန်သည်။

တစ်နေ့သ၌ မင်းကြီးသည်မဟောသဓနေထိုင်ရာ အရှေ့ပါစိနယဝမဇ္ဈဂုံး ရွာသားတို့အား သဲလွန်ကြိုးကျစ်၍ ပို့ဆက်ရမည်ဟု အမိန့်ထုတ်ပြန်ခဲ့သည်။ မဟောသဓာက စကားပြောလိမ္မာသူ တစ်ဦးကိုရွေးပြီး မင်းကြီးထံမှမူလသဏ္ဍာန်အလုံးအထွာကို နမူနာ တောင်းခံစေ၏။ မင်းကြီးက သဲလွန်ကျစ်၍ မရနိုင်သဖြင့် နမူနာမရှိဟု ဆိုသည့်အခါ လျှောက်ထားသူတို့က သို့ဖြစ်လျှင် ကျွန်ုပ်တို့ရွာသားများလည်း သဲလွန်ကျစ်၍ မရနိုင်ကြောင်း ပြန်၍လျှောက်တင်သဖြင့် ပြဿနာပြေလည်ခဲ့ရသည်။ မဟောသဓာ၏ ပညာပေးမှုဖြစ်သည်ကိုသိ၍ မင်းကြီးက ချီးကျူးဝမ်းသာကာ ခေါ်လိုသော်လည်း သေနကအမတ်ကြောင့် မအောင်မြင်သေးချေ။

*(ဆက်လက်ဖော်ပြပါမည်)*

## နုမှာငါးရာ၊ ရင့်မှာတစ်ကျိုပ်

ပါဠိစကား 'ဇာတက'ကို 'ဇာတ်' ဟူ၍ မြန်မာမှုပြုကြသည်။ 'ဇာတ်'၏ အနက်အဓိပ္ပာယ်မှာ 'အဖြစ်' 'ဘဝ'ဟူ၍ ဖြစ်သည်။ ဗုဒ္ဓဘုရားရှင်သည် ပါရမီဖြည့်စဉ်ကာလ မိမိ၏ အတိတ်ဘဝဇာတ်ကြောင်းများကို ပါဠိဂါထာများဖြင့် ဟောကြားခဲ့ရာ ဂါထာတစ်ရာကျော်မှ တစ်ထောင်ကျော်အထိ ဟောကြားခဲ့သော မဟာနိပါတ်ဟု ခေါ်သည့် ဇာတ်ကြီးဆယ်ဘွဲ့ရှိသည်။ ဇာတ်ကြီးဆယ်ဘွဲ့သည် ဗုဒ္ဓအလောင်းတော် ဘုရားဖြစ်ခါနီး ပါရမီရင့်ကျက်လာပြီဖြစ်သည့် နောက်ဆုံးဘဝများဖြစ်သည်။ ဗုဒ္ဓအလောင်းတော်ဖြည့်ကျင့်ခဲ့သည့် ပါရမီများကို ပြဆိုသော တေမိ၊ ဇနက၊ သုဝဏ္ဏသာမ၊ နေမိ၊ မဟောသဓ၊ ဘူရိဒတ်၊ စန္ဒကုမာရ၊ နာရဒ၊ ဝိဓူရ၊ ဝေဿန္တရာ ဇာတ်တော်ကြီးများကို 'တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ' ဟု မြန်မာတို့က အတိုမှတ်ကြသည်။

ဗုဒ္ဓကျမ်းစာများတွင် နိကာယ်ငါးရပ်ဝင် ခုဒ္ဒကနိကာယ်၌ ပါဝင်သည့် ဇာတ်ဝတ္ထုပေါင်း ၅၄၇ ဇာတ်ရှိရာ အလွယ်တကူအားဖြင့် ၅၅၀ ဇာတ်တော်များဟု ခေါ်ဝေါ်ကြခြင်း ဖြစ်သည်။ ဇာတ်တော်ကြီးဆယ်ဘွဲ့မှလွဲ၍ ကျန်ဇာတ်တော်များမှာ ပါရမီနုစဉ်က အကြောင်းအရာများဖြစ်ပြီး ပါဠိဂါထာ တစ်ဂါထာ၊ နှစ်ဂါထာတို့ဖြင့် ဟောကြားခဲ့ခြင်းဖြစ်သည်။ 'နုမှာငါးရာ၊ ရင့်မှာတစ်ကျိုပ်' ဆိုသည်မှာ ဗုဒ္ဓအလောင်းတော်ပါရမီဖြည့်ကျင့်ခဲ့စဉ်က ဇာတ်ဝတ္ထုအကြောင်းများပင်ဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့အတွေးအမြင်တို့တွင် တစ်သားတည်း ပျော်ဝင်နေသည့် ဩဇာကြီးမားသော စာပေများလည်းဖြစ်သည်။

ဇာတ်တော်ကြီးဆယ်ဘွဲ့နှင့် ငါးရာ့ငါးဆယ်ဇာတက ဝတ္ထု အကျဉ်းချုပ်များကို ရှေးကရဟန်းပညာရှိ ဆရာတော်ကြီးများရေးသားတော်မူခဲ့သည့် မူရင်းစာအုပ်များကိုမှီငြမ်း၍ ဆရာမြတ်မင်းလှိုင်က ရေးသားခဲ့ပြီး လွန်ခဲ့သည့်နှစ် ၂၀ ကာလက နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်မှ အပတ်စဉ်ထုတ်ဝေသည့် Junior Leader စာစောင်တွင် ဖော်ပြခဲ့ဖူးရာ အဆိုပါ ဇာတ်ဝတ္ထုများအား အပတ်စဉ် လပြည့်၊ လကွယ်၊ ဥပုသ်စသည့် နေ့ရက်များတွင် ဖော်ပြသွားပါမည်ဟု စာဖတ်ပရိသတ်အား အစီရင်ခံအပ်ပါကြောင်း။ ။

## ကိုဗစ်ကာကွယ်ဆေး

❁ မိမိကိုယ်ကို ကာကွယ်ပါ
ကိုဗစ်ကပ်ရောဂါ၊
မကြာမကြာ လက်ကိုဆေး
မက်စ်လည်း တပ်လို့ပေး။

❁ လူစုလူဝေး ရှောင်ပါလေ
မိမိအတွက်ပေ၊
မဖြစ်မနေ ဆုံတွေ့က
ဝေးဝေး ခွာနေကြ။

❁ ကိုယ်တိုင်ကိုယ်ကျ ယုံယုံကြည်
ရေနွေးသောက်ကြမည်၊
ချင်းတက်ပြုတ်ရည် ပူစပ်ဆေး
မှန်မှန် သောက်စားပေး။

❁ အဓိကရေး ပြောပြချင်
စားဝတ်နေရေးပင်၊
ကိုယ်စိတ်အားအင် ပြည့်ဝဖို့
အလေးထားကြစို့။

❁ သတိယှဉ်လို့ အသိဆောင်
လို့လ စိတ်ဖွဲ့နှောင်၊
မကူးစက်အောင် တားနိုမ်ချိုး
ကိုဗစ် မိုင်းရပ်စ်ပိုး။

❁ အမျိုးသားရေး ချစ်မူပိုင်
ရှုမှတ်တရားထိုင်၊
စွဲမြဲလက်ကိုင် အားမာန်မွေး
ကိုဗစ်ကာကွယ်ဆေး။ ။

ဖိုလေးလုံးသောင်းကိုကို

# တန်ဖိုးရှိတဲ့လူ

ထွန်းထွန်း(ခရေရိပ်)

**လူတစ်ယောက်ရဲ့တန်ဖိုးဟာ အဝတ်အစားကောင်းမွန်သစ်လွင်ပြီး အဖိုးတန်ဝတ်နိုင်တာနဲ့ မဆိုင်ပါဘူး။ လစာဝင်ငွေနည်းတာ၊ များတာနဲ့လည်း မဆိုင်ပါဘူး။ ချမ်းသာတာ၊ ဆင်းရဲတာနဲ့လည်း မဆိုင်ဘူး။ ရုပ်ချောတာ၊ အပြောကောင်းတာနဲ့လည်း မဆိုင်ဘူး။ ထင်ရှား ကျော်ကြားတာနဲ့လည်း မဆိုင်ဘူး။ ဆက်စပ်ပတ်သက်သယောင် ထင်ရပေမယ့် တကယ်ကတော့ မဆိုင်လှပါဘူး။**

စင်စစ် အနှစ်သာရရှိတဲ့လူ့တန်ဖိုးကတော့ သူ့ရဲ့ကိုယ်ကျင့်တရား၊ အမြော်အမြင်ကြီးမားတဲ့ပညာနဲ့ အများအတွက်ကောင်းကျိုးဆောင်မှု မေတ္တာ၊ ဗြဟ္မစိုရ်တရား ဒီသုံးချက်ပဲဖြစ်ပါတယ်။ ကိုယ်ကျင့်တရားဟာ လူတစ်ယောက်အတွက် မရှိမဖြစ်လိုအပ်တဲ့ ဂုဏ်တစ်ရပ်ဖြစ်ပါတယ်။ လူသားတိုင်း ရိုးသားဖြောင့်မတ်ဖို့၊ ကိုယ်ကျင့်တရားကောင်းဖို့က အရေးကြီးပါတယ်။ ကိုယ်ကျင့်တရားဟာ ကောင်းကျိုးအားလုံးရဲ့ အရင်းခံရေသောက်မြစ်လို့ ဆိုလို့ရပါတယ်။

ကိုယ်၊ နှုတ်ကို ယဉ်ကျေးအောင် ထိန်းကွပ်ပေးတဲ့ သက်ဆိုင်ရာ ကျင့်ဝတ်သီလတွေက ကိုယ်ကျင့်တရားဖြစ်ပါတယ်။ ကိုယ်ကျင့်တရားဟာ လူတစ်ယောက် နေ့စဉ်ပြုကျင့်နေတဲ့ အပြုအမူ၊ အကျင့်စရိုက်၊ စာရိတ္တ၊ ကျင့်ဝတ်၊ အလေ့အထတွေဖြစ်ပြီး ကိုယ်ကျင့်တရားရှိမှ ယဉ်ကျေးသူဖြစ်မယ်။ အများချစ်ခင်လေးစားမှာ ဖြစ်ပါတယ်။

## ကိုယ်ကျင့်တရားကို မြှင့်တင်တတ်ဖို့လို

ဘဝရဲ့အောင်မြင်မှုလျှို့ဝှက်ချက်ဟာ ကိုယ်ကျင့်တရားဆိုတာ သိမြင်နားလည်သူတွေဟာ အောင်မြင်ကြပါတယ်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့မှာ ကောင်းကျိုးတွေခံစားရရှိခြင်းဟာ ကိုယ်ကျင့်တရားကို အခြေခံပါတယ်။ ကိုယ်ကျင့်တရားကို မွေးမြူတတ်ဖို့၊ ကိုယ်ကျင့်တရားကို ထိန်းသိမ်းတတ်ဖို့လိုပါတယ်။ ကိုယ်ကျင့်တရားကို မြှင့်တင်တတ်ဖို့ လိုပါတယ်။

အောင်မြင်သူ၊ ထင်ရှားကျော်ကြားသူအချို့ဟာ ရုတ်တရက် အောင်မြင်မှုတွေ ဆုံးရှုံးသွားတယ်၊ နာမည်တွေကျသွားတယ်၊ ပြိုလဲသွားတယ်ဆိုတာမျိုးတွေ ဖြစ်ကြတာကိုလည်း တွေ့ရတတ်ပါတယ်။ အဲဒါဟာ ကိုယ်ကျင့်တရားဆိုတဲ့ တံတိုင်းမခိုင်မာလို့ ပြိုလဲခဲ့ရခြင်းဖြစ်ပါတယ်။ ချမ်းသာကြွယ်ဝခြင်း ဆုံးရှုံးတဲ့အခါ ဘာမှဆုံးရှုံးမှုမရှိပါ။ ကျန်းမာရေးဆုံးရှုံးတဲ့အခါ တစ်စုံတစ်ခုကို ဆုံးရှုံးပါတယ်။ ကိုယ်ကျင့်တရား ဆုံးရှုံးပျက်စီးတဲ့အခါ ဘဝတစ်ခုလုံး ဆုံးရှုံးသွားမှာ ဖြစ်ပါတယ်လို့ အတွေးအခေါ်ပညာရှင်ကြီး ဆိုကရေးတီးက ဆိုခဲ့ဖူးပါတယ်။

တန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြစ်ဖို့ ကိုယ်ကျင့်တရားအပြင် အမြော်အမြင်ကြီးမားတဲ့ ဉာဏ်ပညာလည်း လိုအပ်ပါတယ်။ အကောင်းအဆိုး၊ အကြောင်းအကျိုးအမျိုးမျိုးသော သဘောတရားတို့ကို အထူးထူးအပြားပြားအားဖြင့် ထိုးထွင်းသိမြင်ခြင်းကို ဉာဏ်ပညာလို့ အနက်ဖွင့်ကြတာကိုလည်း မှတ်သားဖူးပါတယ်။ လူ့အဖွဲ့အစည်းတစ်ခုကို ကောင်းကျိုးပြုနိုင်ဖို့ အမြော်အမြင်ရှိတဲ့ ဉာဏ်ပညာက မရှိမဖြစ်လိုအပ်တဲ့အရာဖြစ်ပါတယ်။

> **ကိုယ်ကျင့်တရားကောင်းသူ၊ အမြော်အမြင်ကြီးမားတဲ့ပညာနဲ့ ပြည့်ဝသူ၊ အများအတွက် ကောင်းကျိုးဆောင်မှု မေတ္တာ၊ ဗြဟ္မစိုရ် တရားထားသူတွေရဲ့ အတွေးအခေါ် (အကြံအစည်)၊ အပြောအဆို (စကား)၊ အပြုအမူ (ဆောင်ရွက်ချက်)၊ အလုပ်တွေဟာ အတ္တ၊ ပရညီညွတ်မျှတပြီး လောကကို ကောင်းကျိုးဆောင်နိုင်မှာ ဖြစ်ပါတယ်။**

လောကလူသားတွေအတွက် ပစ္စုပ္ပန်ရော နောင်အနာဂတ်မှာပါ ကောင်းကျိုးချမ်းသာတွေကို ဖြစ်ထွန်းစေတဲ့အရာဟာ အသိဉာဏ်ပညာဖြစ်တယ်လို့ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသက မိန့်ကြားခဲ့ပါတယ်။

လူတစ်ယောက်မှာ ဆင်ခြင်ဉာဏ်၊ လေ့လာသင်ယူထားတဲ့ အသိပညာ၊ ဗဟုသုတနဲ့ တွေးခေါ်မြော်မြင်နိုင်တဲ့ ဉာဏ်ပညာသာ မရှိဘူး

> **ဆူပူအကြမ်းဖက်မှုတွေ၊ ဥပဒေမဲ့မီးရှို့၊ လူသတ်၊ မိုင်းထောင်၊ အုပ်စုဖွဲ့ အနိုင်ကျင့်၊ အသေခံဗုံးခွဲ စတဲ့ကြမ်းတမ်းရက်စက်မှုတွေ၊ အစွန်းရောက် အကြမ်းဖက်ဝါဒတွေ ခေါင်းထောင်လာတယ်ဆိုတာဟာ လူသားတစ်ယောက်ရဲ့ အမှား၊ အမှန်ကို တွေးခေါ်မြော်မြင်နိုင်စွမ်း ဉာဏ်ပညာပျောက်ဆုံးသွားလို့ပဲ ဖြစ်ပါတယ်။ စဉ်းစားတွေးခေါ် မြော်မြင်နိုင်စွမ်းမြင့်မားသူဟာ ကိုယ်တိုင်အတွက်သာမက သူ့ရဲ့ မိသားစု၊ ပတ်ဝန်းကျင်၊ လူမှုအသိုက်အဝန်းတစ်ခုလုံးကို အကျိုးပြု စေနိုင်မှာ ဖြစ်ပါတယ်။**

ဆိုရင် 'အိပ်၊ စား၊ ကာမ' ဤသုံးဝပဲတတ်တဲ့ တိရစ္ဆာန်တွေနဲ့ ခြားနားမှာ မဟုတ်ပါဘူး။ လူတစ်ယောက်က အမှားကင်းပြီး လောကကိုအကျိုးပြုတဲ့ လူတစ်ယောက်အဖြစ် ရှင်သန်ရပ်တည်ချင်တယ်ဆိုရင်တော့ အသိဉာဏ်ပညာနဲ့ ရေရှည်ကို မြော်တွေးတတ်တဲ့အမြော်အမြင်ရှိဖို့ လိုအပ်ပါတယ်။

## စိန်ခေါ်မှုတွေကို ကျော်လွှား

လူတွေရဲ့ တွေးခေါ်မြော်မြင်နိုင်စွမ်းနဲ့ ဉာဏ်ပညာတို့ ပေါင်းစပ်လိုက်တဲ့အခါ အင်မတန်ခက်ခဲနက်နဲလှတဲ့၊ အဖြေထုတ်ရန်မလွယ်ကူတဲ့ လောကပုစ္ဆာတွေကို အဖြေထုတ်နိုင်မှာ ဖြစ်ပါတယ်။ လူတွေအတွက် အကျိုးရှိနိုင်မယ့် တီထွင်ဖန်တီးမှုတွေကို လုပ်ဆောင်နိုင်မှာဖြစ်သလို အခက်အခဲ၊ စိန်ခေါ်မှုတွေကို အဖြေရှာကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။

လူတွေရဲ့နေ့စဉ်ဘဝတွေမှာ အသိပညာ၊ ဉာဏ်အမြော်အမြင်၊ ပညာဗဟုသုတ၊ စဉ်းစားချင့်ချိန်နိုင်စွမ်းဆိုတဲ့စကားတွေကို နေ့စဉ်နဲ့အမျှ ကြားနေရပေမယ့် လိုက်နာကျင့်သုံးနိုင်ဖို့ ခဲယဉ်းတာကိုလည်း တွေ့ရပါတယ်။ လတ်တလောစိတ်ခံစားချက်ကို မထိန်းသိမ်းနိုင်တဲ့အတွက် အမှားတွေကို ပြုမိပြီး ဘဝလမ်းကြောင်း မဖြောင့်တန်းကြတာ၊ ဆင်းရဲဒုက္ခတွေနဲ့ ရင်ဆိုင်ကြရတာကိုလည်း တွေ့မြင်နေရပါတယ်။

လောကမှာ အသိဉာဏ်အရှိဆုံးသတ္တဝါလို့ဆိုတဲ့ လူသားတွေ အသိဉာဏ်မဲ့သွားပြီဆိုရင် ဉာဏ်နည်းတဲ့တိရစ္ဆာန်တွေထက် ပိုကြောက်ဖို့ကောင်းသွားတတ်တယ်ဆိုတာကလည်း လူမှုဘဝတွေမှာ တွေ့ကြုံနေကြရတဲ့အဖြစ်အပျက်တွေက သက်သေခံလျက်ရှိနေပါတယ်။

**တွေးခေါ်မြော်မြင်နိုင်မှု ဉာဏ်ပညာ အားနည်းတဲ့အခါ အယူအဆတစ်ရပ်ရဲ့ သွတ်သွင်းမှုကို အလွယ်တကူခံရနိုင်သလို ပုဂ္ဂိုလ်ရေးအရ အလွန်အမင်းယုံကြည်တာ၊ မှီခိုအားကိုးတာတွေက အမှားကို အမှန်ထင်ပြီး အစွန်းရောက်သွားစေနိုင်ပါတယ်။ ရဟန်း၊ သံဃာတွေကို စွပ်စွဲပြောဆိုတာ၊ ဂိုဏ်းခွဲတာ၊ မြင်းမိုရ်တောင်မက ကျေးဇူးကြီးလှတဲ့ ကျေးဇူးရှင်မိဘတွေကို ယုံကြည်ချက်မတူရုံနဲ့ မိခင်၊ ဖခင်အဖြစ်က ပြတ်စဲတဲ့လုပ်ရပ်တွေအထိ ပြစ်မှားစော်ကားမိတတ်ကြပါတယ်။**

ထေရဝါဒဗုဒ္ဓသာသနာထွန်းကားတဲ့၊ မြတ်စွာဘုရားရှင်ရဲ့ သာသနာအဆုံးအမတွေနဲ့ နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်ကြာအောင် တည်တံ့လာခဲ့တဲ့နိုင်ငံတစ်ခုမှာ အနန္တဂိုဏ်းဝင် ဆရာ ဆရာမတွေကိုလည်း ပြစ်တင်ဝေဖန်ကဲ့ရဲ့ကြတာတွေကလည်း ဉာဏ်ပညာရဲ့ လွှမ်းမိုးနိုင်မှု အားနည်းတယ်လို့ ယူဆရပါတယ်။

**ဆူပူအကြမ်းဖက်မှုတွေ၊ ဥပဒေမဲ့မီးရှို့၊ လူသတ်၊ မိုင်းထောင်၊ အုပ်စုဖွဲ့အနိုင်ကျင့်၊ အသေခံဗုံးခွဲ စတဲ့ကြမ်းတမ်းရက်စက်မှုတွေ၊ အစွန်းရောက်အကြမ်းဖက်ဝါဒတွေ ခေါင်းထောင်လာတယ်ဆိုတာဟာ လူသားတစ်ယောက်ရဲ့ အမှား၊ အမှန်ကို တွေးခေါ်မြော်မြင်နိုင်စွမ်း ဉာဏ်ပညာ ပျောက်ဆုံးသွားလို့ပဲ ဖြစ်ပါတယ်။ စဉ်းစားတွေးခေါ် မြော်မြင်နိုင်စွမ်းမြင့်မားသူဟာ ကိုယ်တိုင်အတွက်သာမက သူ့ရဲ့ မိသားစု၊ ပတ်ဝန်းကျင်၊ လူမှုအသိုက်အဝန်းတစ်ခုလုံးကို အကျိုးပြုစေနိုင်မှာ ဖြစ်ပါတယ်။**

## မေတ္တာ၊ ဗြဟ္မစိုရ်တရားလိုအပ်

**ဒါ့အပြင် တန်ဖိုးရှိတဲ့လူတစ်ယောက်ဖြစ်ဖို့ဆိုရင် အများအတွက် ကောင်းကျိုးဆောင်မှု မေတ္တာ၊ ဗြဟ္မစိုရ်တရားလိုအပ်ပါတယ်။ အများနဲ့ ပေါင်းသင်းဆက်ဆံတဲ့အခါ မိမိအကျိုးကို မမျှော်ကိုးဘဲ သူတစ်ပါးကို ကိုယ်စိတ်နှစ်ဖြာကြီးပွားချမ်းသာပျော်ရွှင်သာယာဖို့ ဆောင်ရွက်ပေးတာဟာ ဗုဒ္ဓဘုရားဟောကြားတဲ့ ဗြဟ္မစိုရ်တရား မေတ္တာဖြစ်ပါတယ်။**

အမှန်တရားကို မြတ်နိုးကြသူတွေရဲ့ မေတ္တာနှလုံးသားတွေက အမှန်တကယ် အင်အားကြီးမားပါတယ်။ ရန်သူပင်ဖြစ်စေကာမူ မေတ္တာအစွမ်းနဲ့ အောင်နိုင်ခဲ့ပုံတွေက စာပေ၊ ကျမ်းဂန်၊ ပိဋကတ်တော်တွေမှာ များစွာရှိပါတယ်။ မေတ္တာစိတ်ဓာတ်ဟာ အလွန်မြင့်မြတ်တဲ့အတွက် မေတ္တာတရားထားသူဟာ ဂုဏ်သတင်းကျော်ကြားပြီး လူချစ်လူခင်ပေါများမယ်။ အားလုံးရဲ့ချစ်ခင်မှု၊ ကူညီစောင့်ရှောက်မှုကိုလည်း ရရှိတတ်ပါတယ်။ မေတ္တာတရားနဲ့ ပြည့်ဝခြင်းကြောင့် လုပ်ကိုင်သမျှ အောင်မြင်တိုးတက်မှာဖြစ်ပါတယ်။

ဒါကြောင့် **လူတစ်ယောက်ရဲ့တန်ဖိုးကို ကိုယ်ကျင့်တရား၊ အမြော်အမြင်ကြီးမားတဲ့ပညာနဲ့ အများအတွက်ကောင်းကျိုးဆောင်မှု မေတ္တာ၊ ဗြဟ္မစိုရ်တရားဆိုတဲ့ စံပေတံတွေနဲ့တိုင်းတာပြီး တန်ဖိုးဖြတ်သတ်မှတ်နိုင်မှာဖြစ်ပါတယ်။**

ကိုယ်ကျင့်တရားကောင်းသူ၊ အမြော်အမြင်ကြီးမားတဲ့ပညာနဲ့ ပြည့်ဝသူ၊ အများအတွက် ကောင်းကျိုးဆောင်မှုမေတ္တာ၊ ဗြဟ္မစိုရ်တရားထားသူတွေရဲ့ အတွေးအခေါ် (အကြံအစည်)၊ အပြောအဆို (စကား)၊ အပြုအမူ (ဆောင်ရွက်ချက်)၊ အလုပ်တွေဟာ အတ္တ၊ ပရ ညီညွတ်မျှတပြီး လောကကို ကောင်းကျိုးဆောင်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ငြိမ်းချမ်းသာယာပျော်ရွှင်တဲ့ လူ့အဖွဲ့အစည်းတစ်ခု ဖြစ်ထွန်းဖို့၊ ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာမှာ ကောင်းကျိုးတွေရရှိစေဖို့ တန်ဖိုးရှိအောင်စဉ်းစားပါ။ တန်ဖိုးရှိအောင် ပြောဆိုပါ။ တန်ဖိုးရှိအောင်လုပ်ပါ။ ဒါဆိုရင်တော့ တန်ဖိုးရှိတဲ့လူဖြစ်လာမှာ မလွဲကေန်ပါ။ တန်ဖိုးရှိတဲ့လူတစ်ယောက်အဖြစ် လောကကို အလှဆင်နိုင်ကြပါစေ။ ။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၇-၂၀၂၂ ကြာသပတေးနေ့

### MRTV

**၀၆:၀၀** ရတနသုတ်ပရိတ်တရားတော်
**၀၆:၂၀** အရဟံဗဟိအဋ္ဌဇယ်ဂါထာ တော်မြတ်ဘုရားရှိခိုးနှင့် ခင်ပွန်းကြီးဆယ်ပါးကန်တော့ခန်း
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၁၀** နဝင်္ဂဥပေါသထသီလ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** သာသနာတော်အဓွန့်ရှည်တည်စေဖို့ ဓမ္မာစရိယစာမေးပွဲနှင့်ပါဠိပထမပြန် စာမေးပွဲများဆီသို့ဦးတည်
**၁၂:၃၀** တိပိဋကဓရတိပိဋကကောဝိဒ ဘဒ္ဒန္တဝိရိယာနန္ဒဟောကြားတော်မူသော **'ရဟန်းတစ်ပါးကြွလာသည်'** တရားတော်
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'ဇီဝဗေဒဘာသာရပ်'**
**၁၆:၃၅** မျက်မှောက်ရေးရာအဖြာဖြာ
**၁၇:၃၅** လူမှုစီးပွားမြင်ကွင်းများ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၁၀** လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင်
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'နှလုံးသားခေါ်ဆောင်ရာ'** (အပိုင်း-၁၉)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အိမ်ထောင်ရေးပညတ်ချက်များ'** (အပိုင်း-၂)
**၂၂:၁၀** ပြည်သူ့နီတိ **'ဝိဝိဓနေအိမ်ကိုတည်ဆောက်ကြသူများ'**

### mitv

**07:01** News
**07:27** Life of A Farmer
**07:53** A Photographer's Life at Shwedagon Pagoda
**08:01** Products of Myanmar - Craft Blacksmithing
**08:26** Bago: A City Of Famous Historic Pagoda
**08:47** The Golden Triangle
**09:01** Myanmar Weaving
**09:13** Ywar Thit's Monhinkhar
**09:27** Unique Art of Stucco Work
**09:44** Elephant Catching and Scaring Trip Mile Stone 26
**10:01** The Crocodiles of Meinmahla Island
**10:29** Innovative Handiworks Based On The Art Of Line Drawing
**11:27** Mommy Cook: The Foster Mother

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
အင်းတော်ကြီးအိုင်ရဲ့ပတ်ဝန်းကျင်
**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကယားဗက်ရှင်ရှိုး(ကယားအမျိုးသားတို့၏ စုပေါင်းအဲ့ဒီပေါ်မီ)
**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၈)
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
စီးပွားဖြစ်ပီလောပီနံ
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၃)
**ချင်း(လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
နှလုံးသားထဲကထာဝရရိဒ်ရေကန်
**ချင်း(ချို) (၁၄:၀၀ မှ ၁၅:၀၀)**
မြန်မာ့မြေမှစိုက်ပျိုးစီးပွားလူမှုဘဝများ (ချင်းပြည်နယ်မှ အော်ဂဲနစ်စိုက်ပျိုးရေး)
**မွန် (၁၅:၀၀ မှ ၁၈:၀၀)**
စိုက်ပျိုးရေးမှိုအကြောင်း
**ရခိုင် (၁၈:၀၀ မှ ၁၉:၀၀)**
သဲပုံစေတီပွဲတော်(သျှစ်သောင်းမြောက်ပွဲ)
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ကလေးငယ်များကိုပြည့်စွက်စာကျွေးခြင်း
**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
'ဝ'ဘာသာစကားပြောကြရအောင်(အပိုင်း-၂)

### MRTV Sports

**၀၆:၀၀** အဖွင့်
**၀၆:၁၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၁၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၁၆:၀၀** ၂၀၂၂ခုနှစ်တိုင်းနှင့်ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲစကားသံများ

MRTV Farmers' Channel
MRTV FARMERS' CHANNEL ကို
နေ့စဉ် နံနက် (၆:၀၀)နာရီမှ
ည (၁၀:၀၀)နာရီထိ၊
Education Channel
ကို
စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက် များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal
SCAN ME




## မချမ်းဘော့မြို့နယ်ရှိ နှာခေါင်းစည်းနှင့်လက်သန့်ဆေးရည်များပေးအပ်

**မချမ်းဘော့ ဇူလိုင် ၇**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ်တွင် ဘာသာရေးအဖွဲ့များ၊ ယဉ်ကျေးမှုအဖွဲ့များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့် ဆောင်ရန် ရှောင်ရန်အချက်များအား သိရှိလိုက်နာစေရေး နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များပေးအပ်ခြင်းအစီစဉ်ကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မလိခခန်းမတွင် ပြုလုပ်သည်။

အဆိုပါပေးအပ်ခြင်းအစီအစဉ်တွင် မချမ်းဘော့မြို့ပေါ် ရပ်ကွက် အတွင်းရှိ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ ခရစ်ယာန် ဘာသာဘုရားကျောင်း ရှစ်ကျောင်းနှင့် ဂျိန်းဖော့၊ ရဝမ်၊ လီဆူ စာပေယဉ်ကျေးမှုအဖွဲ့တို့အား နှာခေါင်းစည်း ၂၀၀ စီနှင့် လက်သန့်ဆေးရည် ဘူးကြီး တစ်ဘူးစီ စုစုပေါင်း နှာခေါင်းစည်း ၂၄၀၀ နှင့် လက်သန့်ဆေးရည် ၁၃ ဘူး ထောက်ပံ့ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များအား ရှင်းလင်းပြောကြားသည်။

မြို့နယ်(ပြန်/ဆက်)

## ပြင်ဆင် ဖတ်ရှုပါရန်

၁-၇-၂၀၂၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၃၂ ၌ ပါရှိသည့် အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ထိန်းသိမ်းထားရှိသည့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် တရားစွဲဆိုခံထားရသော အချုပ်သားများအား လွှတ်ပေး **(အစား)** အင်းစိန် ဗဟိုအကျဉ်းထောင်တွင် ထိန်းသိမ်း ထားရှိသည့် ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် တရားစွဲဆိုခံထားရသော အချုပ်သားများအားလွှတ်ပေးဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**စာတည်းအဖွဲ့**

## အလိမ္မာ စာမှာရှိ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇-၇-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၈၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၇၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၈၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၇၀၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၂၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၃၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၄၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၈ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၁၆ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၈၀၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၈၀ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၉၄ . ၀၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၃ . ၇၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၉၆၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၃၅ | ၁၂၀၂၀၀၀ |
| MTSH | ၃၅၅၀ | ၃၅၅၀ | ၁၉၂ | ၆၇၉၃၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၅၀ | ၂၇၅၀ | ၅၀ | ၁၃၄၅၀၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၄၁ | ၁၂၇၁၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၆၅ | ၃၂၄၀၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm

# သန်လျင်မြို့နယ်၌ မုဒိမ်းမှုကျူးလွန်ခဲ့သူနှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ လူသတ်မှုကျူးလွန်ခဲ့သူများ ပြစ်ဒဏ်အသီးသီးချမှတ်



တရားခံ မင်းမင်း



တရားခံ သီဟဇော်

**နေပြည်တော် ဇူလိုင် ၇**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အမှတ်(၃)ရပ်ကွက်နေ မင်းမင်း (ဘ)ဦးဇော်ဝင်းသည် ၂၀၂၀ ဇွန်လခန့်မှစ၍ ၂၀၂၁ ခုနှစ် ဇွန် ၂ ရက်အထိ ကာလအတွင်း ၎င်း၏သမီးအရင်း နှစ်ဦးကို သားမယားအဖြစ် အကြိမ်ကြိမ်ပြုကျင့်ခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီး ပုဒ်မ – ၃၇၆(၁)နှင့် ရာဇသတ်ကြီးပုဒ်မ – ၃၇၇ တို့အရ ၎င်းအား ဇူလိုင် ၆ ရက်တွင် “ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀” အမိန့်ကို ချမှတ်လိုက်သည်။

ထို့ပြင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် (၁၉)ရပ်ကွက်နေ သီဟဇော်(ဘ) ဦးကိုမျိုးသည် ဇွန် ၃ ရက်တွင် ၎င်း၏နေအိမ်၌ ညီဖြစ်သူ လှမျိုးဇော်နှင့် စကားများ ရန်ဖြစ်ရာမှ အရှည် ရှစ်လက်မခန့်ရှိကတ်ကြေးဖြင့်ထိုးခဲ့ရာ လှမျိုးဇော်၏ ဝမ်းဗိုက်တွင် ထိုးသွင်းဒဏ်ရာရရှိကာ သေဆုံးခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီး ပုဒ်မ – ၃၀၄ အရ ၎င်းအား ဇူလိုင် ၆ ရက်တွင် “ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀” အမိန့်ကို ချမှတ်လိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများကို ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိ



**နေပြည်တော် ဇူလိုင် ၇**

မြို့နယ်အချို့၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ နှင့် သိုဝှက်သိမ်းဆည်း ထားရှိသူများကို ဆက်လက် ဖော်ထုတ်ဖမ်းဆီးရမိကြောင်း သိရသည်။

ထိုသို့ဖမ်းဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၆ ရက် ညနေ ၅ နာရီခွဲခန့်တွင် အမရပူရမြို့နယ် ပြည်လုံးကျော်ကျေးရွာနေ အောင်ဆန်းဦး(၃၂ နှစ်) (ဝဲပုံ) (ဘ)ဦးကျော်ရှိန်းသည် Online ပေါ်၌ လက်လုပ်သေနတ်များ ဖြန့်ချိရောင်းချနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ၎င်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ အဆိုပါ နေအိမ်အတွင်း၌ အောင်ဆန်းဦးကို PVC ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်သေနတ် တစ်လက်၊ သေနတ်ဒင် ပုံစံပြုလုပ်ထားသော ကော်ပြား နှစ်ခု၊ PVC ပိုက် ဖြင့် ပြုလုပ်ထားသော လက်လုပ်သေနတ်အပိုင်း သုံးလက်၊ PVC ပိုက် အပိုင်းအစ ငါးခု၊ စတီးပိုက် တစ်ချောင်း၊ ဂက်စ်ဘူး တစ်ဘူး၊ လေးခွ သုံးလက်၊ သံဘောစေ့ ၄၀ နှင့် သန့်စင်ခန်းသုံး အက်စစ်ဘူး နှစ်ဘူးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရ သည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား သိုဝှက်သိမ်းဆည်း ထားရှိသူများနှင့် လက်ဝယ်ထားရှိသူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

ပထမပိုင်းပွဲချိန်အတွင်း နှစ်သင်းစလုံး ဂိုးရရှိရေးထက် အမှားမခံရေးကိုသာ အဓိကထား ကစားလာသည့်အတွက် ပွဲမှာ အနည်းငယ်အေးစက်ခဲ့သည်။ သို့သော်လည်း ဒုတိယပိုင်းတွင် နှစ်သင်းစလုံးတိုက်စစ်ဖွင့်ကစားလာသည့်အတွက် ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ဦးဆောင်ဂိုးကို အီတလီအသင်းက ရရှိခဲ့ပြီး ပွဲချိန် မိနစ် ၆၀ တွင် အင်မိုဘီလီ၏ ဖန်တီးပေးမှုမှတစ်ဆင့် ချီယေဆာက သွင်းယူပေးနိုင်ခဲ့သည်။

### စပိန်ချေပဂိုး

ထို့နောက်ပိုင်း စပိန်အသင်းသည် ကစားကွက်အပြောင်းအလဲအဖြစ် မိုရာတာ၊ မိုရီနို၊ ရိုဒရီတို့ကို ထည့်သွင်းအသုံးပြုခဲ့သည်။ လူစားအပြောင်းအလဲပြုလုပ်ပြီးနောက် စပိန်အသင်း ကစားအားတက်လာပြီး ချေပဂိုး ရရှိခဲ့သည်။ အဆိုပါ ချေပဂိုးကို ပွဲချိန် မိနစ် ၈၀ တွင် အိုလ်မို၏ ဖန်တီးပေးမှုမှတစ်ဆင့် လူစားဝင် ကစားသမား မိုရာတာက သွင်းယူပေးနိုင်ခဲ့သည်။

ထို့နောက်ပွဲချိန်ပြီးဆုံးသည်အထိ ဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် အချိန်ပိုဆက်လက်ကစားခဲ့ရသည်။ အချိန်ပိုတွင်လည်း နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် ပယ်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရခြင်းဖြစ်သည်။ ပယ်နယ်တီအဆုံးအဖြတ်တွင် အီတလီအသင်းမှ လိုကာတယ်လီတစ်ဦးသာ လွဲချော်ခဲ့ပြီး စပိန်အသင်းက အိုလ်မို၊ မိုရာတာတို့ လွဲချော်ခဲ့သောကြောင့် အီတလီအသင်းက လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။

အီတလီအသင်းသည် ယနေ့ပွဲစဉ်တွင် စပိန်အသင်းကို ပယ်နယ်တီဖြင့် အနိုင်ယူကာ ယူရိုပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခြင်းမှာ အသင်း သမိုင်းတစ်လျှောက် လေးကြိမ်မြောက် တက်ရောက်နိုင်ခြင်းဖြစ်ပြီး ၁၉၆၈ ခုနှစ်တွင်သာ ဖလားဆွတ်ခူးနိုင်ခဲ့ကာ ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၁၂ ခုနှစ်တို့တွင် ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။ ထို့ကြောင့် အီတလီအသင်းသည် ဗိုလ်လုပွဲတွင် ပြိုင်ဘက်ကို အနိုင်ယူကာ ဖလားဆွတ်ခူးပြီး ယူရိုဖလားကို နှစ်ကြိမ်မြောက် ဆွတ်ခူးသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

### ဇူလိုင် ၁၂ ရက် ဗိုလ်လုပွဲ

အီတလီအသင်းသည် ယူရိုပြိုင်ပွဲဗိုလ်လုပွဲတွင် ဒိန်းမတ်နှင့် အင်္ဂလန်အသင်းတို့ထဲမှ အနိုင်ရရှိမည့် အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အဆိုပါ ယူရိုပြိုင်ပွဲ ဗိုလ်လုပွဲကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**အောင်ဇော်**

# ဖားကန့်၊ မြစ်ကြီးနား၊ ကွမ်းလုံနှင့် လားရှိုးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၆ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအနီး ဆောင်းချိန်–မော်ဆီဇာကျေးရွာသွား ကားလမ်းတွင် ချာလီ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၄၀၀ ကိုလည်းကောင်း၊ ယင်းနေ့ ညနေ ၅ နာရီတွင် မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက် အမှတ်(၁/၄၃) နေ ဒေါ်ခေါင်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူသုည ဒသမ ၄၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၅၀ ကိုလည်းကောင်း၊ ထို့နောက် ဇူလိုင် ၆ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ကွမ်းလုံမြို့ ဥဏ္ဏသိပ္ပံရပ်ကွက်ရှိ ကျင်းချန်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀၊ ဘိန်းဖြူ သုည ဒသမ ၀၂၄ ကီလိုကို လည်းကောင်း။

ယင်းနောက် ဇူလိုင် ၅ ရက် မွန်းလွဲ ၃ နာရီခွဲတွင် လားရှိုးမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ အမှတ် (၁၁) ရပ်ကွက်တွင် မသက်ဘွယ် တွေ့ရှိသူ အိုက်ယူး ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ဒေါ်ခေါင်း အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲစဉ်တို့အား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၇**

၂၀၂၁ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ တတိယလုပွဲစဉ်အဖြစ် မကွေးတိုင်းဒေသကြီး အသင်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့၏ ယှဉ်ပြိုင်မှုကို ဇူလိုင် ၉ ရက် နံနက် ၇ နာရီခွဲတွင် လည်းကောင်း၊ ဗိုလ်လုပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ် အသင်းတို့၏ ယှဉ်ပြိုင်မှုကို မွန်းလွဲ ၃ နာရီတွင်လည်းကောင်း နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဘောလုံးပွဲစဉ်များအား နံနက် ၇ နာရီ ၁၅ မိနစ်နှင့် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV Channel ၊ MRTV Sports Channelနှင့် မြန်မာ့အသံရေဒီယို အစီအစဉ်တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက် (၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း(၁၅ လုံးလှူဒါန်းပြီး)


ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း(လှူဒါန်းပြီး)


သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း(လှူဒါန်းပြီး)


မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း (လှူဒါန်းပြီး)


ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း


မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၁ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှုံခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း
(၂၅) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူး လှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဓာတ်မှန်ဌာနတွင် တပ်ဆင်အသုံးပြုနေသည့် GE Healthcare MRI (Magnetic Resonance Imaging)(Model: 1.5 T Optima MR 360) အတွက် Preventive Maintenance စာချုပ်ချုပ်ဆိုရန် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်–

**အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** – ၅–၇–၂၀၂၁ရက် (တနင်္လာနေ့)

**အိတ်ဖွင့်တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်နှင့်အချိန်** – ၂၂–၇–၂၀၂၁ရက် (ကြာသပတေးနေ့)

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
### မြဝတီခရိုင်တရားမရုံးတော်၌
### ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်– ၂

| | | | |
|---|---|---|---|
| ဦးအောင်ထွန်း | နှင့် | ၁။ ဗိုလ်ကြီးသန်းဝင်း<br>၂။ ဒေါ်မချို | ၃။ ဒေါ်ခင်လေး<br>၄။ ဒေါ်ချိုမာ |
| **တရားလို** | | **တရားပြိုင်များ** | |

အမှတ်(၁)တရားပြိုင်ဗိုလ်ကြီးသန်းဝင်း၊ မေတ္တာလမ်းမကြီး၊ အမှတ်(၄) ရပ်ကွက်၊ မြဝတီမြို့နေသူနှင့် အမှတ်(၂)တရားပြိုင် ဒေါ်မချို၊ မေတ္တာ(၁)လမ်း၊ အမှတ်(၄)ရပ်ကွက်၊ မြဝတီမြို့နေသူ(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးအောင်ထွန်းက ခြံမြေကွက်နှင့် အိမ်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ခုနှစ် ဩဂုတ် ၅ရက်(၁၃၈၃ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဇူလိုင် ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထင်ကျော်)**
**ဒုတိယခရိုင်တရားသူကြီး၊ မြဝတီခရိုင်တရားရုံး**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အဦ ဦးစီးဌာန
## အဆောက်အဦအထူးအဖွဲ့(၆)နှင့် (၇)
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
### တင်ဒါအမှတ်စဉ်(၄)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့ (၆)နှင့် (၇)တို့မှ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့်မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းတို့တွင် အသုံးပြုရန်အတွက် လိုအပ်နေသော စံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသည့် တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်သွင်းပေးနိုင်ပါကြောင်း ၁၀–၆–၂၀၂၁ရက် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာခဲ့ပြီး အောက်ဖော်ပြပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည်ဖြစ်ပါကြောင်း ထပ်မံကြော်ငြာအပ်ပါသည်။

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** – ၂၂–၆–၂၀၂၁ ရက်

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** – ၂–၇–၂၀၂၁ ရက်၊ ညနေ ၄:၃၀ နာရီ

**တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** – ၁၃–၇–၂၀၂၁ ရက်၊ နံနက် ၉:၃၀ နာရီ

**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** – ဒု–ညွှန်ကြားရေးမှူး(မြို့ပြ)၊ အဆောက်အဦအထူးအဖွဲ့ (၆)ရုံး မန္တလေးမြို့။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အဆောက်အဦဦးစီးဌာန၊ ဒု–ညွှန်ကြားရေးမှူး(မြို့ပြ)၊ အဆောက်အဦအထူးအဖွဲ့(၆)ရုံး၊ မန္တလေးမြို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းမည့် အသေးစိတ်အချက်အလက်များကို ဖုန်း–၀၂–၄၀၇၆၃၆၄၊ ၀၉–၇၉၅၃၀၀၆၉၇ တို့သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

## လုံးချင်းနှစ်ထပ်တိုက်အထူးလျှော့ဈေးဖြင့်
## အမြန်ရောင်းမည်

ဗဟန်းမြို့နယ်၊ ဆရာစံအနောက်မြောက်ရပ်ကွက်၊ အနောက်ဈေးဟောင်းလမ်း၊ (၂၀' x ၄၀') လုံးချင်းနှစ်ထပ်တိုက် ဂရန်အမည်ပေါက် ရေမီးစုံ၊ လုပ်ငန်းလုပ်လို့ရသည်။ ဦးရာလူရမည်။

**ဖုန်း–၀၉–၅၀၀၀၆၇၃၊ ၀၉–၄၄၅၃၄၈၂၆**

---

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၃)၊ အထကခွဲ၊ ဆဋ္ဌမတန်းမှ မောင်ကျော်ခန့်အောင် ၏ ဖခင်အမည်မှန်မှာ ဦးကျော်စွာ ၁၄/မအပ (နိုင်) ၂၂၉၈၄၀ ဖြစ်ပါကြောင်း။

**ဦးကျော်စွာ**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်မြင့်သူ SIRB 56500 ၏ သင်္ဘောကျွမ်းကျင်မှုလက်မှတ် 3DK 007007 သည် 1–7–2021 ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၄၃၀၅၂၁၈၃**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်အတွင်းရှိ မြေကွက်အမှတ် (၁၁၄၃/ခ)ဟုခေါ်တွင်သည့် မြေတိုင်းမြေကွက်အမှတ်(၇)၊ ဧရိယာ (၂၀x၆၀)ပေရှိ နှစ် ၆၀ ဒေါ်သီတာဝင်း အမည်ပေါက်ဂရန်မြေကွက် အပါအဝင် အကျိုးခံစားခွင့်အားလုံးကို လက်ရှိပိုင်ရှင် ဒေါ်သီတာဝင်း ၁၂/ဥကတ(နိုင်)၁၄၈၁၀၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပိုင်လွှဲပြောင်းဝယ်ယူရန် မြေနှင့်အိမ်ဖိုး စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ သက်ဆိုင်သူများမှ အထောက်အထားမူရင်းများတင်ပြ၍ ကျွန်ုပ်တို့ထံသို့ ကြော်ငြာစာပါရှိသည့်ရက်မှစ၍ ၁၀ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအေးကြိုင်(B.Sc, H.G.P, R.L, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၅၃၃၄)**
**အမှတ်(၁၃၉) ဒုတိယထပ်၊ ဥက္ကာ(၅)လမ်း၊**
**၈–ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၅၁၂၅၁၀၆**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၇–ရပ်ကွက်၊ ၅၇လမ်း၊ တိုက်အမှတ် (71–A)၊ အခန်းအမှတ်–(B–4)ရှိ (ထပ်ခိုးအလယ်ခန်း)၊ တိုက်ခန်းအကျယ်အဝန်း အလျား ၅၀ပေ x အနံ၁၅ပေ နှင့် အကျိုးခံစားခွင့် အရပ်ရပ်အား လက်ရောက်ပြန်လည်ရောင်းချမည်ဖြစ်ကြောင်း လက်ရှိနေထိုင်လျက်ရှိသူ ဒေါ်သန်းသန်းမော် ၁၂/လမန(နိုင်) ၀၇၀၀၁၁ က ပိုင်ဆိုင်ခွင့်အထောက်အထားများအားပြသ၍ ကမ်းလှမ်းလာသည့်အတွက် ဝယ်မည့်သူ ဦးငွေထွေး ၁၀/သဖရ(နိုင်)၀၃၈၂၀၂ နှင့် ဒေါ်အေးအေးဝင်း ၁၀/သဖရ(နိုင်)၁၂၅၇၂၁ တို့ကလက်ရောက်ဝယ်ယူရန်ရောင်းသူထံသို့ စရန်ငွေများ ပေးထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအား ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်သတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေဘောင်အတွင်းမှ ဝယ်သူသည်တိုက်ခန်းအား လက်ရောက်ပိုင်ဆိုင်မှုရရှိသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးငွေထွေး ၁၀/သဖရ(နိုင်)၀၃၈၂၀၂နှင့် ဒေါ်အေးအေးဝင်း ၁၀/သဖရ(နိုင်)၁၂၅၇၂၁**
**တို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးစိန်ကြီး**
**(တရားလွှတ်တော်ရှေ့နေ–စဉ်–၁၄၄၇၁)**
**ဖုန်း–၀၉–၄၄၈၀၁၉၆၉၇၊ ၀၉–၇၉၆၂၇၉၂၆၆**

---

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကိုလှိုင်ဗိုလ်ထူး၏ CDC–N0.36172 စာအုပ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

**ဖုန်း–၀၉–၇၅၁၄၅၂၅၉၀**

---

## အမည်ပြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးစောဝါးကော်ဖိုး၏ သမီး မသက်ထားစံအား မခင်မီမီဖိုးဟု ပြောင်းလဲခေါ်ပါရန်။

---

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 6H/2646 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

---

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 9K/4902 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

---

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
### မကွေးမြို့နယ်တရားရုံး
### ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ်–၃၄

| | | |
|---|---|---|
| ဦးမျိုးမင်းအောင်<br>United Paint Group (ယူနိုက်တက်ပိန့်ဂရုကုမ္ပဏီလီမိတက်၏တာဝန်ပေးအပ်ခြင်းခံရသူ) | နှင့် | ဒေါ်သောင်းတင် |
| **တရားလို** | | **တရားပြိုင်** |

**အမှုအမည်**

အထက်အမည်ပါ တရားပြိုင် ဒေါ်သောင်းတင် MGE–121672 အမှတ် (၁၂၆)၊ (၁၆)လမ်း၊ ရွာသစ်ရပ်၊ မကွေးမြို့(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ် တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု စွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ ခုနှစ် ဇူလိုင် ၂၈ ရက်၊ (၁၃၈၃ ခုနှစ် ဝါဆိုလပြည့်ကျော် ၅ ရက်)၊ မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် ဇူလိုင် ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သဉ္ဇာလင်းမြင့်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**မကွေးမြို့နယ်တရားရုံး**

---

| | |
|---|---|
| **ဖခင် အမည်မှန်** | ထ(ခွဲ) လ–၅ မင်္ဂလာဒုံ Grade–6(B)မှ မဖြိုးပပအောင်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော် ဖြစ်ပါသည်။ |

---

## ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ
## (ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့)
## ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
### ၁၃၈၃ ခုနှစ် နယုန်လကွယ်နေ့
### ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၈ ရက်

၁။ ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ပဲခူးတိုင်းဒေသကြီး အထွေထွေပိုလျှံရန်ပုံငွေ(GRF)ဖြင့် ဆောင်ရွက်မည့် ဝေါမြို့၊ အရှေ့ဘက်ကမ်းရပ်ကွက်၊ ပီမိုးနင်းလမ်းမကြီး (အပိုင်း–၃)ကွန်ကရစ်ခင်းခြင်း (၅၆၄' x ၁၀' x ၀'–၈")လုပ်ငန်းအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာ(ကျပ်)ငွေဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူကြောင်း ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါအဆိုပြုလျှောက်လွှာ ရောင်းချမည့်ရက်/အချိန်** – ၈–၇–၂၀၂၁ ရက်(ကြာသပတေးနေ့) နံနက် (၁၀:၀၀)နာရီ

(ခ) **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်** – ၂၂–၇–၂၀၂၁ ရက် (ကြာသပတေးနေ့) ညနေ (၄:၀၀)နာရီ

(ဂ) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်** – ၂၂–၇–၂၀၂၁ ရက် (ကြာသပတေးနေ့) ညနေ (၄:၀၀)နာရီ

(ဃ) **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်** – ၂၆–၇–၂၀၂၁ ရက် (တနင်္လာနေ့) နံနက် (၁၀:၀၀)နာရီ

(င) **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့် နေရာ** – မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဝေါမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ၈–၇–၂၀၂၁ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ အောက်ပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဝေါမြို့**
**ဖုန်း–၀၅၂–၇၅၅၇၀**

---

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၁၂)လမ်း၊ အမှတ် (၂၃၄)၊ ဒုတိယထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂ ၁/၂x၅၀) ပေရှိ တိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်မြင့်မြင့်ခိုင် ၁၂/မရက (နိုင်)၁၂၅၂၀၂ မှ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းစိန် ၁၁/စတန(နိုင်)၀၀၃၅၇၉ က အပြီးအပိုင်ဝယ်ယူပြီးဖြစ်ကြောင်းနှင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ တရားဝင်လက်ရောက် ရယူပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒေါ်နှင်းစိန်** | **ဒေါ်ဝင်းပပစန္ဒာ** |
| **၁၁/စတန(နိုင်)၀၀၃၅၇၉** | **LL.B, D.B.L, D.M.L, D.I.L** |
| | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၂၀၄)** |
| | **တိုက်အမှတ်–(၁၅/၉၁)/(တတိယထပ်–ညာ)** |
| | **ပတ္တမြားလမ်း၊ (င/က)ရပ်ကွက်၊** |
| | **သဃ်န်းကျွန်းမြို့နယ်** |
| | **ဖုန်း–၀၉–၄၂၁၁၂၄၈၀၇** |

---

## ယာဉ်မှတ်ပုံတင်စာအုပ်လျှောက်ထားခြင်း

ယာဉ်အမှတ် 7E/9814 Isuzu NHR69 Van (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုနိုင် ၁၂/ဥကမ(နိုင်)၁၆၈၂၈၅ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## နှစ်ဦးသဘောတူ အကြင်လင်မယားအရာမှ
## ကွာရှင်းပြတ်စဲပြီးစီးခြင်း

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းတုန်းမြို့၊ အမှတ်(၂)ရပ်ကွက်နေ ကျွန်တော် ကိုအောင်ကိုကို(ဘ)ဦးဝင်းနိုင် ၈/မတန(နိုင်)၀၄၈၇၄၃ နှင့် မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းတုန်းမြို့နယ်၊ ပြောင်းပြာကျေးရွာအုပ်စု၊ ရှမ်းရွာကျေးရွာနေ မဝင်းရီ (ဘ) ဦးစိန်ဝင်း ၈/မတန(နိုင်)၀၅၆၈၅၆ တို့သည် လွန်ခဲ့သော ၁၀ နှစ်က လက်ထပ်ပေါင်းသင်းခဲ့ပြီး ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတိုက်ဆိုင်ဘဲ ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့၍ ပြောင်းပြာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် အသိသက်သေများရှေ့တွင် မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ ၅–၇–၂၀၂၁ ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း ကြေညာအပ်ပါ သည်။

| | |
|---|---|
| **ကိုအောင်ကိုကို** | **မဝင်းရီ** |
| **၈/မတန(နိုင်)၀၄၈၇၄၃** | **၈/မတန(နိုင်)၀၅၆၈၅၆** |

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ် ၃၆၆၊ မြေအကျယ်အဝန်း(ပေ၄၀xပေ၆၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ စတုရန်းပေ ၂၄၀၀' ရှိ နှစ်(၆၀) ဂရန်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၌ (၁) ဦးလှဝင်း ၁၂/သဃက(နိုင်)၁၃၈၄၁၄၊ (၂) ဒေါ်မိမိမာ ၁၂/သဃက(နိုင်)၀၈၈၄၃၃၊ (၃) မလှဲလှဲထွန်း ၁၂/သဃက(နိုင်)၀၄၁၅၅၀၊ (၄) မောင်ကျော်စွာလတ် ၁၂/သဃက(နိုင်) ၁၄၁၇၄၆ အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်နေအိမ်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ယုဝတီလမ်း၊ အမှတ်(၃၆၆)ဟုခေါ်တွင်သော (ပေ၄၀x၆၀ပေ)ရှိ ဂရန်မြေကွက်ကြီးထဲမှ တရားဝင် မခွဲမစိတ်ရသေးသော ခေါင်းရင်းဘက်ခြမ်း မြေအကျယ် (၂၀ပေx၆၀ပေ) နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်စာချုပ် အဆင့်ဆင့်များဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ဝန်ခံပြောဆို၍ ရောင်းချသူ ဒေါ်ဥမ္မာမြင့် ၁၂/ဒဂတ(နိုင်)၀၂၀၄၂၈ က အပြီးအပိုင် ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးဟန်လင်းအေး ၉/မနမ(နိုင်)၁၀၆၁၉၈ နှင့် ဒေါ်နန်းမေသူ ၁၂/အစန(နိုင်)၁၅၀၇၇၃ တို့ကဖော်ပြပါ မြေကွက်နေအိမ်အားအပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်ထံ ပိုင်ဆိုင်သည့် မူရင်းအထောက်အထားများနှင့်တကွ ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးဟန်လင်းအေး** | **ဒေါ်နန်းမေသူ** | **ဒေါ်ခိုင်ဇင်အိ(စဉ်–၈၉၃၉)** |
| **၉/မနမ(နိုင်)၁၀၆၁၉၈** | **၁၂/အစန(နိုင်)၁၅၀၇၇၃** | **တရားလွှတ်တော်ရှေ့နေ** |
| | | **အမှတ်(၅၉၆)၊ ဗိုလ်စောနောင်လမ်း၊** |
| | | **(၉)ရပ်ကွက်)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)** |
| | | **မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။** |
| | | **ဖုန်း–၀၉–၂၅၀၀၁၀၁၅၉** |

---

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3I/6437 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုချိုဝင်း ၁၂/မဂဒ(နိုင်) ၀၈၈၇၉၅ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 3G–6299 Suzuki Carry DA63T၊ P/U(4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမင်းသန်း ၁၂/ပဘတ(နိုင်)၀၁၁၁၇၇ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## အများသိစေရန် အသိပေးကြေညာခြင်း

၁။ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကွင်းအမှတ်(၁၁၂၄)၊ ကတိုင်ကကွင်း၊ လှာကမြင်ကျေးရွာအုပ်စုအတွင်း လှာကမြင်တိုးချဲ့အိမ်ရာမြေအဖြစ် (၆၀'x၈၀')၊ (၆၀' x၆၀')၊ (၄၀'x ၆၀') မြေနေရာများအား ဖော်ထုတ်ခဲ့ပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများနှင့် ဒေသခံများအား ဦးစားပေး၍ ၂၀၁၁ခုနှစ်မှစတင်ကာ မြေပေးမိန့်များဖြင့် မြေနေရာများ ခွင့်ပြုချထားပေးခဲ့ပါသည်။

၂။ မြေနေရာရရှိသူများအနေဖြင့် မိမိတို့နေထိုင်ခွင့်ရရှိသည့် မြေကွက်အတွင်း နေအိမ်အဆောက်အဦကို မြေပေးမိန့် စတင်ထုတ်ပေးသည့်ရက်မှ (၁)နှစ်အတွင်း (၁၀၀%) ပြီးစီးအောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း စည်းကမ်းသတ်မှတ်၍ ကတိဝန်ခံချက် ပြုလုပ်ခဲ့သော်လည်း မြေနေရာရရှိသူအများစုမှာ ယနေ့တိုင် နေအိမ်ဆောက်လုပ်ခြင်းမပြုဘဲ ကတိဝန်ခံချက်ဖောက်ဖျက်ကာ စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာမှုမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ လှာကမြင်တိုးချဲ့အိမ်ရာအတွင်း မြေပေးမိန့်ဖြင့် မြေနေရာရရှိထားသူများသည် မိမိတို့မြေနေရာတွင် နေအိမ်အဆောက်အဦအား ၃၁–၃–၂၀၂၂ရက် နောက်ဆုံးထား၍ (၁၀၀%) ပြီးစီးအောင် တည်ဆောက်သွားရန်နှင့် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ခွင့်ပြုထားသည့်မြေပေးမိန့်အားပယ်ဖျက်ကာ မြေနေရာကို ပြန်လည် သိမ်းဆည်းမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဥက္ကဋ္ဌ**
**လှာကမြင်မြေနေရာချထားရေးကော်မတီ**
**ဘားအံမြို့**

---

## အမည်ပြောင်း

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်နေ ဦးကိုကိုအောင် ၁၁/စတန(နိုင်) ၀၇၂၉၁၄ ၏သမီး မဇူမေမီအောင်အား မဇူလိုင်မိုးပွင့်ဟု ပြောင်းလဲခေါ်ပါရန်။

---

## အမည်မှန်

မြိတ်မြို့၊ အထက(အင်္ဂမော်)၊ Grade–7 မှ ဦးဝင်းဇော်–ဒေါ်မြင့်နွယ် တို့၏သား မောင်ဇော်မိုးဟိန်း၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်သက်ဇာ ဖြစ်ပါကြောင်း။

**မောင်သက်ဇာ**

---

## ဖောင်းကြွနံပါတ်ပြား
## ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5A/4581 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

---

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ ယ/၉၉၅၃ Honda Wave 100 m/c ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co. ltd က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

# ဦးခင်မောင်ကြူ

## မြန်မာ့သစ်လုပ်ငန်း(အငြိမ်းစား)

## အသက်(၈၂)နှစ်

လားရှိုးမြို့၊ ရပ်ကွက်ကြီး(၈)၊ ရတနာသင်းတိမ်လမ်း၊ အမှတ်(၇/၂၄)နေ (ဦးပျော့-ဒေါ်ရွှေရင်)တို့၏တစ်ဦးတည်းသောသား၊ (ဦးမြင့်ဆွေ-ဒေါ်ခင်သိန်း)တို့၏မောင်၊ (ဦးဝင်းမောင်)-ဒေါ်စောလှိုင်တို့၏အစ်ကို၊ ရဲမှူးကြီးကျော်ထွေး-ဒေါက်တာသီတာကြူ(ပါမောက္ခချုပ်၊ မုံရွာစီးပွားရေးတက္ကသိုလ်)၊ (ဒေါက်တာဇော်ဝင်းကို)-ဒေါက်တာနီလာကြူ(ပါမောက္ခ၊ ဌာနမှူး၊ စိတ်ပညာဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဒေါ်ကြည်ပြာကြူ(ရဲမှူး-ငြိမ်း)၊ ဦးကျော်ကျော်လွင်-ဒေါ်စန္ဒာကြူ(Tycoon LCCI သင်တန်း)၊ ဒေါက်တာဇင်မာကြူ(ကထိက၊ ပခုက္ကူ ကွန်ပျူတာတက္ကသိုလ်)တို့၏ဖခင်၊ ဒေါက်တာမြတ်ဘုန်းကျော်(ဘွဲ့လွန်ကျောင်းသား၊ ရန်ကုန်ကလေးဆေးရုံကြီး)၊ မချောအိဖြူ(နောက်ဆုံးနှစ်အပိုင်း-ခ၊ ဆေးတက္ကသိုလ်၊ မန္တလေး)တို့၏အဘိုး၊ (ဒေါ်လှလှ)(စက္ကူ/ခာတ်ပုံ၊ ကုန်သွယ်ရေး-ငြိမ်း)၏ခင်ပွန်းသည် ၇-၇-၂၀၂၂ရက် နံနက် ၈:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေတွင် လားရှိုးမြို့ ကြာကန်သုသာန်သို့ပို့ဆောင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးမြတ်ခိုင်

### အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်

### အသက်(၅၄)နှစ်

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ ဦးမြတ်ခိုင် (Managing Director-MT&K Tourism Co.,Ltd)သည် ၇-၇-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**နာယကများ၊ ဥက္ကဋ္ဌနှင့်**
**ဗဟိုအလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်**

# ဦးမောင်မောင်မြင့်

## အသက် (၅၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်စံပါယ်လမ်း၊ အမှတ် (၁၂)၊ (၄)လွှာနေ (ဦးမျိုးဝင်း-ဒေါ်ငွေစိန်)တို့၏သား၊ ဦးသန်းဝင်း-ဒေါ်စန္ဒာဝင်းတို့၏မောင်၊ ဒေါ်ဥမ္မာခိုင်သန်း (မန်နေဂျာ၊ မြဝတီဘဏ်လီမိတက်)၏ခင်ပွန်း၊ မဟန်ထက်ထက်ထွန်း၏ချစ်လှစွာသောဖခင်သည် ၅-၇-၂၀၂၂ရက် (တနင်္လာနေ့) ည ၇:၅၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၂၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကွယ်လွန်သူအားရည်စူး၍ ၁၁-၇-၂၀၂၂ရက် (တနင်္ဂနွေနေ့)တွင် အမှတ် (၉)၊ စပါယ်လမ်း၊ မြေညီထပ်ရှိနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/A)၊ မြေကွက်အမှတ် (၅၂၆)၊ ယခုအခေါ် အမှတ်(၆၃)၊ မြေကွက်အမှတ်(၅၂၆)၊ ဦးဘဝင်းလမ်းနှင့်သစ္စာ(၁)လမ်းထောင့်၊ (၃၉/A)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒေါ်နှင်းဝတ်ရည် ၁၂/ကမရ(နိုင်) ၀၅၅၀၀၅၊ ဦးကျော်ကျော်ထွန်း ၁၂/ကမရ(နိုင်)၀၆၄၇၈၃၊ ဒေါ်အေးမြတ်သူ ၁၂/ကမရ(နိုင်) ၀၆၄၇၈၄ အမည်ပေါက်နှစ်(၆၀) မြေငှားစာချုပ်ဂရန် မြေအားအမည်ပေါက် ဒေါ်နှင်းဝတ်ရည်၊ ဦးကျော်ကျော်ထွန်း၊ ဒေါ်အေးမြတ်သူတို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၃၃၁၂/၂၀၂၀ (၂၈-၇-၂၀၂၀)ဖြင့် ပေ(၆၇x၅၀)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (ခေါင်းရင်းခြမ်း) ပေ(၂၅x၅၀)အား ဝယ်ယူသူ ဒေါ်သက်ထားဦး ၁၂/ကမတ(နိုင်)၀၅၈၂၉၇မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အရောင်းစာချုပ်၊ မြေတိုင်းမြေပုံ၊ လိုင်စင်အင်ဂျင်နီယာပုံ၊ အမြတ်ခွန်ချုလန်၊ မြေကွက်ခွဲစိတ်ရန် မြေပုံတို့တင်ပြ၍ ၎င်းပိုင်အစိတ်အပိုင်းအတွက် တစ်ဖက်သတ်လျှောက်ထားခြင်းဖြစ်ကြောင်း(၁၄-၈-၂၀၂၀)ရက်စွဲပါစာဖြင့် ဒေါ်သက်ထားဦးမှ ဝန်ခံကတိပြုတင်ပြလာပါသဖြင့် ဒေါ်သက်ထားဦး၏ တစ်ဖက်သတ်မြေကွက်ခွဲစိတ် (အတည်ပြု/တိုင်းခွဲ)လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဒေါ်သီသီအောင် B.Sc(Maths)

### အလယ်တန်းပြ(ငြိမ်း)၊ အထက(၂) တောင်ငူ၊ စစ်တွေ/ကျောက်ဖြူ

### အသက်(၇၀)

တောင်ငူမြို့နေ ဦးလှအောင်(မြို့နယ်ပညာရေးမှူး-ငြိမ်း)-ဒေါ်ခင်ညွန့်ရီ(စား/ထွေ-ငြိမ်း)၏သမီး၊ ဦးကျင်စိန်-ဒေါ်ခင်ညွန့်တို့၏သမီးချွေးမ၊ ဦးဝင်း(အလပြ-ငြိမ်း၊ အထက-၁၊ တောင်ငူ)၏ ချစ်လှစွာသောဇနီး၊ (ဦးလှဝင်း)(ဒု-ညွှန်မှူး၊ သစ်တောဦးစီး)၊ ဒေါ်သီသီနှင်း(သ/မ ဦးစီး-ငြိမ်း)၏ညီမ၊ ဦးစောရဲမွန်၊ ဒေါ်ပန်းဖြူမြင့်တို့၏မိခင်၊ မောင်ဉာဏ်စင်ညွန့်၏အဘွား၊ ဒေါ်အေးအေးနှင်း(အလပြ၊ အထက၁၊ တောင်ငူ)၊ ဒေါ်ချိုချိုအောင်(အလပြ၊ အထက၁၊ တောင်ငူ)၊ ဦးစံရွှေထွန်း(ဒု-ညွှန်မှူး၊ ပြည်နယ်မီးသတ်၊ ကရင်)၊ ဒေါ်သီတာနှင်း၊ ဦးတင်အောင်ကျော်-ဒေါ်ခင်ဌေးမြင့်တို့၏အစ်မ၊ မခင်ဆန်းပြည့်ဦး၊ မောင်လှဘုန်းပြည့်၊ မရွှေသီရိစံတို့၏အဒေါ်သည် ၅-၇-၂၀၂၂ရက် နံနက် ၄:၁၂နာရီတွင် တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် တောင်ငူမြို့ဇောတိကာရာမသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။**ကျန်ရစ်သူမိသားစု**

### ဦးမြတ်ခိုင်(ရန်ကုန်)

### B.Sc(Maths, University of Yangon)

### Managing Director(MT & K Tourism Co.,Ltd)

### Tournament Director and General Secretary

### (Myanmar Golf Federation)

### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ(ဦးကြီးငွေ)-ဒေါ်သိန်းကြည်တို့၏သား၊ ဦးကျော်မိုးလှိုင်-ဒေါ်ခင်ဝင်းခိုင်တို့၏မောင်၊ ဦးသက်ခိုင်-ဒေါ်စိန်မွန်သီ၊ ဦးအောင်နိုင်-ဒေါ်သီတာခိုင်၊ ဦးသန်းဇော်ဝင်း-ဒေါ်လွင်မလိုင်တို့၏အစ်ကို၊ မသဇင်မြင့်မြတ်၊ မောင်ဇေယျာထွဋ်၊ မသက်ထားဆွေတို့၏ဖခင်၊ ဒေါ်မိုးဝါ၏ချစ်လှစွာသောခင်ပွန်းသည် ၇-၇-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၅:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဦးစဝ်ရန်ပြေ(Peter Sein)

## အသက်(၉၁)နှစ်

တောင်ပိုင်းစော်ဘွားကြီး(စဝ်ခွန်ပန်းစိန်-မဟာဒေဝီစဝ်နန်းကျန်)တို့၏သား၊ (ဦးသံတိုင်-ဒေါ်စဝ်ခင်လှ)တို့၏သားသမက်၊ ဒေါ်စဝ်လှဝင်း(Winner)၏ချစ်လှစွာသောခင်ပွန်း၊ ဦးစဝ်ခွန်အောင်-ဒေါ်နန်းသိန်းခင်တို့၏ ညီ/မောင်၊ ဦးခင်မောင်ဝင်း-ဒေါ်စောမြအုံးတို့၏အစ်ကို၊ (ဦးအောင်တိုးလတ်)-ဒေါ်နန်းစန္ဒာတို့၏ဖခင်၊ ကိုကို-လှမြတ်စန္ဒီ၊ အောင်ပြည့်စုံ-သုနန္ဒီနွယ်၊ နေနိုင်နောင်-ခင်ခင်ခန့်၊ ခန့်လူမင်းတို့၏ အဘိုး၊ ဆောင်းဦးနီတာကို၊ မောင်ခန့်ဘုန်းနောင်တို့၏အဘိုးသည် ၅-၇-၂၀၂၂ရက် (တနင်္လာနေ့) ည ၁၁:၂၀နာရီတွင် ရန်ကုန်မြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၂၂ရက်တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ အားအသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၁-၇-၂၀၂၂ရက် နံနက် ၁၀နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဒေါ်တင်တင်ရီ

## ဆောက်လုပ်ရေး(ငြိမ်း)

## အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ(၆)လမ်း၊ အမှတ်(၃၇/ခ)နေ (ဦးအောင်ကျော်-ဒေါ်လှစိန်ဦး)တို့၏သမီး၊ (ဦးတင်ထွန်း-ဒေါ်နှင်းရီ)တို့၏သမီးချွေးမ၊ (ဦးသိန်းညွန့်)၏ဇနီး၊ ဦးရွှေကျော်၊ ဦးကျော်သာ၊ ဒေါ်ဖြူဖြူအောင်၊ ဒေါ်နီနီအောင်၊ ဒေါ်ချိုချိုအောင်၊ ဒေါ်အေးအေးအောင်၊ ဦးကျော်ဇောအောင်၊ ဦးမောင်မောင်အောင်၊ ဦးမင်းမင်းအောင်တို့၏အစ်မ၊ ဦးသက်နိုင်ဦး-ဒေါ်အေးကြူကြူဝင်း၊ ဦးမင်းမင်းဦး-ဒေါ်ခင်လဲ့လဲ့ဝင်း၊ ဦးသန်းဇော်ထွဋ်၊ ဦးမျိုးမင်းထွေး-ဒေါ်စန်းဝင်းမော်၊ ဦးထွန်းထွန်းဦး-ဒေါ်မိုးပန်းဖြူတို့၏မိခင်၊ မြေးငါးယောက်တို့၏ဘွားဘွားကြီးသည် ၆-၇-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၈:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရား တော်နာယူကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ကျေးဇူးတင်လွှာ

၂၀၂၂ ခုနှစ် ဇွန် ၂၃ရက်တွင် ကွယ်လွန်သွားခဲ့သော အထက(၄) တာမွေ၊ အထက(၂) မင်္ဂလာဒုံမှ အထက်တန်းပြ ဆရာမကြီး(ငြိမ်း) ဒေါ်အေးအေးသိန်း အသက်(၇၂)နှစ် နာမကျန်းဖြစ်ခဲ့စဉ်က အထူးဂရုစိုက် ကုသမှုပေးခဲ့သော ကန်သာယာအထူးကုဆေးရုံကြီးမှ ပါရဂူများ၊ သူနာပြုများနှင့် ဆေးရုံဝန်ထမ်းများ၊ နာရေးကိစ္စတွင် လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ သတိတရ နှစ်သိမ့်အားပေးကြသော အထက(၂) မင်္ဂလာဒုံမှ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူဟောင်းများ၊ OTS(43)၊ JICA နှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်ဆွေများ၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး

### ဒေါ်မြသိန်း (ကျွန်းကြီး၊ ဇလွန်မြို့)

### မာဃဩသဓဆေးတိုက်

### အသက် (၇၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ကျွန်းကြီးကျေးရွာနေ (ဦးမောင်လွင်-ဒေါ်ငွေဆင်)တို့၏သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို (၁)ရပ်ကွက်၊ ဗိုလ်ချုပ်ပြတိုက်လမ်းနေ ဦးလှဆောင် (မာဃဩသဓဆေးတိုက်)၏ဇနီး၊ ဦးသန်းနိုင်၊ ဦးအောင်ကျော်ဝင်း၊ ဒေါ်သက်သက်ဆွေတို့၏ချစ်လှစွာသောမိခင်ကြီးသည် ၆-၇-၂၀၂၂ရက် (အင်္ဂါနေ့) ည ၇:၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန် သွားပါသဖြင့် ၇-၇-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးဖြိုးဖြိုး

### စစ်ကိုင်းတိုင်းဒေသကြီး

### တရားလွှတ်တော်တရားသူကြီးချုပ်

### အသက် (၆၀)

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ် ဦးအုန်းတင်-ဒေါ်အုန်းကြည်တို့၏သား ဦးဖြိုးဖြိုး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တရားလွှတ်တော်တရားသူကြီးချုပ်သည် ၆-၇-၂၀၂၂ရက် (အင်္ဂါနေ့) ညနေ ၅:၅၀နာရီတွင် မုံရွာမြို့ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ကချင်ပြည်နယ်တရားလွှတ်တော်**
**တရားသူကြီးချုပ်၊ တရားသူကြီးများနှင့်**
**တရားရေးအရာရှိများ**

### ဘုရား၊ ကျောင်း ဒါယကာ

### ဦးရှိန်ဝင်းမြင့်

### အသက် (၆၀)

ရန်ကုန်မြို့၊ ကျောက်ကုန်းလမ်းနေ (ဦးတင်မြင့်-ဒေါ်တင်ကြည်)တို့၏သားငယ်၊ (ဒေါ်ချိုချိုမြင့်)၊ ဦးဝင်းအောင်-ဒေါ်သီသီလွင်တို့၏ချစ်လှစွာသောမောင်၊ စက်မှု (၁) လမ်း၊ တိုက် ၃၈၈၊ အခန်း (၆)နေ ဒေါ်ယဉ်ယဉ်ဦး၏ခင်ပွန်း၊ မကြူကြူသင်းရှိန်၊ ကိုညီညီမောင်-မကြိုင်ကြိုင်သင်းရှိန်၊ မဆုမြင့်မြတ်ရှိန်တို့၏ချစ်လှစွာသောဖခင်ကြီး၊ မကြိုင်စန္ဒကူးမောင်၏ချစ်လှစွာသော ဘိုးဘိုးကြီး၊ ကိုဇော်တက်လူ၊ ကိုဝေဖြိုးအောင်၊ မအိမွန်သူတို့၏ဦးလေးသည် ၇-၇-၂၀၂၂ရက် နံနက် ၈:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၂၂ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

**ကျန်ရစ်သူမိသားစု**

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

### ဆရာတော် ဘဒ္ဒန္တဓမ္မသာမိ(မဟာနာယက)

### သက်တော် (၈၄)နှစ်၊ သိက္ခာတော်(၆၄)ဝါ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ရုံးကြီးလမ်း၊ ကျောင်းကြီးကျောင်းတိုက်၊ ကျောင်းသစ်ကျောင်းဆရာ တော် ဘဒ္ဒန္တဓမ္မသာမိသည် (၁၃၈၃ ခုနှစ် နယုန်လပြည့်ကျော် ၁၃ရက်) (ဗုဒ္ဓဟူးနေ့) နံနက် ၅:၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူ သွားပါသဖြင့် ထိန်ပင်သုသာန်သို့ ပို့ဆောင်တော်မူ၍ ၉-၇-၂၀၂၂ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိစျာပနကျင်းပမည်ဖြစ် ပါကြောင်း တပည့်ဒါယကာ/ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(ကျောင်းတိုက်မှ ကားများနံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။)

**တပည့်ဒါယကာ၊ ဒါယိကာမများ**

### သီလရှင်ဆရာကြီး ဒေါ်ဝဏ္ဏာသိဂီ

### သက်တော် (၉၀)၊ သိက္ခာတော် (၇၇)ဝါ၊

ဇေယျာသိဂီသီလရှင်ကျောင်းတိုက်(မြောက်ဥက္ကလာပ)၊ ကျောက်တန်းသီလရှင်ကျောင်းတိုက်(ဗဟန်း)၊ သာဝတ္ထိတောင်သုံးလုံးဇေတဝန် ဇေယျာသိဂီသီလရှင်ကျောင်းတိုက် (နေပြည်တော်)တို့၏ဦးစီးပဓာနနာယက ဆရာကြီး ပထမကျော်သာသနဓဇဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ရန်ကုန်တိုင်းဒေသကြီး သီလရှင်အမှုဆောင်အဖွဲ့ဝင် ဆရာကြီး ဒေါ်ဝဏ္ဏာသိဂီသည် (၁၃၈၃ ခုနှစ် နယုန်လပြည့်ကျော် ၁၂ရက်) ၆-၇-၂၀၂၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၅၀ နာရီတွင် ကွယ် လွန်အနိစ္စရောက်သွားပါသဖြင့် (နယုန်လပြည့်ကျော် ၁၄ရက်) ၈-၇-၂၀၂၂ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ မွန်းလွဲ ၁နာရီတွင် ဗဟန်း (၁)လမ်း၊ ကျောက်တန်းကျောင်းနှင့် မြောက်ဥက္ကလာပမြို့နယ်၊ ဇေယျာသိဂီကျောင်းတိုက်တို့မှ ကားများထွက်ခွာပါမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူတပည့်များ**

# အထူးကျေးဇူးတင်ရှိခြင်း

၁-၇-၂၀၂၂ရက်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့သော နာယကကြီး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ အကယ်ဒမီများရှင် ဦးညွန့်ဝင်း အသက် (၈၂)နှစ် နာမကျန်းစဉ်ကာလအတွင်း မေတ္တာစေတနာဖြင့် ဂရုစိုက်ကုသပေးခဲ့သော ဦးနှောက်အာရုံကြောဆရာဝန်ကြီး၊ အဆုတ်ရောဂါအထူးကုဆရာဝန်ကြီး၊ အထွေထွေရောဂါအထူးကုဆရာဝန်ကြီး၊ အာဟာရဆိုင်ရာဆရာဝန်ကြီး၊ မေ့ဆေးဆရာဝန်ကြီးနှင့် အာရှတော်ဝင်အထူးကုဆေးခန်းကြီးမှ တာဝန်ကျဆရာဝန်များ၊ သူနာပြုများ၊ တာဝန်ရှိသူများအားလည်းကောင်း၊ ဆွေမျိုးရင်းချာပမာဂရုစိုက်ကုသပေးပါသော မိသားစုအတိုင်ပင်ခံဆရာဝန်ကြီးအားလည်းကောင်း၊ နောက်ဆုံးခရီးတွင် အဘက်ဘက်မှ မေတ္တာ ဖြင့် ဝိုင်းဝန်းကူညီစောင့်ရှောက်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ဈာပနကိစ္စအဝဝကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသောမိတ်ဆွေများလည်းကောင်း၊ ကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ Phone message, Facebook များမှတစ်ဆင့်သော်လည်းကောင်း ဆက်သွယ်မေးမြန်းအားပေးစကားပြောပေးကြသော မိတ်ဆွေများအားလည်းကောင်း ကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

### ဦးဖြိုးဖြိုး

### (စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်)

### အသက်(၆၀)

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နေ ဦးအုန်းတင်၊ ဒေါ်အုန်းကြည်တို့၏သား၊ ခင်ဦးမြို့နယ်၊ မူးသာကျေးရွာနေ ဦးမောင်ကို၊ ဒေါ်ခင်ရှိန်တို့၏သားသမက်၊ မုံရွာမြို့၊ မြို့သစ်ရပ်၊ ဖွားဘက်တော်လမ်းနေ ဒေါ်မူမူဝင်း(လက်ထောက်ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန)၏ခင်ပွန်း၊ မဆန်းစသော်တာ၊ မချမ်းမြေ့သီတာ၊ မောင်တာရာလင်းသစ်တို့၏ ဖခင်သည် ၆-၇-၂၀၂၂ရက် ညနေ ၅:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၃၀နာရီတွင် မြို့မသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုး၊ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးဖြိုးဖြိုး

### စစ်ကိုင်းတိုင်းဒေသကြီး

### တရားလွှတ်တော်တရားသူကြီးချုပ်

### အသက် (၆၀)

စစ်ကိုင်းတိုင်းဒေသကြီး၊ တရားလွှတ်တော်တရားသူကြီးချုပ် ဦးဖြိုးဖြိုးသည် ၆-၇-၂၀၂၂ရက် ညနေ ၅:၅၀ နာရီတွင် မုံရွာမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားသူကြီးများ**
**ရှမ်းပြည်နယ်တရားရေးဦးစီးမှူး၊ ရှမ်းပြည်နယ်အတွင်းရှိ**
**တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် ရုံးဝန်ထမ်းများ**

### အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးဖြိုးဖြိုး

### စစ်ကိုင်းတိုင်းဒေသကြီး

### တရားလွှတ်တော်တရားသူကြီးချုပ်

### အသက် (၆၀)

စစ်ကိုင်းတိုင်းဒေသကြီး၊ တရားလွှတ်တော်တရားသူကြီးချုပ် ဦးဖြိုးဖြိုးသည် ၆-၇-၂၀၂၂ရက် ညနေပိုင်းတွင် မုံရွာမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊**
**ပြည်နယ်တရားရေးဦးစီးမှူး၊ ကယားပြည်နယ်အတွင်းရှိ**
**တရားသူကြီးများနှင့် ရုံးဝန်ထမ်းများ**

## COVID - 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၃၉၄၇ ဦး တွေ့ရှိ

**ထပ်မံသေဆုံးသူ ၅၇ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၃၅၇၀ ရှိ**

**(၇-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၆-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၄,၆၇၈)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃,၉၄၇) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၈၁၀,၈၉၅) ခု အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၁၇၅,၉၂၃) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၈၆၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၄၁,၂၅၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၅၇) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၅၇၀) ဦး ရှိပါသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ❄

**မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်အချို့အား နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ**

စာ ၁၁

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



အီတလီကစားသမား ချီယေဆာ စပိန်အသင်းဘက်သို့ ဂိုးသွင်းယူနေမှုကို တွေ့ရစဉ်။

## အီတလီအသင်း ပယ်နယ်တီအဆုံးအဖြတ်ဖြင့် စပိန်ကို အနိုင်ယူပြီး ယူရိုပြိုင်ပွဲ ဗိုလ်လုပွဲသို့ လေးကြိမ်မြောက် တက်ရောက်နိုင်ခဲ့

ယူရို ၂၀၂၀ ချန်ပီယံရှစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် အီတလီအသင်းနှင့် စပိန်အသင်းတို့ပွဲစဉ်ကို ဇူလိုင် ၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ သာမန်ပွဲချိန်အတွင်း တစ်ဖက်တစ်ဂိုးစီ သရေကျနေသောကြောင့် ပယ်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရသည်။ ပယ်နယ်တီအဆုံးအဖြတ်တွင် အီတလီအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ယူရိုပြိုင်ပွဲ ဗိုလ်လုပွဲသို့ အသင်းသမိုင်းတစ်လျှောက် လေးကြိမ်မြောက် တက်ရောက်နိုင်ခဲ့သည်။

နည်းပြ မန်စီနီ၏ အီတလီအသင်းသည် ယနေ့ပွဲစဉ်တွင် ပြီးခဲ့သည့်ပွဲစဉ်မှ အနိုင်ရရှိသည့် ကစားသမားစာရင်းကို တစ်ဦးသာ အပြောင်းအလဲပြုလုပ်ပြီး စပိန်အသင်းကို ရင်ဆိုင်လာခဲ့သည်။ နည်းပြအင်းနရစ်၏ စပိန်အသင်းက ပြီးခဲ့သည့်ပွဲစဉ်မှ ကစားသမားစာရင်းကို သုံးဦးအထိ အပြောင်းအလဲပြုလုပ်ပြီး အီတလီအသင်းကို ရင်ဆိုင်လာခဲ့သည်။ အီတလီအသင်းရော စပိန်အသင်းပါ ယခုပွဲစဉ်တွင် ရလဒ်ကောင်းရရှိပြီး ဗိုလ်လုပွဲ တက်ရောက်နိုင်ရေးအတွက် အတောင့်တင်းဆုံးကစားသမားများဖြင့် ပွဲထွက်လာခဲ့သည့်အတွက် ပွဲမှာအကြိတ်အနယ်ရှိခဲ့သည်။

*စာမျက်နှာ ၂၄ ကော်လံ ၁* ◆

## သပြေရေဒီယိုအစီအစဉ်အသစ်ကို မြန်မာနိုင်ငံအလယ်ပိုင်းနှင့် ရန်ကုန်မြို့အနီးတစ်ဝိုက်တွင် ဇူလိုင် ၁၁ ရက်မှ စတင်၍ ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တိုင်းကျိုးပြည်ပြု လုပ်ဆောင်ချက်များ အပါအဝင် သတင်းတု၊ သတင်းမှားများအပေါ် ပြန်လည်ဖြေကြားသည့် သတင်းမှန် ပြန်ကြားခြင်းကဏ္ဍ၊ သတင်းဆောင်းပါးအစီအစဉ်၊ ဆွေးနွေးခန်းများ အစရှိသည့် အစီအစဉ်များအပါအဝင် အစီအစဉ်ပေါင်းစုံလင်သည့် သပြေရေဒီယိုအစီအစဉ်အသစ်ကို ဇူလိုင် ၁၁ ရက်မှစတင်၍ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ယနေ့ သတင်းအညွှန်း

ချောင်းမငယ်၏ အနာဂတ်
ဆောင်းပါး - စာ ၈

ကိုဗစ်ကပ်
ဆောင်းပါး - စာ ၁၀

ကူးစက်မြန် ဒယ်လ်တာကိုဗစ်-၁၉ မျိုးစိတ်သစ်ကို ရင်ဆိုင်ကျော်လွှားဖို့ အကောင်းဆုံး ကြိုးစားနေတဲ့ ထိုင်းနိုင်ငံ
နိုင်ငံတကာရေးရာ - စာ ၁၄